# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၀၂)

## ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာမှာ နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ အောင်မြင်မည်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှစ် ၇၀ ပြည့် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)**

**ချစ်ကြည်လေးစားအပ်ပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား-**

ယနေ့ ဇန်နဝါရီလ ၁၀ ရက်နေ့မှာ ကျရောက်တဲ့ နှစ် ၇၀ ပြည့် ကချင်ပြည်နယ်နေ့ဖြစ်တဲ့ ဒီနေ့ထူးနေ့မြတ်အခါသမယသည် ကချင်တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ ကချင်ပြည်နယ်နေ့ဖြစ်ပါတယ်။ ဒီနေ့ထူးနေ့မြတ်မှာ ကချင်တိုင်းရင်းသားများနဲ့တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှာ ကချင်ပြည်နယ်ကောင်စီညီလာခံရဲ့ ပထမဆုံး အစည်းအဝေး ကျင်းပခဲ့ပြီး ကချင်ပြည်နယ်ကောင်စီအစည်းအဝေးက ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ခြင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဇန်နဝါရီလ ၁၀ ရက်နေ့ကို "**ကချင်ပြည်နယ်နေ့**"အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ်ကျင်းပခဲ့တာ ဒီနေ့မှာဆိုရင် နှစ် ၇၀ ပြည့် မြောက်ခဲ့ပြီဖြစ်ပါတယ်။

*စာမျက်နှာ ၆ ကော်လံ ၁* ✻



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

## ရငွေကို တာဝန်ယူကောက်ခံသည့်ဌာန၊ အဖွဲ့အစည်းများ လျာထားချက်အတိုင်းရရှိအောင် အားထုတ်ကြိုးပမ်း

## အမှန်သုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ ဘဏ္ဍာငွေ အလေအလွင့်မရှိစေဘဲ ကျစ်ကျစ်လျစ်လျစ်သုံးစွဲ

**နေပြည်တော် ဇန်နဝါရီ ၉**

ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက် လမ်းညွှန်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့ပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၂၁ တွင် "ပြည်ထောင်စုအစိုးရ သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏ နှစ်စဉ် အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက် ရယူရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻



မြန်မာ့အလင်း

# ကြိုဆိုဂုဏ်ပြုရမည့် မြေဆီလွှာဓာတ်ခွဲခန်း

မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် အမှီပြုရသော ကျေးလက်ပြည်သူများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်မျှအရေးကြီးသည်မှာ အထူးတလည်ရှင်းပြရန်မလိုအပ်သော ကိစ္စဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌လည်း မြေအနေအထားအပေါ် မူတည်၍ သင့်လျော်သော သီးနှံပင်ရွေးချယ်ရေးသည် အရေးကြီးသကဲ့သို့ သီးနှံအမျိုးအစား ရွေးချယ်ပြီးပါက မြေအနေအထား အနုစိတ်အနေအထားအပေါ် မူတည်၍ လိုအပ်သော အာဟာရဓာတ်နှင့် သုံးစွဲသင့်သည့် ဓာတ်မြေသြဇာပမာဏ ဆုံးဖြတ်ရေးသည်လည်း အရေးကြီးပါသည်။ ဤအရေးကြီးသော လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြေဆီလွှာ၏ အနုစိတ် အနေအထားကို ဓာတ်ခွဲခန်း၌ စမ်းသပ်စစ်ဆေးရန် လိုအပ်ပါသည်။

သို့သော် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် တိုင်းပြည်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတို့၌ လိုအပ်သော ဓာတ်ခွဲခန်းတို့ကို အပြည့်အဝထားရှိနိုင်စွမ်းမရှိပါ။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ တချို့သောဒေသတို့တွင် မြေဆီလွှာကို ဓာတ်ခွဲစမ်းသပ်လိုပါက ရန်ကုန်မြို့အထိပို့၍ ဓာတ်ခွဲစမ်းသပ်ရပါသည်။ ဤကဲ့သို့သော ဒေသတို့၌ မကွေးတိုင်းဒေသကြီးလည်း ပါဝင်နေပါသည်။ သို့သော်လည်း ယခုအခါ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မြေဆီလွှာဓာတ်ခွဲခန်း ဖွင့်လှစ်ထားရှိနိုင်ပြီ ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြေဆီလွှာစမ်းသပ်စစ်ဆေးလိုသော တောင်သူဦးကြီးတို့အနေဖြင့် စိုက်ပျိုးရေးဝန်ထမ်းများ ညွှန်ကြားပြသသည့်အတိုင်း မြေတစ်ကေလျှင် အနည်းဆုံးသုံးနေရာတူး၍ ဓာတ်ခွဲခန်းသို့ ပေးပို့ရမည် ဖြစ်ပါသည်။ လက်ရှိအခြေအနေ၌ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနသည် မြေဆီလွှာစမ်းသပ် စစ်ဆေးမှုတို့ကို အခမဲ့ပြုလုပ်ပေးလျက်ရှိသော်လည်း နောင်တစ်ချိန်၌ ဓာတ်ခွဲခန်း ရေရှည်လည်ပတ်နိုင်ရေးကို ဦးတည်လျက် သင့်တင့်လျောက်ပတ်သော ဓာတ်ခွဲခန်းနှုန်းထားတစ်ခုကို သတ်မှတ်ရယူသွားမည် ဖြစ်ပါသည်။

ယခင်က မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူဦးကြီးတို့သည် မြေဆီလွှာ စမ်းသပ် စစ်ဆေးလိုပါက ရန်ကုန်မြို့အထိ ပေးပို့စမ်းသပ်စစ်ဆေးရ၍ မလိုလားအပ်သော အချိန်ကြန့်ကြာမှုတို့ကို ကြုံတွေ့ခဲ့ရပါသည်။ ယခုအခါ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်း၌ပင် စမ်းသပ်စစ်ဆေးနိုင်ပြီဖြစ်၍ မြေဆီလွှာပြုပြင်ထိန်းသိမ်းရေးကို လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ ဤဓာတ်ခွဲခန်း ဖွင့်လှစ်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်က ငွေကျပ်သိန်း ၇၅၀ ခန့် ရင်းနှီးမြှုပ်နှံခဲ့ရပြီး ဘွဲ့ရကျွမ်းကျင်ဝန်ထမ်းများဖြင့် လည်ပတ်လုပ်ကိုင်နေခြင်းဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး၏ မြေဆီလွှာဓာတ်ခွဲခန်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ ဓာတ်ခွဲခန်းစံချိန်အတိုင်း တည်ဆောက်လည်ပတ်လုပ်ကိုင်နေခြင်းဖြစ်၍ တောင်သူဦးကြီးတို့အတွက် ပြည့်စုံတိကျသော မြေဆီလွှာဓာတ်ခွဲခန်းရလဒ်တို့ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မြေဆီလွှာဓာတ်ခွဲခန်းဖွင့်လှစ်လည်ပတ်ခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၁၀-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **ကလေးစာပေပွဲတော်အစီအစဉ်** (ရန်ကုန်)
၉း၁၀ - ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နိုင်ငံတကာအဆင့်ပြိုင်ပွဲ များတွင် ဆုရရှိခဲ့ကြသော ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခန်း

**ညပိုင်း**

၁၆း၃၅ - **တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း၊ ဓာတ်ခွဲခြင်းဆိုင်ရာ သိကောင်းစရာအဖြာဖြာ**
၁၇း၀၅ - **တိုင်းရင်းသားတို့ လူမှုဝန်းကျင်မျိုးစုံလင်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်** (နေပြည်တော်) (ကချင်)
၁၇း၃၅ - MRTV Travelogue
၁၈း၂၀ - **ပြည်သူ့လွှတ်တော်ဆဋ္ဌမ ပုံမှန်အစည်းအဝေးမှတ်တမ်း**
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ပန်းနှစ်ပွင့်စီးချင်း** (အပိုင်း-၄)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **၂၀၁၆-၂၀၁၇ ပညာသင်နှစ်နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခန်း**
- ဂီတသမား၊ ဂီတစကား **ဝိစိ တြနှင့်မိဘမေတ္တာတေးသီချင်း (၂)ပုဒ်** (ဂီတစာဆို - ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်**(အပိုင်း-၂၇)

# သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှန်ဟိုင်းမြို့ ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ၊ Jing An ဘုရားကျောင်း ဆရာတော်ကြီး HUI MING ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ကျောက်ထုမြို့ဒေသ သမိုင်းဝင် ယောမြောင်းကြီးပြုပြင်လျက်ရှိ

**ကျောက်ထု ဇန်နဝါရီ ၉**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသရှိ ယောမြောင်းကြီးမှရေကို ချောင်းမှ တစ်ဆင့် လယ်မြေကေ ၉၀၀ ခန့်အတွက် ရေသွယ်ယူထားသည်။ အဆိုပါ မြောင်းမှာ အလျား ရှစ်မိုင်ကျော်ရှိပြီး ကျေးရွာအုပ်စုရှစ်အုပ်စုရှိ လယ်မြေများအတွက် အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။

ယောမြောင်းကြီးမှာ ရှေးမြန်မာမင်းများ လက်ထက်က ဖောက်လုပ်ခဲ့ကာ ယောမြောင်းကြီးဖြင့် ရေသွယ်စိုက်ပျိုးနိုင်ခဲ့သဖြင့်ယောဒေသလယ်မြေ စိုက်ပျိုးရေးကို ခေတ်မီစေခဲ့သည်ဟု ဆိုသည်။

အဆိုပါ ယောမြောင်းကြီးကို ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့ရာ ယခုအခါတွင်လည်း ရေတိုက်စားသဖြင့် ပျက်စီးသွားသည့် နေရာများအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံ ငွေကျပ်သိန်း ၁၀၀ ဖြင့် အလျား ၂၄၅ ပေ၊ အနံသုံးပေ၊ အမြင့်ခုနစ်ပေရှိ မြောင်းနေရာ တွင် ကျောက်ရိုးစီခြင်းကို လည်းကောင်း၊ အလျားပေ ၅၀၀၊ အနံ ၁၂ ပေ၊ ဒုလေးပေ နေရာ ကြမ်းခင်းကျောက်စီခြင်းကိုလည်းကောင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်တို့ ကွင်းဆင်းကြည့်ရှုကြရာ ဆည်မြောင်းဦးစီးဌာနမှူး ဦးစိုးမင်း၊ မြောင်းကော်မတီဥက္ကဋ္ဌ ဦးတင်အောင်တို့ကလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်း တင်ပြမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့က လိုအပ်သည်များ ဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

*ထင်သာမြင်သာ ပြုပြင်စရာ*

# သထုံမြို့နယ်အတွင်း ကားလမ်းမပေါ်ရောက်နေသော ဓာတ်တိုင်များ ပြောင်းရွှေ့ပေးစေလို



မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့သိမ်ဆိပ်ရပ်ကွက်အဝင် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးကို လေးလမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့လိုက်၍ ဓာတ်တိုင်သုံးတိုင်မှာ ကတ္တရာလမ်းမပေါ်ရောက်ရှိနေကြောင်း၊ သတိပေးရောင်ပြန် စတစ်ကာများ တပ်ထားသော်လည်း အဆိုပါ ဓာတ်တိုင်တစ်တိုင်တည်းအား ဆိုင်ကယ်များဝင်တိုက်မှုကြောင့် လူသုံးဦးသေဆုံးခဲ့ရပြီဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇွန် ၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော်လည်း ပြုပြင်ပြောင်း ရွှေ့မှုမရှိသေးကြောင်း၊ ညအချိန်အရှိန်ဖြင့်သွားလာသည့်ယာဉ်များ သတိထားမောင်းနှင်သူများ ရှောင်ကွင်းနိုင်သော်လည်း သတိမမူမိသူများ အန္တရာယ်ကိုဖိတ်ခေါ်နေသကဲ့သို့ရှိ၍ အဆိုပါ ဓာတ်တိုင်အား သင့်ရာနေရာသို့ ပြောင်းရွှေ့ပေးစေလိုကြောင်း လမ်းအသုံးပြုသူများနှင့် ရပ်ကွက်နေပြည်သူများက လိုလားလျက်ရှိသည်။

သထုံမြို့နယ်အတွင်း၌ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် လမ်းမြေများ တိုးချဲ့ဆောင်ရွက်ရာတွင် လမ်းမပေါ်မှ မလွတ်ကင်းသည့် ဓာတ်တိုင်အချို့ကို ဘီးလင်းမြို့နှင့် သထုံမြို့အကြားတွင် တွေ့မြင်နေရသဖြင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ကင်းဝေးစေရန် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်နေကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၉-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၉၅/၈၁၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၀/၈၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၅/၈၈၃၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၀ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၂၁ . ၆ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၃ |
| တရုတ် | တစ်ယွမ် | ၂၀၈ . ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၈ . ၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အခွန်အကောက်ရငွေနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ရငွေတို့ကို တိုးမြှင့်ရရှိစေရန်နှင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကို အားပေးမြှင့်တင်နိုင်စေမည့် အသုံးစရိတ်များ ဦးစားပေးသုံးစွဲ



ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်။ သတင်းစဉ်

- ❒ ယနေ့ပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်
- ❒ မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးနှစ်ကို ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ သတ်မှတ်ခဲ့ရာမှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီး အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲ ပြင်ဆင်သတ်မှတ်မည်ဖြစ်သည့်အတွက် ကူးပြောင်းချိန်ကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ခြောက်လတာ ကာလအတွက် ဌာန၊ အဖွဲ့အစည်းများ၏ အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်းကို ယခုလို သီးခြားရေးဆွဲဆောင်ရွက်ရခြင်းဖြစ်

❋ ရွှေဖုံးမှ

ယင်းပြဋ္ဌာန်းချက်နှင့်အညီ ဘဏ္ဍာရေးကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် "၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေကြမ်း"ကို ထောက်ခံတင်ပြပေးရန် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးနှစ်ကို ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ သတ်မှတ်ခဲ့ရာမှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီး အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်မည်ဖြစ်သည့်အတွက် ကူးပြောင်းချိန်ကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ခြောက်လတာ ကာလအတွက် ဌာန၊ အဖွဲ့အစည်းများ၏ အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်းကို ယခုလို သီးခြားရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

**အသုံးစရိတ်များအပေါ် အခြေခံစိစစ်**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘတ်ဂျက်သည် ခြောက်လတာကာလအတွက်သာ ဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများကို ပုံမှန်ဘတ်ဂျက်ကဲ့သို့ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) အရ အသုံးစရိတ်ဘောင်များ သတ်မှတ်ပေးခြင်း မရှိဘဲ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကို ခြောက်လတာကာလအတွက် ရရှိမည့် ရငွေများ၊ သုံးစွဲမည့် အသုံးစရိတ်များကို ခန့်မှန်းရေးဆွဲပြီး တင်ပြစေခဲ့ပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများကလည်း ခြောက်လအတွင်းတွင် ရှာဖွေနိုင်မည့် ရငွေ၊ သုံးစွဲနိုင်မည့် အသုံးစရိတ်တို့ကို တင်ပြခဲ့ကြပြီး အဆင့်ဆင့်စိစစ်ရာတွင်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လတာကာလအတွင်း အမှန်ရရှိခဲ့သည့် ရငွေများ၊ အမှန်သုံးစွဲခဲ့သည့် အသုံးစရိတ်များအပေါ် အခြေခံပြီး စိစစ်ခဲ့ခြင်းဖြစ်ပါကြောင်း။

အသုံးစရိတ်များ တင်ပြတောင်းခံမှုနှင့်ပတ်သက်ပြီး သာမန်အသုံးစရိတ်အပိုင်းတွင် ဝန်ထမ်းသစ် ခန့်ထားခြင်းများကို လာမည့်နှစ်၏ ခြောက်လတာကာလအတွင်း အမှန်တကယ် ခန့်ထားနိုင်မည့် ကာလအပိုင်းအခြားအတွက်သာ တင်ပြတောင်းခံရမည် ဖြစ်ပါကြောင်း၊ စက်ကိရိယာ၊ မော်တော်ယာဉ်နှင့် အဆောက်အအုံ ပြင်ဆင်ခြင်းများကိုလည်း ခြောက်လတာကာလအတွင်း ပြီးစီးနိုင်သည့် ကိစ္စများအတွက်သာ တောင်းခံရမည်ဖြစ်ပါကြောင်း။

**နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချ**

ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများ၊ ခြောက်လတာကာလအတွင်း ပြီးစီးနိုင်မည့် လုပ်ငန်းများကိုသာ တောင်းခံကြရမည်ဖြစ်ပြီး ခြောက်လတာကာလ ဘတ်ဂျက်အတွင်း ရှေ့ပိုင်း နှစ်လသာ နွေရာသီဖြစ်ပြီး ကျန်လေးလသည် မိုးရာသီဖြစ်သည့်အတွက် လုပ်ငန်းသဘာဝအရ လုပ်ငန်းသစ်များ ဆောင်ရွက်ရန်အတွက် ကာလအပိုင်းအခြားအားဖြင့် အချိန်လုံလောက်မှု မရှိနိုင်ခြင်းကြောင့် တတ်နိုင်သမျှ လုပ်ငန်းသစ်များကို တင်ပြတောင်းခံခြင်း မပြုကြရန်ဖြစ်ပါကြောင်း၊ စက်ပစ္စည်းဝယ်ယူမှုတွင်လည်း ခြောက်လတာကာလအတွင်း ဝယ်ယူနိုင်မည့် ပစ္စည်းများအတွက်သာ တင်ပြတောင်းခံရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်း ကျပ်ငွေနှင့် ဝယ်ယူနိုင်သည့်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူပြီး နိုင်ငံခြားသုံးငွေ သုံးစွဲမှုကိုလည်း တတ်နိုင်သမျှ လျှော့ချရန် လိုအပ်ပါကြောင်း။

**ပွင့်လင်းမြင်သာစွာဆောင်ရွက်**

ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်များကို လိုငွေဖြည့်ဆည်းပေးရာတွင်လည်း ခြောက်လတာကာလ ဘတ်ဂျက်ဖြစ်သည့်အတွက် မေခရိုစီးပွားရေးညွှန်းကိန်းများကို အသုံးပြုပြီး တွက်ချက်ခြင်းမပြုဘဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များကို ထောက်ပံ့ပေးခဲ့သည့် ပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ထောက်ပံ့ငွေအဖြစ် သတ်မှတ်ပေးမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်များကို ဖြည့်ဆည်းပေးသည့် ထောက်ပံ့ငွေများကို ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းများကို ဦးစားပေး အစီအစဉ် ချမှတ်ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးတို့တွင် လိုက်နာရမည့် ညွှန်ကြားချက်၊ တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

ခြောက်လတာကာလ ဘတ်ဂျက်မှာ အကောင်အထည်ဖော် ဆောင်ရွက်ချိန် တိုတောင်းသည့်အတွက် ရငွေအပေါ် မူတည်ပြီး အသုံးစရိတ်များကို သုံးစွဲရမည် ဖြစ်ပါကြောင်း၊ ရငွေများကို တာဝန်ယူကောက်ခံသည့်ဌာန၊ အဖွဲ့အစည်းများ အနေဖြင့် ရငွေလျာထားချက်အတိုင်း ရရှိအောင် အားထုတ်ကြိုးပမ်းရမည်ဖြစ်ပြီး ဌာန၊ အဖွဲ့အစည်းများ အားလုံးကလည်း ခြောက်လတာကာလအတွင်း အမှန်သုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ ဘဏ္ဍာငွေ အလေအလွင့်မရှိစေဘဲ ကျစ်ကျစ်လျစ်လျစ် သုံးစွဲရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လိုငွေနှင့် ဂျီဒီပီအချိုးကို ထိန်းသိမ်းနိုင် မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်နေသကဲ့သို့ အစိုးရကဏ္ဍကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေး မူဝါဒများချမှတ်ပြီး အခွန်အကောက်ရငွေ နှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ရငွေတို့ကို တိုးမြှင့်ရရှိလာစေရန်နှင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကို အားပေးမြှင့်တင်နိုင်စေမည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အကျိုးရှိထိရောက်အောင်ဆောင်ရွက်**

ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေ သုံးစွဲမှုများနှင့်ပတ်သက်ပြီး နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိထိရောက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်ပ အကူအညီ ရငွေများ၊ ပြည်ပ ချေးယူရငွေများသည် အရ၊ အသုံး နှစ်ဖက်စလုံး လျာထားဆောင်ရွက်ရသည့်အတွက် ခြောက်လတာ ကာလအတွင်း အမှန်တကယ် ရရှိသုံးစွဲနိုင်မည့် ပြည်ပအကူအညီ ရငွေများ၊ ပြည်ပချေးယူရငွေများကိုသာ လျာထားကြရန်လိုပါကြောင်း၊ အမှန်တကယ် မသုံးစွဲနိုင်ဘဲ ပြည်ပအကူအညီနှင့် ပြည်ပချေးငွေများကို လျာထားမိမည်ဆိုပါက အသုံးစရိတ်ပိုင်းတွင် ပိုလျှံငွေများ ဖြစ်ပေါ်စေပြီး ပိုလျှံငွေ ပြန်လည်အပ်နှံရသည့် ကိစ္စရပ်များနှင့် ကြုံတွေ့ရမည် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ အရ အသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးပြီး အတည်ပြုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**တိုင်းဒေသကြီး၊ ပြည်နယ်များမှ တင်ပြ**

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်ထောင်စုမှ ထောက်ပံ့မည့် ငွေမှာကျပ် ၈၅၃ ဒသမ ၇၉၀ ဘီလီယံဖြစ်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရေးဆွဲတင်ပြလာသည့် အရ အသုံးခန့်မှန်းခြေ ငွေစာရင်းမှာ စုစုပေါင်းရငွေ ကျပ် ၃၇၆ ဒသမ ၇၄၃၁ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၂၃၀ ဒသမ ၅၃၃ ဘီလီယံနှင့် လိုငွေ ကျပ် ၈၅၃ ဒသမ ၇၉၀ ဘီလီယံဖြစ်ပါကြောင်း။

**အသုံးစရိတ်များလျှော့ချ**

ခြောက်လအတွင်း အမှန်တကယ် ကုန်ကျနိုင်မည့် လစာနှင့်စရိတ် ချီးမြှင့်ငွေများ၊ ခရီးသွားလာစရိတ်များ၊ စက်သုံးဆီဝယ်ယူမှုများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်စသည့် သာမန်အသုံးစရိတ်များ၊ ခြောက်လအတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ပြီးစီးအောင် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်း၊ စက်ပစ္စည်းဝယ်ယူသည့် ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် အရင်းပေးဆပ်ရန် အချိန်စေ့ရောက်သည့် ကြွေးမြီအသုံးစရိတ်များကို ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုနည်းတူ တည်ဆောက်ရေး လုပ်ငန်းသစ်များ၊ ယင်းနှင့်ဆက်စပ်သည့် ပရိဘောဂ ဝယ်ယူခြင်းနှင့် မော်တော်ယာဉ်အသစ် ဝယ်ယူခြင်းစသည့် အသုံးစရိတ်များကို စိစစ်လျှော့ချခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ငွေလုံးငွေရင်း အသုံးစရိတ်များမှ စိစစ်လျှော့ချမှု ပမာဏမှာ ကျပ် ၃၄ ဒသမ ၇၁၃ ဘီလီယံဖြစ်ပါကြောင်း။

စိစစ်လျှော့ချပြီးနောက် ဖြစ်ပေါ်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ်များ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းအချုပ်မှာ စုစုပေါင်းရငွေ ကျပ် ၃၇၆ ဒသမ ၇၄၃ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၁၉၅ ဒသမ ၈၂၀ ဘီလီယံနှင့် လိုငွေ ကျပ် ၈၁၉ ဒသမ ၀၇၇ ဘီလီယံဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးသုံးသပ်**

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြည်ထောင်စု၏ အရ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် ယင်းကို အခြေပြု၍ ရေးဆွဲထားသော ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးသုံးသပ် အတည်ပြုပေးနိုင်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ကောက်ခံရရှိမှု၊ ရငွေ၊ သုံးငွေနှင့် ဘဏ္ဍာငွေ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**အဆများစွာသာလွန်**

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲသတ်မှတ်ဆောင်ရွက်သည့်အတွက် ရရှိလာမည့် အကျိုးကျေးဇူးများသည် ပြောင်းလဲလုပ်ဆောင်ရန် သုံးစွဲရမည့် ကုန်ကျစရိတ်များထက် အဆများစွာ သာလွန်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုဆောင်ကြဉ်းပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်းရန်လို**

အသုံးစရိတ်များ တောင်းခံရာတွင် ပြည်ထောင်စုတွင် တောင်းခံသည့် အသုံးစရိတ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တောင်းခံသည့် အသုံးစရိတ်များ ထပ်မနေစေရန် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

**စီမံကိန်းများရေးဆွဲ**

ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် နိုင်ငံတော်အတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ခုတို့နှင့် ညီညွတ်သည့် စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**အကျိုးရလဒ်များရရှိအောင်ဆောင်ရွက်**

ပြည်ပအကူအညီ အထောက်အပံ့များ၊ ပြည်ပချေးငွေများနှင့် ရယူဆောင်ရွက်ရသည့်နေရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့် အညီဆောင်ရွက်ကြပြီး ပြည်ပချေးငွေများသည် မလွဲမသွေ ပြန်လည်ပေးဆပ်ရမည့် ငွေများဖြစ်သည့်အတွက် သုံးစွဲရာတွင် နိုင်ငံတော်အတွက် ထိရောက်သည့် အကျိုးရလဒ်များရရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**ရငွေများ တိုးတက်ရှာဖွေ**

ပြည်သူအတွက် အစိုးရက သုံးစွဲသင့်သည့်အသုံးစရိတ်များကို သုံးစွဲရမည်ဖြစ်ပြီး ရငွေများကိုလည်း တိုးတက်ရှာဖွေကြရမည်ဖြစ်ပါကြောင်း၊ ရငွေကို တိုးစေသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးပွားလုပ်ဆောင်နိုင်ရေး၊ အခွန်အကောက်ရငွေများ တိုးတက်ရရှိရေးနှင့် သက်ဆိုင်ရာ ဌာနများက မိမိတို့ တာဝန်ယူကောက်ခံရမည့် အခြားရငွေများ တိုးတက် ရရှိရေးတို့အတွက် စီမံကြိုးကြပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အလားတူ ပြည်သူအတွက် သုံးစွဲရမည့် ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များ အပါအဝင် လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြေခံအဆောက်အအုံ စသည်တို့တွင်လည်း သုံးစွဲရမည်ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ်ကြပ်မတ်**

ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆောက်ရေး၊ ဝယ်ယူရေးလုပ်ငန်းများကို တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှု စည်းမျဉ်းနှင့်အညီ သုံးစွဲကြရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ အချိန်မရွေး စာရင်းစစ်ဆေးခံနိုင်ရန်တို့ကို စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။ **သတင်းစဉ်**



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ။ သတင်းစဉ်





အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၈) အစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးဌာနတွေရဲ့ ကဏ္ဍအလိုက် ရည်မှန်းချက်တွေ ရေးဆွဲရာမှာ တိုင်းဒေသကြီး၊ ပြည်နယ်တွေ ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့၊ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေမယ့် စီးပွားရေးစနစ်တစ်ရပ် ထူထောင်နိုင်ဖို့ အလေးထားဆောင်ရွက်

## အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၈) အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၉

**အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၈) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ စီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အတည်ပြုချက်ရယူ

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးထင်ကျော်က “ယခုကျင်းပတဲ့ အစည်းအဝေးဟာ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာကာလအတွက် အမျိုးသားစီမံကိန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ချပြညှိနှိုင်းပြီး အတည်ပြုချက်ရယူဖို့ ကျင်းပတဲ့ အစည်းအဝေးဖြစ်ပါတယ်။

“၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကစပြီး မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနှစ်ကာလကို အောက်တိုဘာ ၁ ရက်နေ့ကနေ စက်တင်ဘာ ၃၀ ရက်နေ့အထိ သတ်မှတ်ပြောင်းလဲကျင့်သုံးမှာဖြစ်ပါတယ်။ ပြောင်းလဲကျင့်သုံးမယ့် ဘဏ္ဍာရေးနှစ်ကာလနဲ့အညီ နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းနဲ့ ဒေသန္တရစီမံကိန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကစပြီး စီမံကိန်းကာလကို အောက်တိုဘာ ၁ ရက်နေ့ကနေ စက်တင်ဘာ ၃၀ ရက်နေ့အထိ သတ်မှတ်ပြောင်းလဲရေးဆွဲရမှာဖြစ်ပါတယ်။

“ဘဏ္ဍာရေးနှစ်ပြောင်းလဲသတ်မှတ်ရာမှာ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နဲ့ ပြောင်းလဲကျင့်သုံးမယ့် ဘဏ္ဍာရေးနှစ်သစ်တို့အကြား ကြားကာလဖြစ်တဲ့ ၂၀၁၈ ခုနှစ်၊ ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာကာလကို “ဘဏ္ဍာရေးနှစ်ပြောင်းလဲရေးကာလ”အဖြစ် သတ်မှတ်ပြီး ပေါင်းကူးဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်တွေကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီခြောက်လတာကာလအတွင်း ဆောင်ရွက်မယ့် မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေနဲ့ ဦးစားပေးအစီအစဉ်တွေ ကိုလည်း ခြောက်လတာ အမျိုးသားစီမံကိန်းဥပဒေကြမ်းအဖြစ် ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

### အထိရောက်ဆုံးဖြစ်အောင် ပေါင်းစပ်ရေးဆွဲ

“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွေရေးဆွဲ ရာမှာ ပြည်သူတွေအတွက် လတ်တလော လိုအပ်ချက်နဲ့ တိုင်းပြည်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development)ကို ခွဲခြားရှုမြင်ပြီး ခြောက်လတာ အမျိုးသားစီမံကိန်းရေးဆွဲတဲ့အခါ ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလော ဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေကို နိုင်ငံတော်ကနေ ခွင့်ပြုနိုင်မယ့် ဘတ်ဂျက်ပမာဏအတွင်းမှာပဲ အထိရောက်ဆုံးဖြစ်အောင် ပေါင်းစပ်ရေးဆွဲကြဖို့ လိုအပ်ပါတယ်။

“ဒါ့အပြင် ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအနေနဲ့လည်း စီမံကိန်းရည်မှန်းချက်တွေကို ရေးဆွဲအဆိုပြုရာမှာ ကုလသမဂ္ဂထောင်စုနှစ် အလွန်ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုပန်းတိုင်တွေ၊ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒတွေ၊ ကာလရှည်နဲ့ ကာလတို ရည်မှန်းချက်တွေအပေါ်မှာ အခြေခံပြီး မိမိတို့ရဲ့မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေနဲ့အညီ ဦးစားပေးအစီအစဉ်တွေကိုလည်း ချိန်ညှိရေးဆွဲကြဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် စီးပွားရေးကဏ္ဍအလိုက်မှာ တာဝန်ခံပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသတာဝန်ခံ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ရည်မှန်းချက်တွေနဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒတွေနဲ့လည်း ပေါင်းစပ်ရေးဆွဲဆောင်ရွက်ရမှာဖြစ်ပါတယ်။

“ပြည်ထောင်စုဝန်ကြီးဌာနတွေရဲ့ ကဏ္ဍအလိုက်ရည်မှန်းချက်တွေ ရေးဆွဲရာမှာ တိုင်းဒေသကြီး၊ ပြည်နယ်တွေ ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ မျိုးဆက်သစ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့၊ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးစေမယ့် စီးပွားရေးစနစ်တစ်ရပ် ထူထောင်နိုင်ဖို့ အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ် ဒေသန္တရစီမံကိန်းတွေ ရေးဆွဲခြင်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုလည်း နိုင်ငံတော်ရဲ့မူဝါဒနဲ့ လုပ်ငန်းစဉ်တွေအတိုင်း လိုက်ပါဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေအနေနဲ့ မိမိတို့ရဲ့ တိုင်းဒေသကြီး၊ ပြည်နယ် ဒေသန္တရစီမံကိန်းတွေကို ရေးဆွဲရာမှာ ပြည်ထောင်စုကချမှတ်ထားတဲ့ မူဝါဒတွေနဲ့ လိုက်လျောညီထွေရှိမယ့် ဒေသန္တရစီမံကိန်းတွေဖြစ်အောင် အလေးထားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

### ဦးစားပေးလုပ်ငန်းစီမံကိန်း

“နိုင်ငံတော်ရဲ့မူဝါဒတွေဟာ ပိုမိုပြည့်စုံတဲ့ စဉ်ဆက်မပြတ်ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အခြေခံတဲ့ မူဝါဒတွေဖြစ်စေဖို့အတွက် လိုအပ်တဲ့ ဗျူဟာတွေနဲ့ Actions Plan တွေ ရေးဆွဲလျက်ရှိပြီး အဲဒီဗျူဟာတွေနဲ့အညီ ဦးစားပေးလုပ်ငန်းစီမံကိန်းတွေကို ချမှတ်အကောင်အထည်ဖော်သွားဖို့ လိုအပ်ပါတယ်။

“၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာကာလဟာ မိုးရာသီဖြစ်တဲ့အတွက် လယ်ယာကဏ္ဍမှာ မိုးသီးနှံများစိုက်ပျိုးချိန်ဖြစ်ပါတယ်။ ဒါကြောင့် စက်မှုကဏ္ဍမှာလည်း လယ်ယာထွက်ပစ္စည်း ကြိတ်ခွဲမှုမ်းမံမှုနည်းပါးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆောက်လုပ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ဖို့ အကန့်အသတ်တွေလည်း ဖြစ်ပေါ်နိုင်ပါတယ်။

“ဒါပေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေစီးဝင်ခြင်း၊ ငွေကြေးအရင်းအနှီးလိုအပ်နေတဲ့ စီးပွားရေးအခြေခံလုပ်ငန်းတွေကို နှစ်လတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ညှိနှိုင်းပေါင်းစပ်ခြင်းတွေကို ဆောင်ရွက်ပေးနေတာဖြစ်လို့ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်မယ့် အလားအလာတွေရှိမယ်လို့ မျှော်မှန်းထားပါတယ်။

“ဒါ့အပြင် နိုင်ငံတစ်ဝန်းလုံးမှာ လမ်းကွန်ရက်တွေ ကောင်းမွန်လာတာကြောင့် ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွေ၊ ဘဏ္ဍာရေးဝန်ဆောင်မှုနဲ့ ငွေကြေးဝန်ဆောင်မှုတွေ ပိုမိုတိုးတက်ဖြစ်ထွန်း ကောင်းမွန်လာမယ်လို့ မျှော်မှန်းထားတာကြောင့် လာမယ့်ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလဖြစ်တဲ့ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လအတွက် အမျိုးသားစီမံကိန်းမှာ နိုင်ငံရဲ့ GDP ကို ၇ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်မယ်လို့ မျှော်မှန်းထားတာတွေရှိရပါတယ်။

“မိမိတို့အနေနဲ့ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ပြန်လည်သုံးသပ်ကြည့်ရာမှာ ဘဏ္ဍာရေးနှစ်ကုန်မှာ စီမံကိန်း ရည်မှန်းချက်တွေ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

### ကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုကောင်းမွန်လာ

“လက်ရှိနိုင်ငံရဲ့စီးပွားရေးဟာ အရှိန်အဟုန်နဲ့ မတိုးတက်သော်လည်း စိုက်ပျိုးချိန်နဲ့ ရိတ်သိမ်းချိန်များမှာ ရာသီဥတုကောင်းမွန်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းနဲ့ အတူ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေရဲ့ထုတ်လုပ်မှုတွေ၊ ပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေ၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးနဲ့ အခြားဝန်ဆောင်မှုတွေနဲ့ ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုကောင်းမွန်လာခြင်း စတဲ့ အချက်တွေအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရဲ့စီးပွားရေးတိုးတက်မှုနှုန်းကို ၆ ဒသမ ၈ ရာခိုင်နှုန်း ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

“စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်ရာမှာ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ နိုင်ငံတော်ရဲ့ဦးစားပေးအစီအစဉ်တွေနဲ့ ကဏ္ဍအလိုက် တိုးတက်ရေး ဦးစားပေးအစီအစဉ်တွေ၊ ဒေသဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်တွေဟာ ညီညွတ်ရမှာဖြစ်သလို အခြေခံတဲ့ စာရင်းအင်းကိန်းဂဏန်း အချက်အလက်တွေ ပြည့်စုံ၊ တိကျ၊ မှန်ကန်၊ ခိုင်မာဖို့လည်း လိုအပ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တွေအနေနဲ့ ကိန်းဂဏန်းအချက်အလက်တွေ ခိုင်မာမှန်ကန်စေဖို့အတွက် စနစ်တကျကြီးကြပ်ကွပ်ကဲဖို့ အထူးမှာကြားလိုပါတယ်။

“ပြည်ထောင်စုဝန်ကြီးဌာနတွေအနေနဲ့လည်း မိမိတို့ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်း (Project) တွေကို ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု (Feasibility Study-FS) တွေ ပြုလုပ်ပြီး ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းစီမံကိန်း (Project) တွေကိုသာ ကာလတိုနဲ့ နှစ်စဉ်စီမံကိန်းတွေမှာ ထည့်သွင်းလျာထားရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဏ္ဍာရေးနှစ်သစ် စတင်မယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းမှာ ထည့်သွင်းဆောင်ရွက်လိုတဲ့ လုပ်ငန်းစီမံကိန်းတွေကို ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု (Feasibility Study-FS) တွေ ဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်။ ဒါမှသာ ပြည်သူတွေအတွက် အမှန်လိုအပ်တဲ့ လုပ်ငန်းစီမံကိန်းတွေမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေကို ထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

### အမှန်တကယ်လိုအပ်နေတဲ့ လုပ်ငန်း

“ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလ ခြောက်လတာ စီမံကိန်းရည်မှန်းချက်တွေဟာ ပြည်သူ့အတွက် လတ်တလော ဖြည့်ဆည်းပေးဖို့ အမှန်တကယ်လိုအပ်နေတဲ့ လုပ်ငန်းတွေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအတွက် မလုပ်မဖြစ် ကြိုတင်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကိုသာ ဦးစားပေးချိန်ညှိဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးမှာ နိုင်ငံတော်တိုးတက်မှုတွေ ဘာတွေရှိခဲ့သလဲ။ ဘာတွေဆက်ပြီးတော့ လုပ်ဖို့လိုသလဲဆိုတာကို သုံးသပ်ရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့ လွန်ခဲ့တဲ့တစ်နှစ်ကို ကြည့်လိုက်မယ်ဆိုရင် အားသာချက်တွေရှိသလို အားနည်းချက်တွေလည်း ရှိခဲ့ပါတယ်။ အားသာချက်တွေကတော့ နိုင်ငံရဲ့ဘဏ္ဍာငွေနဲ့ ကျခံဆောင်ရွက်တဲ့ လုပ်ငန်းစီမံကိန်းတွေဟာ အရင်ထက်စာရင် ပိုပြီးတော့ တိုးတက်မှုရှိပါတယ်။ ပြည်သူတွေကို ပိုပြီးတော့ အကျိုးပြုစေပါတယ်။ ဒါပေမယ့် လုံလောက်လားဆိုတော့ မလုံလောက်ပါဘူး။

“တကယ်တော့ အစိုးရတစ်ခုဟာ ကိုယ့်ရဲ့လုပ်ငန်းတွေကို ကျေနပ်တယ်လို့ ဘယ်တော့မှ မရှိသင့်ပါဘူး။ ကျေနပ်ပြီဆိုရင် လုံလောက်ပြီလို့ ဆုံးဖြတ်တဲ့ သဘောပါပဲ။ ကျွန်မတို့နိုင်ငံအတွက် လုပ်စရာတွေက အများကြီးလိုပါသေးတယ်။ အားသာချက်တွေအပေါ်မှာ ဆက်ပြီးတော့၊ ပိုပြီးတော့ အားသာအောင်လုပ်ဖို့ လိုပါတယ်။ တင်ဒါခေါ်တဲ့နေရာမှာဆိုရင် အရင်တုန်းကထက်စာရင် ပွင့်လင်းမြင်သာမှုရှိတယ်။ မှန်ကန်မှုရှိတယ်ဆိုပြီး ပြည်သူတွေက ဒါကိုလက်ခံပါတယ်။ သို့သော်ငြားလည်း တစ်ရာရာခိုင်နှုန်း

> **“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွေရေးဆွဲရာမှာ ပြည်သူတွေအတွက် လတ်တလော လိုအပ်ချက်နဲ့ တိုင်းပြည်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) ကို ခွဲခြားရှုမြင်ပြီး ခြောက်လတာ အမျိုးသားစီမံကိန်းရေးဆွဲတဲ့အခါ ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလော ဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေကို နိုင်ငံတော်ကနေ ခွင့်ပြုနိုင်မယ့် ဘတ်ဂျက်ပမာဏအတွင်းမှာပဲ အထိရောက်ဆုံးဖြစ်အောင် ပေါင်းစပ်ရေးဆွဲကြဖို့လို”**

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ကျေနပ်လားဆိုတော့ တစ်ရာရာခိုင်နှုန်း မကျေနပ်ပါဘူး။ အခုအထိကို တင်ဒါခေါ်တဲ့ကိစ္စတွေနဲ့ပတ်သက်လို့ ပြည်သူတွေ ဝေဖန်စရာကိစ္စတွေရှိပါတယ်။ ဒါတွေကို ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတွေသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက အထူးသတိထားဖို့လိုပါတယ်။

"အရင်တုန်းက အစည်းအဝေးတွေမှာ ပြောခဲ့ဖူးပါတယ်။ ဗဟိုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ ဆက်စပ်မှုဟာ အားရှိသင့်သလောက် မရှိဘူးဆိုတာ။ အခုလည်း အားရှိသင့်သလောက် မရှိသေးဘူးလို့ ပြောရမှာပါပဲ။ အရင်တုန်းက ထက်စာရင်တော့ တိုးတက်လာပါတယ်။ ဒါပေမယ့် မလုံလောက်သေးပါဘူး။ ဒီစီမံကိန်းတွေ အောင်မြင်ဖို့ဆိုရင် ဗဟိုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြားမှာ ချိတ်ဆက်မှုပိုပြီးတော့ ကောင်းမွန်ဖို့လိုပါတယ်။ ပူးပေါင်းဆောင်ရွက်မှုဟာ ပိုပြီးတော့အားသာဖို့ လိုပါတယ်။ ဒီ့အပြင် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ အကြားမှာလည်း ဆက်စပ်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ အင်မတန်မှ လိုအပ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၈) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❑ လွန်ခဲ့တဲ့တစ်နှစ်ကို ကြည့်လိုက်မယ်ဆိုရင် အားသာချက်တွေရှိသလို အားနည်းချက်တွေလည်းရှိခဲ့။

❑ အစိုးရတစ်ခုဟာ ကိုယ့်ရဲ့လုပ်ငန်းတွေကို ကျေနပ်တယ်လို့ ဘယ်တော့မှ မရှိသင့် ။

❑ ဒီစီမံကိန်းတွေ အောင်မြင်ဖို့ ဗဟိုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြားမှာ ချိတ်ဆက်မှုပိုပြီးကောင်းမွန်ဖို့လို။

❑ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်တဲ့ ငွေကြေး ရယူနိုင်မယ့် အစီအစဉ်တွေ ဖော်ဆောင်နိုင်ခဲ့၊ ၆ ရာခိုင်နှုန်းကျော်၊ ၇ ရာခိုင်နှုန်းတိုးတက်မှုဆိုတာ တိုးတက်စနိုင်ငံ၊ အချိန်ယူခါစနိုင်ငံအတွက် မလုံလောက်။

❑ အခြေခံပြဿနာတစ်ခုက လယ်ယာမြေပိုင်ဆိုင်မှုဖြစ်၊ လယ်ယာမြေပိုင်ဆိုင်မှုတွေနဲ့ ပတ်သက်လို့ မကြာခဏ ပြည်သူတွေဆီကနေ မကျေနပ်တဲ့အသံတွေ ကြားနေရသလို လွှတ်တော်အသီးသီးကလည်း ဒီအသံတွေကြားနေရ၊ လယ်ယာမြေကဏ္ဍကို ပြည့်စုံအောင်၊ အများလက်ခံနိုင်အောင်၊ အများကျေနပ်လောက်အောင် မဖြေရှင်းနိုင်သရွေ့ နိုင်ငံရဲ့တိုးတက်မှုဟာ လုံလောက်တယ်လို့ ဘယ်လိုမှ ပြောလို့ရမှာမဟုတ် ။

❑ နိုင်ငံရဲ့ပညာရေးစနစ်ကြောင့် ပြည်သူတွေမှာ အားနည်းချက်တွေ ရှိခဲ့တယ်ဆိုပေမယ့်လည်း ဒီအားနည်းချက်တွေကို ဖြည့်ဆည်းနိုင်မယ့်နည်းတွေကို ရှာရမယ်။

**ပြောင်းလဲသင့်သလို ပြောင်းလဲနေရမှာဖြစ်**

"မကြာခင်ကာလတုန်းက Video Conferencing နဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေနဲ့ ဆွေးနွေးတဲ့အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ပြီးအောင်လုပ်ရမယ့်ကိစ္စတွေကို ဗဟိုအစိုးရကို တင်ပြလာတွေလည်း သတိပြုမိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အကြား ညှိနှိုင်းပြီး ပြီးအောင်လုပ်ရမယ့်ကိစ္စတွေကို ညှိနှိုင်းပြီးတော့ ပြီးအောင်လုပ်ဖို့လိုပါတယ်။ အားသာချက်တစ်ခုကတော့ ဒီနှစ်အတွင်းမှာ လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ဒါတွေအားလုံး လုံလောက်ပြီလားဆိုတော့လည်း မလုံလောက်သေးပါဘူး။ တကယ်တော့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေဆိုတာ အချိန်ကာလနဲ့ ကိုက်ညီစွာပြောင်းလဲနေရမှာပါ။ ဘယ်တော့မှ ပြီးတယ်ဆိုတာ မရှိနိုင်ပါဘူး။ ဥပဒေတွေချပြီးရင် ကမ္ဘာ့တစ်သက်ပဲဆိုတာ မဟုတ်နိုင်ပါဘူး။ ကျွန်မတို့ ကမ္ဘာကြီးနဲ့ ကျွန်မတို့နိုင်ငံရဲ့ ပြောင်းလဲနေတဲ့ လိုအပ်ချက်တွေအရ အမြဲပဲ ဒါတွေကို လေ့လာပြီးတော့ ပြောင်းလဲသင့်သလို ပြောင်းလဲနေရမှာဖြစ်ပါတယ်။

"ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်တဲ့ငွေကြေး ရယူနိုင်မယ့် အစီအစဉ်တွေလည်း ကျွန်မတို့ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုတွေဟာ လုံလောက်ပြီလားဆိုတော့လည်း မလုံလောက်သေးပါဘူး။ စောစောကပြောသလို မကျေနပ်သင့်ဘူး။ ကျေနပ်ပြီးတော့၊ လုံလောက်ပြီဆိုပြီးတော့ စိတ်မထားသင့်ဘူးလို့ ပြောတာမှအပ တကယ်တော့ ၆ ရာခိုင်နှုန်းကျော်၊ ၇ ရာခိုင်နှုန်းတိုးတက်မှုဆိုတာ တိုးတက်စနိုင်ငံ၊ ကျွန်မတို့နိုင်ငံ တစ်နည်းအားဖြင့် တိုးတက်စနိုင်ငံ၊ အချိန်ယူခါစနိုင်ငံအတွက် မလုံလောက်ဘူးလို့ ပြောရမှာပါ။ တကယ်အရှိန်ဟုန်နဲ့တိုးတက်ပြီဆိုရင် ဒါ့ထက်ပိုပြီးတော့ တိုးတက်တဲ့ရာခိုင်နှုန်းနဲ့ တိုးတက်နိုင်ရမှာပါ။ အဲ့ဒါအတွက်ကို ဦးတည်စေချင်ပါတယ်။ နောက်ဈေးကွက်ရရှိရေးအတွက် လိုအပ်တဲ့ပံ့ပိုးမှုတွေကိုလည်း လုပ်ထုံးလုပ်နည်းအညီ ဆောင်ရွက်ပေးလျက်ရှိတာကို ကျွန်မတို့ ကြိုဆိုပါတယ်။ သို့သော် ဒါလည်းမလုံလောက်သေးပါဘူး။ ခြုံငုံပြီးအားလုံးပြောရမယ်ဆိုရင် ကျွန်မတို့ရဲ့ အားသာချက်တွေဟာ အားရစရာရှိတယ်ဆိုပေမယ့် ကျေနပ်လောက်အောင်တော့ အားရလို့မဖြစ်ပါဘူး။ အဲဒီလိုဆိုရင် ကျွန်မတို့ရဲ့ဝါယမစိုက်ထုတ်မှုဟာ နည်းသွားပါလိမ့်မယ်။

**လယ်ယာမြေပိုင်ဆိုင်မှု**

"ကျွန်မတို့အတွက် လုံလောက်တဲ့တိုးတက်မှုမရှိတာကတော့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာပါ။ အခြေခံပြဿနာတစ်ခုကတော့ လယ်ယာမြေပိုင်ဆိုင်မှုဖြစ်ပါတယ်။ လယ်ယာမြေပိုင်ဆိုင်မှုတွေနဲ့ပတ်သက်လို့ မကြာခဏပြည်သူတွေဆီကနေ မကျေနပ်တဲ့အသံတွေလည်း ကြားနေရသလို လွှတ်တော်အသီးသီးကလည်း ဒီအသံတွေကြားနေရပါတယ်။ ပြည်ထောင်စုလွှတ်တော်တင်မကဘူး တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာပါ လယ်ယာမြေကိစ္စတွေနဲ့ ပတ်သက်လို့ ပြည်သူတွေရဲ့မကျေနပ်မှုတွေ ထုတ်ဖော်ပြောတာကို မကြာခဏကြားရပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ၇၀ ရာခိုင်နှုန်းသော ပြည်သူတွေဟာ ကျေးလက်တောရွာဘက်မှာနေပြီးတော့ စိုက်ပျိုးရေးကို အားကိုးနေတဲ့ ပြည်သူများဖြစ်လို့ လယ်ယာမြေကဏ္ဍကို ပြည့်စုံအောင်၊ အများလက်ခံနိုင်အောင်၊ အများကျေနပ်လောက်အောင် မဖြေရှင်းနိုင်သရွေ့တော့ နိုင်ငံရဲ့တိုးတက်မှုဟာ လုံလောက်တယ်လို့ ဘယ်လိုမှ ပြောလို့ရမှာမဟုတ်ပါဘူး။

"နောက်ပြည်ပနဲ့ ကုန်သွယ်မှုလိုငွေပါ။ ဒီဟာလည်း အားလုံးနဲ့ ဆိုင်ပါတယ်။ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး တစ်ခုတည်းနဲ့ဆိုင်တာမဟုတ်ပါဘူး။ စီမံကိန်းနှင့် ဘဏ္ဍာရေး တစ်ခုတည်းနဲ့ဆိုင်တာမဟုတ်ပါဘူး။ ပြည်ပနဲ့ကုန်သွယ်မှုလိုငွေ မပြဖို့ဆိုရင် တစ်နိုင်ငံလုံးက ပါဝင်ရမယ်။ ကျွန်မတို့ဟာ ဈေးကွက်စီးပွားရေးမှာ လှုပ်ရှားပြီးတော့ အောင်မြင်ဖို့ဆိုရင် ဆန်းသစ်တီထွင်နိုင်တဲ့ အရည်အချင်းတွေ ရှိရပါမယ်။ ကျွန်မ မကြာခဏ ပြောပါတယ်။ ဈေးကွက်ရှာရုံနဲ့ မလုံလောက်ဘူး၊ ဈေးကွက်ကို လုပ်ယူရမယ်။ တီထွင်ယူရမယ်။ ကိုယ့်နိုင်ငံမှာရှိတဲ့ ပစ္စည်းတွေအတွက် ဈေးကွက်ကို ထူထောင်နိုင်ရမယ်။ ဒီလိုဆန်းစစ်ပြီးတော့ တီထွင်နိုင်တဲ့ စိတ်ဓာတ်တွေရှိမှ ကျွန်မတို့ဟာ တိုးနိုင်မှာ။ ကျွန်မတို့ဟာ အနောက်ကနေတက်လာတဲ့ နိုင်ငံဖြစ်လို့ အရှေ့ကိုရောက်ဖို့ဆိုတာ တခြားနိုင်ငံတွေထက် အဆပေါင်းများစွာ ပိုပြီးဝါယမစိုက်ထုတ်ရမယ်။ အဆပေါင်းများစွာ ဉာဏ်ပညာကို အားကိုးရမယ်။ ကျွန်မတို့နိုင်ငံရဲ့ပညာရေးစနစ်ကြောင့် ပြည်သူတွေမှာ အားနည်းချက်တွေ ရှိခဲ့တယ်ဆိုပေမယ့်လည်း ဒီအားနည်းချက်တွေကို ဖြည့်ဆည်းနိုင်မယ့် နည်းတွေကိုရှာရမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေကလည်း ဝိုင်းပြီးတော့ ရှာရမှာဖြစ်ပါတယ်။

**ဘယ်လိုအကျိုးပြုနိုင်မလဲ**

"စီမံကိန်းတွေဆိုရင် အများပြည်သူအတွက် ဘယ်လိုအကျိုးပြုလဲဆိုတာကို ပထမစဉ်းစားရမှာပါ။ ကိုယ့်ဌာနရဲ့လိုအပ်ချက်အတွက်လည်း မဟုတ်ဘူး။ ကိုယ့်ရဲ့တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့လိုအပ်ချက်အတွက်လည်း မဟုတ်ဘူး။ အများပြည်သူနဲ့ နိုင်ငံ တစ်နိုင်ငံလုံးအတွက် ဘယ်လိုအကျိုးပြုနိုင်မလဲဆိုတာ ကြည့်ပြီးတော့ ဒီလိုစီမံကိန်းတွေကို ကျွန်မတို့ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးကော်မတီအစည်းအဝေးမှာတုန်းက ဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ် အတော်များများကနေပြီးတော့ ဝန်ထမ်းအိမ်ရာ လိုအပ်ချက်တွေကိုတင်ပြတာ ကျွန်မသတိပြုမိပါတယ်။

"ဝန်ထမ်းအိမ်ရာလိုအပ်ချက်တွေ တင်ပြတယ်ဆိုတာ ဝန်ထမ်းတွေရဲ့ဘဝကို ပိုပြီးတော့ အဆင်ပြေစေချင်လို့။ အဆင်ပြေစေချင်လို့ဆိုတာဟာ ဝန်ထမ်းတွေဟာ နိုင်ငံရဲ့အကျိုးအတွက် ပိုပြီးတော့ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေချင်လို့ ကျွန်မ ဒီလိုပဲ နားလည်ပါတယ်။ သို့သော်ငြားလည်း ကျွန်မတို့ လုပ်ပေးနိုင်တဲ့အတိုင်းအတာဟာ ကျွန်မတို့မှာရှိတဲ့ ဘဏ္ဍာငွေအင်အားနဲ့လည်း ကိုက်ညီအောင် ဆုံးဖြတ်ရပါတယ်။ တကယ်တော့ပေးနိုင်ရင်တော့ လိုသမျှအားလုံး ကျွန်မတို့ ဖြည့်ဆည်းပေးချင်တာပေါ့။ ပြီးတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကလည်း ကိုယ့်ဘက်ကလည်း ဘယ်လိုပိုပြီးတော့ ဝင်ငွေရှာမလဲဆိုတာလည်း ပိုပြီးတော့ စဉ်းစားစေချင်ပါတယ်။ ကိုယ့်လိုအပ်တဲ့ပံ့ပိုးမှုတွေ၊ အကောင်အထည်ဖော်ချင်တဲ့ စီမံကိန်းတွေအတွက် တိုင်းဒေသကြီး၊ ပြည်နယ်တွေကလည်း ပိုပြီးတာဝန်ယူတဲ့ စိတ်ဓာတ်နဲ့ငါတို့ ဒီလိုစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက် ဘယ်လိုလုပ်မလဲ။ ဘယ်လိုပုံစံနဲ့ပိုပြီးတော့ ဝင်ငွေရှာမလဲ။ ဘယ်လိုပုံစံနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ဆက်သွယ်ပြီးတော့ လုပ်မလဲဆိုတာ စဉ်းစားစေချင်ပါတယ်။

**အကျိုးအမြတ်တစ်ခုတည်းကိုပဲ ကြည့်နေလို့မရ**

"ကျွန်မတို့ နိုင်ငံဟာ Private Public Partnership ။ ပုဂ္ဂလိကနဲ့ အစိုးရနဲ့ ညှိနှိုင်းပြီးတော့ ပူးပေါင်းပြီးတော့ လုပ်တဲ့ စီမံကိန်းတွေကို ဦးတည်ဖို့လိုပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့လက်ရှိ စီးပွားရေး၊ နိုင်ငံရေးအခြေအနေအရဆိုရင် ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေကို အောင်မြင်အောင်လုပ်ဆောင်နိုင်ခြင်းအားဖြင့် ကျွန်မတို့ စီးပွားရေးတိုးတက်မှုနဲ့ နိုင်ငံရေး တည်ငြိမ်မှုအတွက် အများကြီး အထောက်အကူပြုပေးနိုင်မှာပါ။ ကျွန်မတို့ စီးပွားရေးနှင့်နိုင်ငံရေးကို ခွဲလို့မရပါဘူး။ ဒါ့ကြောင့် ကျွန်မတို့ ဒီလို စီမံကိန်းတွေ အကောင်အထည်ဖော်တဲ့အခါမှာ စီးပွားရေး အကျိုးအမြတ်တစ်ခုတည်းကိုပဲ ကြည့်နေလို့မရပါဘူး။ ကြည့်လို့မဖြစ်ပါဘူး။ ကျွန်မတို့ နိုင်ငံရေးအတွက် ဘယ်လိုပံ့ပိုးမှုဖြစ်နိုင်မယ်ဆိုတာကို ကြည့်ရပါမယ်။

"နိုင်ငံရေးနဲ့စီးပွားရေးနှစ်ခုကို ဒွန်တွဲပြီး ကြည့်မှသာလျှင် ကျွန်မတို့ နိုင်ငံနဲ့သင့်တော်တဲ့ စီမံကိန်းတွေကို ကျွန်မတို့ ဆုံးဖြတ်နိုင်မှာပါ။ အဲဒါကြောင့် ကျွန်မတို့ရဲ့ တိုင်းဒေသကြီးပြည်နယ်အစိုးရများကလည်း နိုင်ငံရေး၊ စီးပွားရေးအမြင်နှစ်ခုနဲ့ စီမံကိန်းတွေကို ချဉ်းကပ်ပါ။ အောင်မြင်အောင်လုပ်ပါလို့ ကျွန်မအနေနဲ့ ဆော်ဩချင်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့ အခုနိုင်ငံရေး၊ စီးပွားရေးတိုးတက်မှုတွေရအောင် လုပ်တဲ့နေရာမှာ လွှတ်တော်များနဲ့ အစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီပြည်ထောင်စုအဆင့်မှာတော့ ပြည်ထောင်စုလွှတ်တော်နဲ့ ပြည်ထောင်စုအစိုးရကြားမှာ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေနဲ့ အစိုးရတွေကြားမှာ ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှ အရေးကြီးပါတယ်။

**ထိန်းကွပ်သွားတဲ့သဘော**

"တချို့တွေက လွှတ်တော်ရဲ့ကဏ္ဍနဲ့ အစိုးရရဲ့ကဏ္ဍကို မြင်တဲ့ဟာမှာ အမြင်နည်းနည်းစောင်းနေတယ်လို့ ကျွန်မတို့ မြင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ပြိုင်ဘက်လို တချို့က မြင်ပါတယ်။ ဒီလိုတစ်ယောက်နဲ့တစ်ယောက် ထိန်းသွားတယ်ဆိုတာဟာ အကောင်းအတွက်ပါ။ တစ်ဖက်ကတစ်ဖက်ကို မမှားအောင် ထိန်းသွားတဲ့ သဘောပါ။ ထိန်းကွပ်သွားတဲ့သဘောပါ။ ပြိုင်ဘက်အနေနဲ့ ထိန်းကွပ်သွားတာမဟုတ်ပါဘူး။ အစိုးရကနေပြီးတော့ လွှတ်တော်ရဲ့လုပ်ပိုင်ခွင့်ကို ချုပ်ချယ်ချင်လို့၊ လွှတ်တော်က အစိုးရရဲ့လုပ်ပိုင်ခွင့်ကို ချုပ်ချယ်ချင်လို့ဆိုတဲ့ စိတ်ဓာတ်နဲ့ ထိန်းကွပ်သွားရမှာ မဟုတ်ပါဘူး။ တစ်ဖက်နဲ့တစ်ဖက် ဘယ်လို ကူညီပြီးတော့ နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်မလဲဆိုတာကို ကြည့်ပြီးတော့ လုပ်သွားရမှာ ဖြစ်ပါတယ်။

"ဒီစီမံကိန်းတွေနဲ့ပတ်သက်ရင် အားလုံးသိပြီးသားပါ၊ ဒါဟာ လွှတ်တော်နဲ့လည်း ဆိုင်တယ်။ အစိုးရအဖွဲ့နဲ့လည်းဆိုင်တယ်။ အစိုးရဘက်က ကိုယ်လိုချင်တဲ့ စီမံကိန်းကို ကိုယ်လုပ်ချင်သလို လုပ်လို့လည်း အမြဲရတာမဟုတ်ဘူး။ လွှတ်တော်နဲ့ ညှိနှိုင်းပြီးတော့ လွှတ်တော်ရဲ့သဘောထားယူပြီးတော့ လုပ်ရတာတွေလည်း အများကြီးရှိပါတယ်။ ဒါကြောင့် ဆက်ဆံရေးကောင်းဖို့ဆိုတာအားလုံးမှာ တာဝန်ရှိပါတယ်။ လွှတ်တော်ဘက်မှာ တာဝန်ရှိသလို အစိုးရဘက်မှာလည်း တာဝန်ရှိပါတယ်။

"ကျွန်မတို့နိုင်ငံရဲ့ စီမံကိန်းတွေရဲ့ အခြေအနေကို သမ္မတကြီးက ပြောကြားပြီး သွားပါပြီ။ နောက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များရဲ့အခြေအနေကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ အားလုံးကို ခြုံငုံပြီး ပြောရမယ်ဆိုရင် ကျွန်မတို့ တိုးတက်မှု မရှိဘူးလားဆိုတော့ တိုးတက်မှု ရှိပါတယ်။ အရင်နှစ်ကထက်စာရင် တိုးတက်ပါတယ်။ တိုးတက်မှုက အမှန်ပြောရရင် တချို့ထင်တာထက်များပါတယ်။ ကျွန်မတို့ သေသေ ချာချာ လေ့လာတဲ့အခါကျတော့ ကျွန်မတို့ရဲ့ စီးပွားရေးတိုးတက်မှုက ထင်တာထက်မြန်တယ်။ နိုင်ငံရေးတိုးတက်မှုကလည်း ထင်တာထက် မြန်ဆန်ပါတယ်ဆိုပြီး နိုင်ငံတကာလေ့လာရေးအဖွဲ့တွေက ကျွန်မတို့ကို ပြောထားတာရှိပါတယ်။

**တစ်ရက်ချင်း၊ တစ်ရက်ချင်း လုပ်သွားရမယ့်ကိစ္စ**

"ဒါပေမယ့် ဒါနဲ့ ကျွန်မတို့ ကျေနပ်နေလို့ မဖြစ်ပါဘူး။ ကျွန်မတို့ နိုင်ငံအတွက် စိန်ခေါ်မှုတွေက အင်မတန်မှများပါတယ်။ အခက်အခဲတွေက အများကြီးကျော်ဖြတ်စရာရှိပါတယ်။ ဒါကြောင့် ဆတက်ထမ်းပိုး တိုးပြီးတော့ကြိုးစားမှ ကျွန်မတို့ နိုင်ငံအတွက် တိုးတက်မှုရနိုင်မှာပါ။ ပန်းတိုင်လို့ ကျွန်မ မပြောလိုပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ပန်းတိုင်ဆိုတာက ဘယ်တော့မှ ရောက်တယ်မရှိပါဘူး။ ကမ္ဘာကြီးတည်သရွေ့ ကျွန်မတို့ဟာ ရှေ့ကိုဆက်သွားနေရမယ်။ ပန်းတိုင်ကိုရောက်ပါပြီဆိုပြီး ကျွန်မတို့ ထိုင်နေရမယ့် အချိန်ဘယ်တော့မှ ရောက်မှာမဟုတ်ပါဘူး။ သို့သော်လည်း ရေတို ပန်းတိုင်တွေတော့ ကျွန်မတို့သတ်မှတ်လို့ရပါတယ်။ ဒီတစ်နှစ်အတွင်း ကျွန်မတို့ ဘယ်လောက်ထိဖြစ်အောင် လုပ်မယ်။ ခြောက်လအတွင်း ဘယ်လောက်ထိ ဖြစ်အောင်လုပ်မယ်။ တစ်နှစ်အတွင်း၊ ခြောက်လအတွင်း ဖြစ်မြောက်ရေးအတွက်ဆိုတာ တစ်ရက်ချင်း၊ တစ်ရက်ချင်း လုပ်သွားရမယ့်ကိစ္စတွေဖြစ်ပါတယ်။

"တစ်ရက်ချင်း၊ တစ်ရက်ချင်း လုပ်သွားရမယ့်ကိစ္စဆိုရင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေက အရေးကြီးပါတယ်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကို ပီပီပြင်ပြင်ကိုင်နိုင်မှသာလျှင် ကျွန်မတို့ရဲ့စီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့ နေရာမှာ လုံလောက်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနတွေရော၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရော အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာ ပီပီပြင်ပြင် ထိထိရောက်ရောက်လုပ်နိုင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီလို ပီပီပြင်ပြင် ထိထိရောက်ရောက် မလုပ်နိုင်ဘဲနဲ့တော့ ကျွန်မတို့ စီးပွားရေးဘက်ကော၊ နိုင်ငံရေးဘက်ကကော လိုအပ်တဲ့ တိုးတက်မှုတွေ ကျွန်မတို့ရနိုင်မှာ မဟုတ်ပါဘူး။

"စောစောက ကျွန်မပြောသွားသလိုပဲ၊ တစ်ယောက်နဲ့တစ်ယောက်လည်း ပူးပေါင်းဆောင်ရွက်ဖို့ကို အလေးထားရမယ်။ တစ်ယောက်နဲ့တစ်ယောက် ပြိုင်နေတာ မဟုတ်ပါဘူး။ အားလုံးစုပေါင်းပြီး နိုင်ငံအကျိုးအတွက် လုပ်နေတာ ဖြစ်ပါတယ်။ အဲဒီလိုစိတ်နဲ့ ဆက်ပြီးကြိုးစားစေချင်ပါတယ်။ သမ္မတကြီး မှာကြားတဲ့အတိုင်း ကျွန်မတို့ရဲ့နိုင်ငံအတွက် လိုအပ်တဲ့ တိုးတက်မှုတွေ ရအောင်လို့ ဝိုင်းဝန်းပြီးကူညီကြပါ၊ နောင်အနာဂတ်မှာ ဖြစ်ပေါ်လာမယ့်၊ တာဝန်တွေနဲ့ လုပ်ပိုင်ခွင့်တွေအတွက်လည်း ထည့်ပြီး စဉ်းစားရပါမယ်။ အဲဒါက ဘာလဲဆိုတော့ တချို့တွေက ရာသီဥတုပြောင်းလဲမှုကိစ္စနဲ့ ပတ်သက်ပြီး ရာသီဥတုပြောင်းလဲမှု ရှိတယ်ဆိုတာ သိရဲ့သားနဲ့ ရာသီဥတုပြောင်းလဲမှုအတွက် ပြင်ဆင်မှုတွေ နည်းနေတယ်လို့ ကျွန်မမြင်တယ်။ ရာသီဥတု ပြောင်းလဲသွားတယ်၊ တချို့ဆိုရင် မုန်တိုင်းတွေဖြစ်တာကို မထင်မှတ်တဲ့ သဘာဝဘေးအန္တရာယ်ကျရောက်တယ်လို့ ပြောကြပါတယ်။

*စာမျက်နှာ ၆ သို့*

* *ရှေ့ဖုံးမှ*

ကချင်ပြည်နယ်မှာ ခရိုင် ၄ ခရိုင်၊ မြို့နယ် ၁၈ မြို့နယ်၊ မြို့ ၃၀ မြို့ ပါဝင်ပြီး ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါးစတဲ့ ကချင်မျိုးနွယ်စုများ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီးစတဲ့ ရှမ်းမျိုးနွယ်စုများနဲ့ ဗမာတိုင်းရင်းသားမျိုးနွယ်စုများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စု အပါအဝင် လူဦးရေ စုစုပေါင်း ၁၆ သိန်းကျော်သော တိုင်းရင်းသားလူမျိုးများ အတူတကွ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။

**မြန်မာနိုင်ငံရဲ့ အသက်သွေးကြော**

ကချင်ပြည်နယ်ဟာ ရွှေ၊ ကျောက်စိမ်း၊ ပယင်းစတဲ့ အဖိုးတန် သယံဇာတတွေ ပေါများကြွယ်ဝသလို အရှေ့တောင်အာရှဒေသရဲ့ တစ်ခုတည်းသော နှင်းဖုံးတောင်တန်းတွေရှိပြီး အလွန်သာယာလှပတဲ့ သဘာဝပတ်ဝန်းကျင်တွေကို ပိုင်ဆိုင်ထားပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ အသက်သွေးကြောလို့ဆိုနိုင်တဲ့ ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

ဒီလိုသာယာလှပပြီး သယံဇာတတွေပေါကြွယ်ဝတဲ့ ကချင်ပြည်နယ်ဟာ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် သဘာဝအလှအပတွေကိုလည်း မခံစားနိုင်၊ သယံဇာတတွေကိုလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ထိထိရောက်ရောက် မသုံးနိုင်ဘဲ ဖြစ်နေရပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ငြိမ်းချမ်းရေးရဲ့အရသာကို သိရှိခဲ့ကြပြီးဖြစ်သလို ယခုအခါမှာလည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ငြိမ်းချမ်းရေး အမြန်ဆုံးရရှိရန်မှာလည်း ပြည်သူတစ်ရပ်လုံးရဲ့ကြီးမားတဲ့ဆန္ဒဖြစ်ပါတယ်။

**စည်းလုံးညီညွတ်မှုစွမ်းအားကို အရှိန်မြှင့်တင်**

ယခုအချိန်အခါတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် အစိုးရ၊ ပြည်သူ့တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မကြုံစဖူး စည်းလုံးညီညွတ်မှုနဲ့အတူ

> **“နိုင်ငံတော်ကဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ (၂၁)ရာစုပင်လုံညီလာခံ ကျင်းပလျက်ရှိရာ ရရှိပိုင်ဆိုင်ထားသည့် အခြေခံကောင်းများကို အမိအရဆုပ်ကိုင်ပြီး ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်သူ၊ ပြည်နယ်သားတို့က နိုင်ငံတော်နှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ခံစားနိုင်ရေးအတွက်လည်း တည်ဆောက်သွားရမှာဖြစ်”**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါလမ်းကြောင်းမှန်အတိုင်း မတိမ်းမစောင်း၊ မယိမ်းမယိုင် တည်ငြိမ်ဖြောင့်မတ်စွာ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးတို့သည် ပြည်သူနှင့်အတူ စည်းလုံးညီညွတ်မှုစွမ်းအားကို အရှိန်မြှင့်တင် မွေးမြူဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံသည် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် (၂၁)ရာစုပင်လုံဟုခေါ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ကျင်းပလျက်ရှိပါတယ်။

ယနေ့ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ (၂၁)ရာစု ပင်လုံညီလာခံကျင်းပလျက်ရှိရာ ရရှိပိုင်ဆိုင်ထားသည့် အခြေခံကောင်းများကို အမိအရ ဆုပ်ကိုင်ပြီး ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်သူ၊ ပြည်နယ်သားတို့က နိုင်ငံတော်နှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ခံစားနိုင်ရေးအတွက်လည်း တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်လျက်ရှိရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဆောင်ရွက်နိုင်မှုဟာ အရေးကြီးလှပါတယ်။ နိုင်ငံတော်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး အစီအမံများကို နိုင်ငံတော်က ဘဏ္ဍာငွေမြောက်မြားစွာကျခံပြီး စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရရှိဖြစ်ထွန်းနေပြီးသော စည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ဒီမိုကရေစီနိုင်ငံတော်သစ်သို့ လျှောက်လှမ်းရာတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

**ခိုင်မာတဲ့ပြည်ထောင်စုစိတ်ဓာတ်**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းစဉ်ကြီးမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး ခိုင်မာတဲ့ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်တို့နဲ့ မိမိတို့ပြည်နယ်အစိုးရနှင့် သွေးစည်းညီညာစွာ လက်တွဲ၍ ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါတယ်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ

---

*စာမျက်နှာ ၅ မှ*

အခုက မထင်မှတ်စရာအကြောင်း မရှိတော့ပါဘူး။ ဒီမုန်တိုင်းတွေက ပုံမှန်လာတော့မယ်ဆိုတာ ရာသီဥတုအပြောင်းအလဲနဲ့ ဆက်စပ်နေပါတယ်။ ဒါကိုလည်း ပညာရှင်တွေက ပြောထားပြီးပါပြီ။ နောင်ရာသီဥတုအပြောင်းအလဲကြောင့် ဒီနိုင်ငံမှာ အရင်လို မဟုတ်တော့ဘူးဆိုတာ ပြောထားပြီးပါပြီ။ နောင်ဖြစ်မယ့်ဟာတွေကို တွက်ထားပြီးတော့ အခုကတည်းကနေပြီး ပြင်ဆင်ပြီး လုပ်ရမှာဖြစ်ပါတယ်။ ဒါစီမံကိန်းတွေကို စီစဉ်တဲ့အခါမှာလည်း ရာသီဥတု ပြောင်းလဲမှုရဲ့ အကျိုးဆက်တွေကို ထည့်တွက်ဖို့ လိုပါတယ်။ ဒါအနာဂတ်အတွက် တွက်တယ်ဆိုတာ ဒါတွေကို ပြောတာဖြစ်ပါတယ်။

**အနာဂတ်အတွက် အရေးပါ**

“အနာဂတ်အတွက် လိုအပ်ချက်တစ်ခုက ကျွန်မတို့ ဦးတည်နေတာ ဘယ်ကိုဦးတည်နေတာလဲ။ အားလုံးသိတဲ့အတိုင်း ကျွန်မတို့ဟာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ဦးတည်နေတာပါ။ ကျွန်မတို့လုပ်တဲ့၊ အကောင်အထည်ဖော်တဲ့ စီမံကိန်းအားလုံးဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် အကျိုးပြုရဲ့လားဆိုတာကို ထည့်တွက်စဉ်းစားပြီးမှ အကောင်အထည်ဖော်စေချင်ပါတယ်။ ဒါကြောင့် ကျွန်မစောစောကပြောသလို တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ဗဟိုအစိုးရအကြား ဆက်ဆံရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ခုဖြစ်သွားပြီဆိုရင် ပိုပြီးတော့ အရေးကြီးလာပါပြီ။ အဲဒီဟာအတွက် အခု ကျွန်မတို့ကစပြီး အုတ်မြစ်ချရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဆက်ဆံရေးနဲ့ အုပ်ချုပ်ရေးကိုင်တွယ်နည်းတွေဟာ အနာဂတ်အတွက် အရေးပါတဲ့ကိစ္စတွေပါ။

**တစ်နေ့ထက်တစ်နေ့ ဆက်ပြီးကြိုးစား**

“နိဂုံးချုပ်အနေနဲ့ ကျွန်မတို့နိုင်ငံရဲ့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ အားလုံးကို ပြည်သူလူထုရဲ့ ညီညွတ်မှု၊ ထောက်ခံမှုနဲ့ ကျော်လွှားနိုင်မယ်ဆိုတာ ယုံမှားသံသယ ဖြစ်စရာ မလိုပါဘူး။ သို့သော်ငြားလည်း ပြည်သူလူထုရဲ့ညီညွတ်တဲ့ထောက်ခံမှုရဖို့ဆိုတာ ကျွန်မတို့အစိုးရက တာဝန်ကျေဖို့ လိုပါတယ်။ ပြည်သူနဲ့ ပတ်သက်ပြီး တာဝန်ကျေမှ ပြည်သူတွေရဲ့ ဓမ္မဓိဋ္ဌာန်ကျတဲ့ ရည်မှန်းချက်တွေကို ကျွန်မတို့ ဖြည့်ဆည်းပေးနိုင်မှလည်း သူတို့က ကျွန်မတို့ကို ထောက်ခံမှာပါ။ အားလုံးကို ကျွန်မ မလုပ်ပေးနိုင်ပါဘူး။ လူတိုင်း လူတိုင်းရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ပြည်သူလူထုရဲ့လိုအပ်ချက်တွေဟာ အမှန်တကယ် ဖြစ်သင့်ဖြစ်ထိုက်တဲ့၊ လုပ်ပေးသင့်ထိုက်တဲ့ ကိစ္စတွေဆိုရင် ကျွန်မတို့ဟာ လုပ်ပေးဖို့ တာဝန်ရှိပါတယ်။ ဒီလို မလုပ်ပေးနိုင်ဘဲနဲ့ ပြည်သူရဲ့ထောက်ခံမှုနဲ့ ပြည်သူရဲ့ညီညွတ်တဲ့ ပံ့ပိုးမှုကို မျှော်လင့်စရာ အကြောင်းမရှိပါဘူး။ ကိုယ့်တာဝန်မကျေဘဲနဲ့ ပြည်သူကလည်း တာဝန်ကျေမယ်ဆိုပြီး ကျွန်မတို့ ပြောလို့မရပါဘူး။ ဒီလိုပြောခြင်းအားဖြင့် ကျွန်မတို့ အစိုးရက တာဝန်မကျေဘူးလို့ ပြောတာမဟုတ်ပါဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကိုလည်း တာဝန်မကျေဘူးလို့ ပြောတာ မဟုတ်ပါဘူး။ တာဝန်ပိုသထက်ပိုပြီးတော့ ပိုကျေအောင်လို့ တစ်နေ့ထက်တစ်နေ့ ဆက်ပြီးကြိုးစားသွားကြပါ။ ကိုယ့်ကို ကျေနပ်ပြီး မနေကြပါနဲ့၊ ဘယ်တော့မှ မကျေနပ်နိုင်ဘူး။ အစိုးရအလုပ်ဆိုတာ ဘယ်တော့မှ ကျေနပ်နိုင်စရာ မရှိဘူးဆိုတဲ့ စိတ်ထားနဲ့ တိုးတက်မှုကို ဦးတည်ကြပါ”ဟု ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်း(အဆိုပြုမူကြမ်း)ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

**တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး**

တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတက “ ဒီနေ့အစည်းအဝေးမှာ ညှိနှိုင်းဆွေးနွေး အတည်ပြုခဲ့တဲ့ အမျိုးသားစီမံကိန်းဥပဒေကြမ်းဟာ ၂၀၁၈ ခုနှစ်၊ ဧပြီလကနေ စက်တင်ဘာလအထိ ၆ လတာ ကာလအတွက်သာ ဖြစ်ပေမယ့် ယခင် နှစ်စဉ်အမျိုးသားစီမံကိန်း ဥပဒေကြမ်းများကဲ့သို့ပင် ရေးဆွဲခြင်း၊ အတည်ပြုချက်ရယူခြင်း၊ အကောင်အထည်ဖော်ခြင်းတွေကို သတ်မှတ်ပြဋ္ဌာန်းထားတဲ့ နည်းလမ်းတွေအတိုင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲဒီ ၆ လစီမံကိန်းကို ရေးဆွဲရာမှာ ပြည်သူတွေရဲ့ လတ်တလောလိုအပ်ချက်တွေနဲ့ တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တွေကို နိုင်ငံတော်က ခွင့်ပြုပေးနိုင်တဲ့ ဘတ်ဂျက်ဘောင်အတွင်းက



အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

ပေါင်းစပ်ရေးဆွဲတာ ဖြစ်ပေမယ့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေကိုလည်း အလေးထားပြီး ပေါင်းစပ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒတွေနဲ့လည်း အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့် အစီအစဉ်တွေကိုလည်း ချမှတ်ရေးဆွဲဖို့ လိုအပ်ပါတယ်။

“ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအနေနဲ့ စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်တဲ့အခါ နယ်ပယ်ဧရိယာတစ်ခုတည်းမှာ စီမံကိန်းလုပ်ငန်းတွေ ထပ်မနေအောင်လည်း သတိပြုဖို့ လိုအပ်ပါတယ်။ စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်ကြတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြား အချင်းချင်း အချိတ်အဆက်မိမိ ဆက်သွယ်လုပ်ဆောင်ဖို့လည်း မှာကြားလိုပါတယ်။

**ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး**

“စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေတွေကို စီမံကိန်းကာလတစ်လျှောက်လုံး မျက်ခြည်မပြတ် တစိုက်မတ်မတ် ကြီးကြပ်သုံးသပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးပုံသဏ္ဍာန် ပြောင်းလဲမှုနဲ့ အချိုးကျမျှတတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်ရောက်ရှိမှာဖြစ်ပါတယ်။

**ညှိနှိုင်းဆောင်ရွက်ထားဖို့ လိုအပ်**

“ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာကာလ အမျိုးသားစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်တဲ့အခါမှာ ယခင်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ အမျိုးသားစီမံကိန်းတွေကနေရရှိခဲ့တဲ့ အားသာချက်တွေကို ဆက်လက်ထိန်းသိမ်းရမှာဖြစ်သလို တွေ့ကြုံဖြစ်ပေါ်ခဲ့တဲ့ အားနည်းချက်တွေကို စိစစ်သုံးသပ်ပြီး ပြုပြင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အလားတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအတွက် ဦးစားပေးအစီအစဉ်တွေ၊ လုပ်ငန်းရပ်တွေ၊ လုပ်နည်းစနစ်တွေကို ဖော်ထုတ်ချမှတ်နိုင်ဖို့အတွက်လည်း ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်”ဟု မှာကြားသည်။

**သတင်းစဉ်**

- ❑ **ကျွန်မတို့နိုင်ငံဟာ Private Public Partnership ပုဂ္ဂလိကနဲ့ အစိုးရနဲ့ ညှိနှိုင်းပြီး၊ ပူးပေါင်းပြီးလုပ်တဲ့ စီမံကိန်းတွေကို ဦးတည်ဖို့လို၊ နိုင်ငံရဲ့လက်ရှိစီးပွားရေး၊ နိုင်ငံရေးအခြေအနေအရ ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခြင်းအားဖြင့် ကျွန်မတို့ စီးပွားရေးတိုးတက်မှုနဲ့ နိုင်ငံရေးတည်ငြိမ်မှုအတွက် အများကြီးအထောက်အကူပြုပေးနိုင်၊ စီးပွားရေးနှင့် နိုင်ငံရေးကို ခွဲလို့မရ၊ ဒီလိုစီမံကိန်းတွေ အကောင်အထည်ဖော်တဲ့အခါ စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကိုပဲ ကြည့်နေလို့မရ။**
- ❑ **နိုင်ငံရေးနဲ့ စီးပွားရေးနှစ်ခုကို ဒွန်တွဲပြီးကြည့်မှသာလျှင် ကျွန်မတို့နိုင်ငံနဲ့ သင့်တော်တဲ့ စီမံကိန်းတွေကို ဆုံးဖြတ်နိုင်မှာပါ၊ အဲဒါကြောင့် ကျွန်မတို့ရဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများကလည်း နိုင်ငံရေး၊ စီးပွားရေး အမြင်နှစ်ခုနဲ့ စီမံကိန်းတွေကို ချဉ်းကပ်ပါ၊ အောင်မြင်အောင်လုပ်ပါလို့ ဆော်သြချင်။**
- ❑ **နိုင်ငံရေး၊ စီးပွားရေးတိုးတက်မှုတွေရအောင် လုပ်တဲ့နေရာမှာ လွှတ်တော်များနဲ့ အစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှအရေးကြီး၊ ပြည်ထောင်စုအဆင့်မှာ ပြည်ထောင်စုလွှတ်တော်နဲ့ ပြည်ထောင်စုအစိုးရအကြား ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်တွေနဲ့ အစိုးရတွေကြား ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှ အရေးကြီး။**
- ❑ **စီမံကိန်းတွေနဲ့ပတ်သက်ရင် ဒါဟာ လွှတ်တော်နဲ့လည်းဆိုင်တယ်၊ အစိုးရအဖွဲ့နဲ့လည်း ဆိုင်တယ်၊ အစိုးရဘက်က ကိုယ်လိုချင်တဲ့ စီမံကိန်းကို ကိုယ်လုပ်ချင်သလိုလုပ်လို့လည်း အမြဲရတာမဟုတ်ဘူး၊ လွှတ်တော်နဲ့ ညှိနှိုင်းပြီးတော့ လွှတ်တော်ရဲ့သဘောထားယူပြီးတော့ လုပ်ရတာတွေလည်း အများကြီးရှိ၊ ဒါကြောင့် ဆက်ဆံရေးကောင်းဖို့ဆိုတာ အားလုံးမှာတာဝန်ရှိ၊ လွှတ်တော်ဘက်မှာ တာဝန်ရှိသလို အစိုးရဘက်မှာလည်း တာဝန်ရှိ။**

# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ သတ္တမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး



၂၀၁၈ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၉**

ဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ သတ္တမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆောင်ရွက်ထားပြီးဖြစ်**

အစည်းအဝေးတွင် ၂၀၁၈ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ သတ္တမပုံမှန်အစည်းအဝေးများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပရန် ကြေညာထားပြီးဖြစ်ကြောင်း၊ ယခု ကျင်းပမည့်လွှတ်တော်အစည်းအဝေးတွင် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၈ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းတို့အား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအပါအဝင် အခြားဦးစားပေးရမည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပပြီးစီးခဲ့သည့် ပုံမှန်အစည်းအဝေးများကို တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့်အတွက် အောင်အောင်မြင်မြင်နှင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ အရေးကြီးဆုံးဖြစ်သည့် လုံခြုံရေးကိစ္စအပါအဝင် အခြားကိစ္စရပ်များကို ယခင်လွှတ်တော်အစည်းအဝေးများကဲ့သို့ ဆောင်ရွက်ထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျင်းပပြုလုပ်ခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနအသီးသီးအနေဖြင့် လွှတ်တော်နှင့်နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ လွှတ်တော်လုံခြုံရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများက အလေးထားဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အထူးအသိအမှတ်ပြုပါကြောင်း၊ တက်ရောက်လာကြသည့်ဌာနအဖွဲ့အစည်းအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်းနှင့် လွှတ်တော်နှင့်အပြန်အလှန်နားလည်မှုရှိခြင်းသည်လည်း ကောင်းမွန်သည့် အစဉ်အလာဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကနှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

✳ **ကျောဖုံးမှ**

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ရောက်ရှိကြရာ ဆီရမ်ရိ(ပ်)ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Tea Seyha၊ ပြည်နယ်ကောင်စီအဖွဲ့ဝင် Mr. Eung Hoeunနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုးနှင့် သံရုံးမှတာဝန်ရှိသူများက ဆီရမ်ရိအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**အသိအမှတ်ပြု**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆီရမ်ရိမြို့ရှိ အန်ကောဝပ်ဘုရားကျောင်းတော်ကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ အန်ကောဝပ်ဘုရားကျောင်းတော်ကြီးသည် အန်ကောဒေသရှိ အဆောက်အအုံများအနက် အကြီးဆုံးဖြစ်သည်။ အန်ကောဝပ်ကျောင်းတော်အား ၁၉၉၂ခုနှစ်တွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)က ကမ္ဘာ့အမွေအနှစ်များစာရင်းတွင် အသိအမှတ်ပြု ထည့်သွင်းထိန်းသိမ်းထားကြောင်း သိရသည်။

**အမွေအနှစ်စာရင်းဝင်**

ယင်းနောက် တာ့ပရွန်းဘုရားကျောင်းတော်သို့ သွားရောက်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ အဆိုပါကျောင်းတော်ကို ၁၉၉၂ ခုနှစ်တွင် ယူနက်စကိုမှ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ဘေရွန်ကျောင်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ဘေရွန်ကျောင်းတော် (Bayon)သည် အန်ကောဝပ်ပြီးလျှင် ထင်ရှားပြီး အကျော်ကြားဆုံး ဒုတိယမြောက် လက်ရာအမြောက်ဆုံးနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆီရမ်ရိမြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ဖနောင်ပင်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Sun Chanthol နှင့်တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

---

● **ကျောဖုံးမှ**

သစ္စာအားမာန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး လက်ရွေးစင်တိုက်စစ်မှူး ခင်မိုးဝေက တစ်ဦးတည်း ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြကစားခဲ့သည်။ သစ္စာအားမာန်အသင်း အနိုင်ဂိုးများကို ခင်မိုးဝေက ၈၊ ၁၀၊ ၂၀၊ ၅၄၊ ၅၅၊ ၆၇၊ ၉၀ မိနစ်တွင် ခုနစ်ဂိုး၊ ဂျူလိုင်ကျော်က ၁၂၊ ၁၄ မိနစ်တွင် နှစ်ဂိုး၊ နီလာဝင်းက ၂၉ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့သည်။ ဇွဲကပင်အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ဝါရင့်ကွင်းလယ်လူ သန်းသန်းထွေးက ၄၄ မိနစ်တွင် သွင်းယူခဲ့သည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဇန်နဝါရီ ၁၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ YREO အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

---

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU)အစည်းအဝေး(၁/၂၀၁၈)ကျင်းပ



မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU) အစည်းအဝေး (၁/၂၀၁၈)ကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအကြားတွင် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ အချင်းချင်းအကြားမှာ လည်းကောင်း လွှတ်တော်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမည့် ကိစ္စရပ်များ ရှိကောင်းရှိနိုင်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းထားရခြင်း၏ ရည်ရွယ်ချက်နှင့်အညီ ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ဒုတိယအကြိမ် လွှတ်တော်များ ဖွဲ့စည်းခဲ့ရာ ယခုလကုန်ဆိုလျှင် သက်တမ်း ၂ နှစ်ပြည့်ပြီဖြစ်ပါကြောင်း၊ ကျန်သည့် သက်တမ်းကာလတွင် ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ညှိနှိုင်းပေါင်းစပ်ပြီး ဥပဒေနှင့်အညီ လုပ်ဆောင်သွားကြရမည့် ကိစ္စရပ်များအတွက် အကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးအသီးသီးဖွဲ့စည်းမှုကို သက်ဆိုင်ရာ လွှတ်တော်အကြီးအမှူးများ၏ စီမံခန့်ခွဲမှုနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များသာမက ပြည်ထောင်စုအဆင့် လွှတ်တော်ရုံးအသီးသီးက ညှိနှိုင်းသတ်မှတ်ထားသည့် ဝန်ထမ်းရေးရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယခုအစည်းအဝေးသည် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ၂၀၁၈ ခုနှစ်အတွက် ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း၏ ၂ နှစ်ပြည့်သည့်ကာလတွင် လွှတ်တော်များ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်စေလိုကြောင်း၊ မိမိတို့လွှတ်တော်များ၏ အောင်မြင်မှုမည်မျှရှိသည်ကို စံချိန်စံညွှန်းများနှင့် တိုင်းတာရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် အခြေခံမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်သည် အခြားမဏ္ဍိုင်များနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုရာတွင် ဟန်ချက်ညီရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက မိမိတို့ဒေသအတွင်း တွေ့ကြုံရသည့် အခက်အခဲများရှိလျှင် တင်ပြစေလိုကြောင်း၊ ဒီမိုကရေစီ အုတ်မြစ်ခိုင်မာဖို့အတွက် ဥပဒေပြုမဏ္ဍိုင်က အရေးကြီးကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေး (၂/၂၀၁၇) ဆုံးဖြတ်ချက်များ အပါအဝင် ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ရုံးအဖွဲ့မှူး ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ၏ လက်ရှိဖွဲ့စည်းထားရှိမှု အခြေအနေနှင့် လွှတ်တော်ရုံး ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)**

**တိုင်းဒေသကြီး ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီကို ယင်း၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)**

**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘဟိန်းကို ယင်း၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီး ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုညစာစားပွဲဖြင့်ဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim အား ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**ကြိုဆိုနှုတ်ဆက်**

ညစာစားပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စင်ကာပူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့အား ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများ၊ အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညစာစားပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** သတင်းစဉ်




❋ *ကျော်ဖုံးမှ*

ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော မြန်မာနိုင်ငံ ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ပထမချန်ပီယံဆုရ ဟိန်းစည်သူ အပါအဝင် ဖြိုးဇံ၊ ကောင်းမြတ်ကျော်၊ မင်းသံလွင်အောင်နှင့် အမျိုးသမီးကစားသမား ဖြစ်သော ဖူးပွင့်ရတီခိုင်တို့ ကစားသမားအဖွဲ့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် Junior Golf Myanmar (JGM)မှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ ဆွေမျိုးမိတ်များ၊ အားကစားချစ်မြတ်နိုးသော ပြည်သူများနှင့် ပြည်တွင်းမီဒီယာများက ကြိုဆိုကြသည်။

**ပထမဦးဆုံး ချန်ပီယံရရှိသူ**

အဆိုပါပြိုင်ပွဲတွင် ပထမချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သော ဟိန်းစည်သူသည် သုံးရက်ပေါင်း ရိုက်ချက် ၂၁၆ ချက်ဖြင့် မြန်မာလူငယ်များအတွက် ၂၀၁၈ ခုနှစ် နှစ်သစ်ကူးအကြို ပထမဆုဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ ချန်ပီယံဆုဖလားကို သိမ်းပိုက်နိုင်ခဲ့သည့်အတွက် World Junior Golf Series တွင် အာရှတိုက်မှ ပထမဆုံးအောင်နိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်သော ကစားသမားများအနက် ကောင်းမြတ်ကျော်မှာ အဆင့် ၂၉၊ ဖြိုးဇံမှာ အဆင့် ၃၁၊ မင်းသံလွင်အောင်မှာ အဆင့် ၃၂ နှင့် အမျိုးသမီးကစားသမား ဖြစ်သော ဖူးပွင့်ရတီခိုင်မှာ အဆင့် ၉ တို့ အသီးသီးရရှိခဲ့ပြီး ဟိန်းစည်သူမှာ ပထမ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်၍ အာရှတိုက်မှ လူငယ်များအနက် ပထမဦးဆုံး ချန်ပီယံရရှိသူအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကြိုးစားယှဉ်ပြိုင်ခဲ့ရ**

"ဒီပြိုင်ပွဲအတွက် ကျွန်တော်တစ်လလောက် ကြိုတင်ပြင်ဆင်ခဲ့ရပါတယ်၊ အခုလို ချန်ပီယံဖြစ်အောင်လည်း ရည်မှန်းကြိုးစားခဲ့တာပါ၊ သုံးနှစ်ဆက်တိုက် ကြိုးစားပြီးမှ အခုလို ပထမရရှိခဲ့တာ ဖြစ်ပါတယ်၊ မနှစ်က ဒုတိယဆုရရှိခဲ့ပြီး စဝင်ပြိုင်တဲ့နှစ်က အဆင့် ၆ ရရှိခဲ့ပါတယ်၊ ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်က ကစားသမားတွေ လာရောက်ယှဉ်ပြိုင်ကြတာဖြစ်လို့ တော်တော်လေးတော့ ကြိုးစားယှဉ်ပြိုင်ခဲ့ရပါတယ်၊ ပြိုင်ပွဲမှာ အမေရိကန် ကစားသမားနဲ့ အဓိကပြိုင်ခဲ့ရတာပါ၊ ကျွန်တော့်အတွက် ဒီဆုရလိုက်တာဟာ ဒီနှစ်အတွင်းမှာ ပရိုလောကထဲကို စတင်ကူးပြောင်းဖို့အတွက် တွန်းအားဖြစ်စေခဲ့ပါတယ်"ဟု မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကာ ပထမဆုရရှိခဲ့သော ဟိန်းစည်သူက ပြောသည်။

ကစားသမား ဟိန်းစည်သူသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဂျာမနီနိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည်။ ယခု သွားရောက်ယှဉ်ပြိုင်ခဲ့သော World Junior Golf Series ပြိုင်ပွဲသည် အမေရိကန်နှင့် ဥရောပတို့တွင် အလှည့်ကျ ကျင်းပလေ့ရှိပြီး အဆိုပါပြိုင်ပွဲသို့ အုပ်ချုပ်သူ တစ်ဦး၊ နည်းပြတစ်ဦးနှင့် အားကစားသမား ငါးဦး လိုက်ပါသွားခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမဆုကို မြန်မာနိုင်ငံမှ ဟိန်းစည်သူ၊ ဒုတိယဆုကို အိုင်စလန်၊ တတိယဆုနှင့် စတုတ္ထဆုတို့ကို အမေရိကန်နှင့် ပဉ္စမဆုကို မက္ကဆီကို နိုင်ငံက ရရှိခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

# ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သင်တန်းခန်းမ၌ ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်း အမှတ်စဉ်(၁/၂၀၁၈)ဖွင့်ပွဲကို ကျင်းပခဲ့သည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် တက်ရောက်၍ သင်တန်းဖွင့် မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါ သင်တန်းသို့ သင်တန်းသား တပ်ဖွဲ့ဝင်အရာရှိ အခြားအဆင့် ၇၅ ဦး တက်ရောက်လျက် ရှိကြောင်းနှင့် သင်တန်းကို ဇန်နဝါရီ ၁၉ ရက်အထိ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ထန်းသားဖြင့်လုပ်သည့် ပရိဘောဂနှင့် ပန်းပုများကို ဟိုတယ်များမှ မှာယူမှုများနေ

**ပခုက္ကူ ဇန်နဝါရီ ၉**

ပခုက္ကူမြို့နယ် စက်မှုဇုန်မှ ပြုလုပ်သည့် ထန်းသားအသုံးပြု အိမ်ထောင်ပရိဘောဂ ပစ္စည်းများနှင့် သစ်သားပန်းပုရုပ်တုများကို ယခုနှစ်များအတွင်း ပြည်တွင်းဟိုတယ်များမှ မှာယူမှုများလာလျက်ရှိသည်ဟု သိရသည်။

"အခုနှစ်ပိုင်းမှာ ထန်းသားနဲ့ လုပ်တာက ပြန်ခေတ်စားလာတာ၊ ဟိုတယ်တွေက မှာတာပိုများလာတယ်၊ ဘာလို့ အမှာများလဲဆိုတော့ အညာဒေသထွက် ထန်းသားနဲ့ ပြုလုပ်ထားတဲ့ ပရိဘောဂလက်မှုထည်တွေကို နိုင်ငံခြားသားတွေက အကြိုက်များလို့ပါပဲ"ဟု ပခုက္ကူစက်မှုဇုန်တွင် ပရိဘောဂလုပ်ငန်းကို နှစ် ၃၀ ကြာ လုပ်ကိုင်လာသူ ဦးစိုးထွန်းက ပြောသည်။

ယခုနှစ်များအတွင်းတွင် ပရိဘောဂများကို ပြုလုပ်ရာ၌ စက်များအသုံးပြုကာ ပြုလုပ်လာကြလျက်ရှိပြီး ထန်းသားပရိဘောဂများကို ဟိုတယ်များမှ မှာယူမှုများပြားလာသော်လည်း ပုဂ္ဂလိကအနေဖြင့် မှာယူမှုမှာနည်းပါးသည်ဟု သိရသည်။

ထန်းသားဈေးနှုန်းမှာ ကျွန်းသစ်ထက် ဈေးနှုန်းချိုသာသော်လည်း ပရိဘောဂများ ပြုလုပ်ရာတွင် ခက်ခဲသဖြင့် လက်ခတန်ဖိုးများခြင်းကြောင့် ထန်းသားဖြင့် ပြုလုပ်သည့် ပရိဘောဂပစ္စည်းများမှာ ကျွန်းသားပရိဘောဂများနှင့် ဈေးနှုန်းတန်းတူ ရှိကြောင်း သိရသည်။

"သံတို့၊ စတီးတို့ အများကြီး ပေါ်လာပေမယ့် ဟိုတယ်တော်တော်များ များက သံနဲ့ လုပ်တဲ့ပစ္စည်းကို မကြိုက်ဘူး၊ မြန်မာ့သဘာဝကို နိုင်ငံခြားသား ကြိုက်တာများတော့ နိုင်ငံခြားသားတွေက ကြိုက်လို့ပါ"ဟု ဦးစိုးထွန်းက ပြောသည်။



**အိမွန်ဆွေ(ရေစကြို)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီစည်းဝေး



**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်ဆွေးနွေး**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းမှုမြှင့်တင်ရေးနှင့် သဘာဝအရင်းအမြစ်များ အကျိုးရှိစွာ စီမံခန့်ခွဲအသုံးချရေးစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Groupe de Recherches et d'Echanges Technologiques (GRET) တို့




အကြား စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲအသုံးချရေးစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ Groupe de Recherches et d'Echanges Technologiques (GRET) မှ ဌာနေကိုယ်စားလှယ် ဒေါ်မြင့်စုနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် အမှာစကားပြောကြားပြီး GRET ဌာနေကိုယ်စားလှယ် ဒေါ်မြင့်စုက နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် GRETဌာနေကိုယ်စားလှယ် ဒေါ်မြင့်စုတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပြီး **(ဝဲပုံ)** နားလည်မှုစာချွန်လွှာ အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Groupe de Recherches et d'Echanges Technologiques (GRET) တို့ ပူးပေါင်း၍ ချင်းပြည်နယ် မြောက်ပိုင်း ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်မြို့နယ်များနှင့် ချင်းပြည်နယ် (တောင်ပိုင်း) ပလက်ဝမြို့နယ်တို့၌ သုံးနှစ်ကြာစီမံကိန်းဖြင့် စားနပ်ရိက္ခာဖူလုံဝပြောပိုလျှံရေး၊ သက်မွေးဝမ်းကျောင်း မြှင့်တင်ရေးနှင့် သဘာဝအရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲရေး၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေတိုးတက်ရေးလုပ်ငန်းများအား ပြန်လည်မြှင့်တင်ပေးခြင်း စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ယာမြေဥပဒေနှင့် စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်းပြီး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်သည် Connect to Everyone Association အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လယ်ယာမြေဥပဒေနှင့် စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်များတီထွင်ကြံဆနိုင်ဖို့ တိုင်းဒေသကြီးအစိုးရက Yangon Innovation Center ဖော်ဆောင်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

လူငယ်လူရွယ်များအကြား အနာဂတ်ဖန်တီးမှု အခွင့်အလမ်းများ တီထွင်ကြံဆနိုင်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းများ ပေါ်ထွန်းနိုင်ရေး၊ လူငယ်နှင့် လူမှုအဖွဲ့အစည်းများက အစိုးရထံ အကြံပြုဖော်ဆောင်နိုင်ရေးအတွက် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ကျန်းမာရေးဆိပ်ကမ်းဝင်း အတွင်း Yangon Innovation Center ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"တက္ကသိုလ်တွေက နှစ်စဉ်ပေါ်ထွက်လာတဲ့ လူငယ်တွေ၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမပြီးလိုက်ရတဲ့ လူငယ်တွေ တီထွင်ဖန်တီးနိုင်မှု ဖော်ဆောင်နိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ကြိုတင်ပြင်ဆင်ခဲ့ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ယနေ့နံနက်ပိုင်းက ကျန်းမာရေးဆိပ်ကမ်းဝင်းအတွင်း ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါ Yangon Innovation Center ပေါ်ပေါက်လာပါက ဥပဒေတစ်ရပ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊အထူးသဖြင့် စွန့်ဦးတီထွင်လုပ်ငန်းများအတွက် ဥပဒေများခိုင်ခိုင်မာမာ ပေါ်ထွက်လာရေး လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



Yangon Innovation Center ကော်မတီတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် ဒေါက်တာ ထွန်းသီဟသက်နှင့် ဦးနေအောင်တို့ ပါဝင်ကြောင်း သိရသည်။

ကော်မတီအနေဖြင့် Yangon Innovation Center ကိုအဆင့်(၁)၊အဆင့်(၂) ခွဲခြားဖော်ဆောင်သွားမည်ဖြစ်ပြီး အဆင့်(၁)ကို ယခုနှစ် မတ်လတွင် စတင်မည်ဖြစ်ကာ စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဟု လျာထားကြောင်း၊ အဆင့် ၂ ကို လာမည့်နှစ် စက်တင်ဘာလတွင် အပြီးသတ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြတ်စန္ဒီ၊ ဓာတ်ပုံ -ဇော်မင်းလတ်**

# နယ်စပ်ဒေသတိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ နေပြည်တော်နှင့် ပတ်ဝန်းကျင်လေ့လာရေးခရီးစဉ်စတင်

**နေပြည်တော် ဇန်နဝါရီ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များကို လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ဇန်နဝါရီ ၉ ရက်မှ ၁၂ ရက်အထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်သို့ လေ့လာရေးခရီးစဉ် ရောက်ရှိလာကြသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ပူတာအိုမြို့နယ်များမှ ဂျိမ်းဖောနှင့် ရဝမ်တိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရှင်းလက်ဝဒေသမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်မှ ရှမ်း၊ 'ဝ'၊ လားဟူတိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး၊ ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်များမှ ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး စုစုပေါင်း ၁၀၀ တို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်၊ ဗုဒ္ဓဂါယာသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြရာ ဂေါပကအဖွဲ့က လိုက်လံရှင်းလင်းပြသသည်။



ထိုမှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ သွားရောက်၍ လေ့လာကြည့်ရှုခဲ့ကြရာ တာဝန်ရှိသူများက အဆင့်မြင့်နည်းပညာဖြင့် မြေလွှာမဲ့ဟင်းသီးဟင်းရွက်စိုက်ပျိုးနေမှုများ၊ စက်မှုသီးနှံဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနဌာနခွဲအကြောင်း သိကောင်းစရာများကို လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**မွန်းလွဲပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ နယ်စပ်ဒေသ တိုင်းရင်းသားအဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာခဲ့ကြရာ ရွာတော်တည်းခိုရေးနှင့် စစ်ကြောရေးစခန်းတွင် စနစ်တကျနေရာချထားပေးပြီး ယင်းနေ့ ညနေပိုင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က သွားရောက်တွေ့ဆုံနှုတ်ဆက်၍ အိပ်ဆောင်များ၊ ထမင်းစားဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူများအား ဖိတ်ကြားခေါ်ယူ၍ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရသည့် အဓိကရည်ရွယ်ချက်များမှာ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများပမာ ကောင်းမွန်မှန်ကန်သော ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်းများ

## ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို UEHRD စီမံကိန်း၏ ရည်ရွယ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် Centre for Humanitarian Dialogue (CHD) အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၉**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် Centre for Humanitarian Dialogue (CHD) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Adam Cooper နှင့် အဆိုပါ ဝန်ကြီးရုံးမေခလာခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် Mr. Adam Cooper က ရခိုင်ပြည်နယ်မှ ဘာသာစုံ၊ လူမျိုးစုံပါဝင်သော လူငယ်များအား မတူကွဲပြားသော လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုကို လေ့လာနိုင်စေရန် အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေးခရီးစဉ်စီစဉ်ပေးခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအတွက် အလားတူအစီအစဉ်များ စီစဉ်ပေးလိုပါကြောင်း၊ ရခိုင်ပြည်နယ်လွှတ်တော်အတွက်လည်း စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပြုလုပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သက်ဆိုင်ရာ ပညာရှင်များ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ဆွေးနွေးပွဲကို စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲရလဒ်အား ပေးပို့ပေးမည်ဖြစ်ပါကြောင်း ပြောကြားကာ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအဆိုပြု အစီအစဉ်အား ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးလျက်ရှိသော စေတနာ့ဝန်ထမ်း လူငယ်အစီအစဉ်တွင် မြန်မာနိုင်ငံ အနှံ့အပြားမှ ပါဝင်ကူညီနေသော လူငယ်များအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းနှင့် ပြည်ပလေ့လာရေး အစီအစဉ်များ စီစဉ်ပေးရန်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စများ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးရုံးအား ဝန်ကြီးဌာနတွင် တည်ထောင်ထားပြီး UEHRD နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းများအတွက် ညှိနှိုင်းအကောင်အထည်ဖော်မှု၊ ဦးစားပေးလုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်နေမှု၊ ကော်မတီအတွက် အကြံပေးအဖွဲ့အား ပြည်တွင်း၊ ပြည်ပမှပညာရှင်များဖြင့် ဖွဲ့စည်းထားပြီး မကြာမီတွေ့ဆုံဆွေးနွေး ရန် စီစဉ်ထားရှိမှုတို့ကို ဆွေးနွေးကာ Centre for Humanitarian Dialogue (CHD) အဖွဲ့၏ UEHRD အစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် အဆိုပြုချက်များအား အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မောင်တောမြို့နယ်အတွင်းရှိ တိရစ္ဆာန်များအား ကာကွယ်ကုသ

**နေပြည်တော် ဇန်နဝါရီ ၉**
မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်နှင့် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ခြံပြင်(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့သည်။

**ဆေးကုသပေး**

ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၇၅ ကောင်နှင့် ဆိတ် ၇၄၁ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးသင်တန်းများဖွင့်လှစ်

**စစ်တွေ ဇန်နဝါရီ ၉**
ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း၊ ပြည်နယ်အဆင့်ဆရာဖြစ်သင်တန်းကို ဖွင့်လှစ်ရာ(**အောက်ပုံ**) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က အမှာစကားပြောကြားသည်။ သင်တန်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ သင်တန်းသား ၄၀ ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်သည်။



ထို့ပြင် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဉာဏ်သစ်လောင်းသင်တန်းများ၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြီး နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါပြည်သူ့ဆေးရုံကြီးတွင် မှုခင်းဆိုင်ရာဆေးပညာ မွမ်းမံသင်တန်းကို ဖွင့်လှစ်ရာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်လွင် တက်ရောက်အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်အတွင်း ဆရာဝန်များ၏ မှုခင်းဆိုင်ရာ ဆေးပညာအရည်အသွေးမြင့်မားစေရန်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး၊ မှုခင်းဆရာဝန်ကြီးများ၊ သင်တန်းသားတိုက်နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်ကြီးများ တက်ရောက်ကာ သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချကာ သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မြဝတီမြို့ ကလေးစာပေပွဲတော် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**မြဝတီ ဇန်နဝါရီ ၉**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း၌ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှစ၍ နှစ်ရက်ကြာကျင်းပခဲ့ရာ ဇန်နဝါရီ ၇ ရက်က ဆုချီးမြှင့်ခြင်းအခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ကျေးဇူးတင်စကားပြောကြားပြီး ကလေးစာပေပွဲတော် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ မြဝတီမြို့ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ပြီး ပါဝင်ဆင်နွှဲသူ ကလေးငယ်များဖြင့် အလွန်စည်ကားခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးလုပ်ငန်းများဆောင်ရွက်

**ဆိပ်ဖြူ ဇန်နဝါရီ ၉**
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ကထိက ဒေါက်တာတင်မောင်ထွန်း ဦးဆောင်သော သွားဆရာဝန်များနှင့် အလုပ်သင်ဆရာဝန်များ၊ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများသည် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့အလယ်ပိုင်း ရပ်ကွက်ရှိ မြို့မမူလတန်းကျောင်းသို့ ဇန်နဝါရီ ၇ ရက်က သွားရောက်ပြီး ဒေသခံပြည်သူများအား သွားနှင့် ခံတွင်းကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအဖွဲ့သည် ဇန်နဝါရီ ၃ ရက်မှ ဇန်နဝါရီ ၇ ရက်အထိ ငါးရက်အတွင်း ဆိပ်ဖြူမြို့နယ်မှ ကျေးရွာလေးရွာနှင့် မြို့ပေါ်ရပ်ကွက်များ၌ ပညာပေးမှုများ ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူ ၁၉၇၀ အား သွားနှင့် ခံတွင်းကျန်းမာရေး ပညာပေးဟောပြောခြင်း၊ သွားနှင့် ခံတွင်းစစ်ဆေးပေးခြင်းနှင့် စစ်တမ်းကောက်ယူခြင်း၊ ရောဂါကုသပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါအဖွဲ့၏ သွားနှင့် ခံတွင်းစစ်တမ်း ကောက်ယူချက်များအရ ကျေးလက်နေပြည်သူအများစုသည် သွားနှင့် ခံတွင်းသန့်ရှင်းရေးကို အလေးထားမှုနည်းပါးကာ သွားပိုးစားမှုများရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး သွားဖုံးကင်ဆာခံစားနေရသည့် လူနာတစ်ဦးကိုလည်း စစ်ဆေးတွေ့ရှိ၍ ဆေးဝါးကုသမှုခံနိုင်ရန် ပခုက္ကူခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## မူးယစ်ဆေးဖြတ်ကုသခြင်း သင်တန်းဖွင့်

**ဖန်းမောက် ဇန်နဝါရီ ၉**- စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် ပင်ဟင်းခါးကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းကို ဇန်နဝါရီ ၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က မူးယစ်ဆေးစွဲသူများအတွက် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်အပြင် မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ရပ်ရွာ အခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းကို ဇန်နဝါရီ ၉ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသို့ ဆေးဖြတ်ပြီးသူ ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# နှောင့်နှေးကြန့်ကြာမှုများကိုဖြေလျှော့ကာ ပြည်ပရောက်မြန်မာတို့၏ မိသားစုလွှဲပို့ငွေများ တရားဝင်ဖြစ်စေရေး ပူးပေါင်းဆောင်ရွက်မည်

**သတင်း-ခင်ရတနာ**

**ပြည်ပနိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ မိသားစုများထံပေးပို့သည့် လုပ်ခလစာများကို လျင်မြန် မှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များ၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ တွေ့ဆုံညှိနှိုင်းပွဲကို ယနေ့နံနက်က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ယာပုံ)


ဓာတ်ပုံ-သော်တာဝင်း

**နိုင်ငံ့စီးပွားရေးအထောက်အကူပြု**

"ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ပြည်ပကနေ ပြန်လည်ပေးပို့ငွေတွေက အလွန်များပြားပါတယ်၊ အဲဒီလိုပေးပို့တဲ့ ငွေကြောင့် နိုင်ငံရဲ့ဂျီဒီပီကို တိုးတက်မြင့်မားစေပြီး ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ လုပ်အားနဲ့ နိုင်ငံတော်ကို အများကြီးအကျိုးရှိနေတာဖြစ်ပါတယ်၊ ဒီငွေကြေးတွေကို တရားဝင်ပေးပို့တဲ့အတွက် အလုပ်သမားတွေရဲ့ အကျိုးခံစားခွင့် အနာဂတ်စီမံကိန်းတွေကိုလည်း ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်၊ အချို့အာဆီယံနိုင်ငံတွေဆိုရင်လည်း ရွှေ့ပြောင်းအလုပ်သမားတွေက ပြန်လည်ပေးပို့တဲ့ ဝင်ငွေတွေကနေ နိုင်ငံ့စီးပွားရေးတွေကို အထောက်အကူပြုနေတာလည်း များစွာရှိပါတယ်"ဟု အဆိုပါအခမ်းအနားအပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ဗဟိုဘဏ်၊ အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ တက်ရောက်ခဲ့ကြသည်။

**အကောင်းဆုံးနည်းလမ်းကိုရှာ**

အဆိုပါအခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "ပြည်တွင်းဘဏ်တွေနဲ့ ချိတ်ဆက်ရာမှာ အခက်အခဲတွေရှိပါတယ်၊ ဒါတွေကို ကျော်လွှားစေနိုင်မယ့် နည်းလမ်းတွေကို ဝိုင်းဝန်းဆွေးနွေးကြစေလိုပါတယ်၊ ပြည်ပနိုင်ငံတွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ မိသားစုလွှဲပို့ငွေတွေကို လုံခြုံစိတ်ချစွာနဲ့ တရားဝင်လမ်းကြောင်းတွေကနေ နိုင်ငံထဲကို အလွယ်တကူစီးဝင်လာနိုင်ဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် တာဝန်ခံဝန်ကြီးဌာနကရော၊ ဗဟိုဘဏ်ကရော၊ ပုဂ္ဂလိကဘဏ်တွေကရော၊ အလုပ်သမားစေလွှတ်နေကြတဲ့ အေဂျင်စီတွေကရော အားလုံးက အကောင်းဆုံးနည်းလမ်းကိုရှာပြီး လုပ်ဆောင်ပေးကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံသားများ ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံများရှိ အလုပ်ရှင်၊ အလုပ်သမား၊ ဘဏ်များ၊ မြန်မာနိုင်ငံတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုများ၊ ဝန်ကြီးဌာန၊ အလုပ်သမားပို့ဆောင်ပေးနေသည့် အေဂျင်စီများ၊ ပြည်တွင်းရှိ အစိုးရ၊ ပုဂ္ဂလိကဘဏ်များ ချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်နှင့် လက်ရှိအလုပ်သမားများ၏ ယုံကြည်မှု အများဆုံးရရှိနေသည့် ပြည်တွင်း၊ ပြည်ပ ဟွန်ဒီငွေလွှဲစနစ်များမှ ငွေလွှဲပြောင်းနေမှုများကို တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိလာစေရန် မည်သို့ချိတ်ဆက်ဆောင်ရွက်မည်ဆိုသည့် အချက်အလက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားသည်။

ပြည်ပသို့ ရွှေ့ပြောင်းသွားလာနေထိုင် အလုပ်လုပ်ကိုင်မှုသည် နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်ရှိလာပြီဖြစ်ပြီး ပြည်ပနိုင်ငံအသီးသီးတွင် မြန်မာရွှေ့ပြောင်းသွားလာ နေထိုင်အလုပ်လုပ်ကိုင်သူ ငါးသန်းကျော်ရှိနေပြီဖြစ်သည်။ သို့သော် တရားဝင်လွှဲပို့မှုအနေဖြင့် ရာခိုင်နှုန်း အလွန်နည်းပါးနေရာ မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှ စီးဝင်နိုင်ရေးသည် အလွန်အရေးကြီးကြောင်း သိရသည်။

**ယုံကြည်စိတ်ချဖို့ခက်**

"ဟွန်ဒီစနစ်နဲ့ တရားဝင်ဘဏ်တွေ ချိတ်ဆက်ငွေလွှဲတဲ့စနစ်မှာ ကွာဟချက်တွေ အများကြီးရှိပါတယ်၊ ဟွန်ဒီက မြန်တယ်၊ ဖုန်းကနေ လွှဲပေးတယ်၊ ဟွန်ဒီတွေကလည်း ဟိုဘက်က ပို့ခရော လွှဲငွေပါရပြီဆိုတာနဲ့ တစ်ဖက်က မြန်မာနိုင်ငံမှာ အိမ်တိုင်ရာရောက် လိုက်ပို့ပေးတယ်၊ ပိတ်ရက်မရှိဘူး၊ အလုပ်တွေ၊ စက်ရုံတွေအထိ ဟွန်ဒီလုပ်ငန်းလုပ်ကိုင်သူတွေက လက်ခွဲကိုယ်စားလှယ်တွေထားတယ်၊ သူတို့တွေက အချိန်မရွေး လာယူပေးကြတယ်၊ ဘဏ်ကနေ တရားဝင်ငွေလွှဲဖို့ဆိုရင် ဘဏ်ကို ရောက်အောင်သွားကြရတယ်၊ အများစုက ဘဏ်မှာ စုံစမ်းတာမျိုး၊ ဖောင်ဖြည့်ကြရတာမျိုး မလုပ်ချင်ကြဘူး၊ ငွေကြေးကလည်း အလွယ်ပြောရရင် အဝေးဈေး၊ အနီးဈေး ရှိသေးတယ်၊ ရောင်းဈေး၊ ဝယ်ဈေးစတဲ့ ပေါက်ဈေးကွာခြားမှုကြောင့် ငွေလျော့တယ်၊ ငွေကြေးကွာခြားမှုကလည်း ငွေကျပ် ၁၂ ကျပ်ကနေ ၁၅ ကျပ်လောက်အထိ ရှိနေတော့ ဟွန်ဒီကို ပိုပြီးအားသာကြတာဖြစ်ပါတယ်၊ ဒါပေမယ့် ဟွန်ဒီရဲ့ ဆိုးရွားမှုလည်း ရှိနိုင်တယ်၊ မကြာခဏ အလိမ်ခံကြရတယ်၊ လိမ်ရင် သိန်းထောင်သောင်းနဲ့ ချီပြီး လိမ်တာမို့ ယုံကြည်စိတ်ချဖို့ခက်တယ်၊ အသင်းအနေနဲ့ကတော့ ဆောင်ရွက်ပေးလို့ရတာတွေကို ဆောင်ရွက်ပေးသွားပါမယ်" ဟု ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

**တရားဝင်ငွေလွှဲပို့သည့်နှုန်းနည်းပါး**

ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးအောင်ခင်ကလည်း ၂၀၁၂ ခုနှစ်ကတည်းက မိသားစုလွှဲပို့ငွေနှင့် ပတ်သက်၍ ကမ္ဘောဇဘဏ်နှင့် ချိတ်ဆက်ကာ ၎င်းတို့အေဂျင်စီမှ စေလွှတ်ထားသည့် စက်ရုံများအား သွားရောက်လေ့လာခဲ့ပြီး ငွေလွှဲလုပ်ငန်းအဆင်ပြေစေရန် ကြိုးပမ်းခဲ့ဖူးကြောင်း၊ လွှဲခမယူဘဲ အတတ်နိုင်ဆုံး တရားဝင်လမ်းကြောင်းမှ ငွေလွှဲနိုင်ကြစေရေး ကြိုးပမ်းကြည့်သော်လည်း အလုပ်သမားအများစုမှာ ဟွန်ဒီစနစ်ကိုသာ အားထားနေသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်းကလည်း ထိုင်းနိုင်ငံသို့ သွားရောက်သည့် အလုပ်သမားများအနက်မှ စက်ရုံတစ်ရုံရှိ မြန်မာအလုပ်သမားများ၏ ငွေလွှဲပို့နှုန်းကို အချက်အလက် ကောက်ယူကြည့်ရာ ဘတ် ၁၈၃ သိန်း မြန်မာကျပ်ငွေ သိန်းပေါင်း တစ်သောင်းကျော်ရှိကြောင်း၊ သို့သော် အများစုမှာ ဟွန်ဒီစနစ်ကိုသာ အားထားသဖြင့် တရားဝင်ငွေလွှဲပို့သည့်နှုန်းမှာ အလွန်နည်းပါးကြောင်း ပြောကြားသည်။

**နည်းပညာပိုင်းမြှင့်တင်ရန် လုပ်ဆောင်နေ**

ဗဟိုဘဏ်မှ တာဝန်ရှိသူကလည်း ငွေလွှဲလုပ်ဆောင်မှုများအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေလွှဲကိစ္စရပ်များအတွက် များစွာ ဖြေလျှော့ပေးလျက်ရှိပါကြောင်း၊ ဘဏ်များအနေဖြင့်လည်း တင်ပြလာသည့်အခါ အထောက်အထားများ တောင်းရန် ဥပဒေအရ လိုအပ်ပါကြောင်း၊ ဘဏ်လုပ်ငန်းသည် နူးညံ့သိမ်မွေ့သည့် လုပ်ငန်းဖြစ်သည့်အားလျော်စွာ တရားဝင်ငွေရေးကြေးရေး အဖွဲ့အစည်းများကို လိုင်စင်များ ပေးအပ်နိုင်ရန် ဗဟိုဘဏ်မှလည်း ကြိုးပမ်းနေကြောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကိုလည်း အချိန်အခါစောင့်ကြည့်နေရပါကြောင်း၊ ညွှန်ကြားချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခြင်းနှင့် ဘဏ်များကိုလည်း နိုင်ငံခြားဘဏ်များနှင့် လွတ်လပ်စွာ ချိတ်ဆက်ခွင့်ပေးအပ်ထားကြောင်း၊ နည်းပညာအရ မိုဘိုင်းပေးမန့်စနစ်သည် မြန်မာနိုင်ငံအတွင်းသာရရှိသေးပြီး Cross Border Mobile Payment စနစ်ကိုလည်း အသုံးပြုနိုင်အောင် နည်းပညာပိုင်းမြှင့်တင်ရန် လုပ်ဆောင်နေကြောင်း ပြန်လည်ဆွေးနွေးသည်။

အဆိုပါအခမ်းအနားအတွင်း မြန်မာနိုင်ငံ၏ ဘဏ်ပိတ်ရက်များနှင့် ပြည်ပတွင် ရောက်ရှိနေကြသည့် အလုပ်သမားများ အားလပ်ရက်မှာ ကိုက်ညီမှုမရှိခြင်း၊ ငွေကြေး လဲလှယ်နှုန်းထား ကွာဟမှုများရှိခြင်း၊ ဟွန်ဒီစနစ်ဖြင့် ငွေလွှဲပေးပို့ရာတွင် အားနည်းချက် များစွာရှိသော်လည်း အိမ်တိုင်ရာရောက် ပို့အပ်သည့် ငွေကြေးအတိုင်း လျင်မြန်စွာ ရရှိနေကြခြင်းတို့ကြောင့် ဘဏ်များမှတစ်ဆင့် ငွေလွှဲပို့ရန်မှာ အားနည်းနေကြကြောင်း အေဂျင်စီများ၊ အစိုးရတာဝန်ရှိသူများနှင့် ဘဏ်လုပ်ငန်းရှင်များက ဆွေးနွေးကြသည်။

**လုံခြုံစိတ်ချရသည့် ပြောင်းရွှေ့မှုများဖြစ်စေရန်**

အခမ်းအနားအတွင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လာမည့်ကာလများတွင် မလေးရှား၊ ဟောင်ကောင်၊ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား စသည့်နိုင်ငံများသို့လည်း ဂုဏ်သိက္ခာရှိစွာ ဥပဒေနှင့်အညီ ကုန်ကျစရိတ်သက်သာစွာဖြင့် အလျင်အမြန်ဆုံးစနစ်များဖြစ်စေရန်၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများဖြင့် အဆင်ပြေချောမွေ့သည့် လုပ်ငန်းများဖြစ်စေရန် နိုင်ငံတော်အစိုးရဘက်မှလည်း ဖြေလျှော့နိုင်သမျှ ဖြေလျှော့နိုင်စေရန် ဖြေလျှော့ပေးနိုင်ရန်အတွက်လည်း နိုင်ငံတော်အကြီးအကဲများကလည်း စဉ်းစားထားပြီး မလိုလားအပ်သည့် ကြိုးနီစနစ်များ၊ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်အောင် ဖြေလျှော့ရန်အသင့်ဖြစ်ပြီး အစိုးရဘက်မှ တစ်ဖက်တည်းဖြေလျှော့ရန် မဖြစ်နိုင်ဘဲ၊ အလုပ်သမားအကျိုးစီးပွားများအား ကာကွယ်ရန်ရှိသည့်အတွက် ပြည်ပသို့ အလုပ်သမားများ ပို့ဆောင်ပေးနေသည့် အေဂျင်စီများနှင့် အစိုးရအဖွဲ့များ ပေါင်းစပ်ပြီး လိုအပ်သည့်အချက်များ ဖြည့်ဆည်းပေးမှသာ စနစ်တကျ ဖြေလျှော့နိုင်မည်ဖြစ်၍ အဓိက အားဖြင့် အစိုးရအဖွဲ့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားအလုပ်သမားများကို ပိုမိုတိုးတက်ပြီး စနစ်တကျဥပဒေနှင့်အညီ မြန်ဆန်သည့် နည်းစနစ် လုပ်ထုံးလုပ်နည်းများဖြင့် ပိုမိုအကုန်အကျ သက်သာစေသည့်၊ ပိုမိုလုံခြုံစိတ်ချရသည့် ပြောင်းရွှေ့မှုများဖြစ်စေရန် ကြိုးစားဆောင်ရွက်နေပြီးဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားခဲ့သည်။

**အဖြေတစ်ခုရရှိအောင်**

ယနေ့အချိန်ထိ နိုင်ငံတော်အစိုးရက အလုပ်သမားများထံမှ မည်သည့်အခွန်မျှ ကောက်ခံခြင်းမရှိသေးဘဲ ပြည်ပသို့ သွားရောက်သည့်အချိန်တွင်သာ သတ်မှတ်ထားသည့် ငွေကြေးကို ကောက်ခံနေခြင်းဖြစ်သည်။ ဘဏ်များအနေဖြင့် အလုပ်သမားများ၏ အခက်အခဲများအား သိရှိနားလည်ခြင်းဖြင့် ဘဏ်များ၏လိုအပ်ချက် စည်းမျဉ်းစည်းကမ်းများ ညီညွတ်အောင် မည်သို့ဖြည့်စွက်ဆောင်ရွက်ပြီး မည်သို့အကောင်အထည်ဖော်နေသည်ဆိုသည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးကြရန်နှင့် အခြားအိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများတွင် ဆောင်ရွက်နိုင်ကြပြီး မိမိတို့နိုင်ငံရှိ ဘဏ်များနှင့် အေဂျင်စီများမှ အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဖြေတစ်ခုရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဖြေတစ်ခုရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းနှင့် ယခုဆွေးနွေးပွဲနှင့် ရပ်တန့်မနေဘဲ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လုပ်ချင်တာ၊ လုပ်သင့်တာ၊ လုပ်နိုင်တာကို အဆင့်ခွဲခြားပြီး ကြိုးစားလုပ်ဆောင်ပေးကြပါရန် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

# ထိုင်းနိုင်ငံရောက် MoU အလုပ်သမားများ လုပ်ငန်းခွင်အတွင်း အခက်အခဲများ ကြုံတွေ့နေရဟုဆို



**ဗန်ကောက် ဇန်နဝါရီ ၉**

ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်စီမံကိန်းတစ်ခု၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာ MoU အလုပ်သမား ၄၄ ဦး အခက်အခဲများ ကြုံတွေ့နေရသဖြင့် ယာယီဖျက်သိမ်းထားသည့် ထိုင်းနိုင်ငံအခြေစိုက် အလုပ်သမားများအကူအညီပေးလျက်ရှိသည့် AAC မဟာမိတ်အဖွဲ့ထံသို့ ယမန်နေ့က လာရောက်အကူအညီတောင်းခံသဖြင့် ကူညီကယ်ဆယ်စောင့်ရှောက်ထားရကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများမှာ မြန်မာနိုင်ငံ MoU အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုမှ ထိုင်းနိုင်ငံအထပ်မြင့် အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းတစ်ခုတွင် အလုပ်လုပ်ကိုင်ရန်ဆိုသည့် သဘောတူညီချက်ဖြင့် တာဝန်ယူ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အလုပ်သမားတစ်ဦးလျှင် မြန်မာငွေကျပ် လေးသိန်းခွဲမှ ငွေကျပ် ခြောက်သိန်းအထိ အဆိုပါ အေဂျင်စီ တာဝန်ရှိသူများထံသို့ ပေးချေခဲ့ရကြောင်း၊ ထိုင်းနိုင်ငံအတွင်း မူလသဘောတူညီထားသည့် လုပ်ငန်းခွင်တွင် မလုပ်ကိုင်ရဘဲ အခြားလုပ်ငန်းခွင်တွင် ပင်ပန်းစွာ လုပ်ကိုင်နေခဲ့ရကြောင်း၊ လုပ်ငန်းခွင်အတွင်း မူလသဘောတူညီထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ လုပ်အားခများ ထပ်မံဖြတ်တောက်ခံနေရကြောင်း၊ လုပ်အားခ ပုံမှန်ရှင်းပေးခြင်းမရှိသဖြင့် စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ တရားဝင် အစိုးရရုံးပိတ်ရက်များတွင် နေ့ကြေးမပေးသည့်အပြင် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရမှုဖြစ်ပေါ်ပါက နားရက်များအတွင်း နေ့တွက်ပေးခြင်း မရှိကြောင်း၊ မြန်မာနိုင်ငံ၏ အစိုးရသတ်မှတ်ဈေးနှုန်းထက် အဆိုပါအေဂျင်စီသို့ ဝန်ဆောင်ခများ ပိုမိုပေးချေခဲ့ကြောင်း၊ အလုပ်သမားများ၏ ပတ်စပို့စာအုပ်နှင့် ဝါ့ပါမစ်များအား အလုပ်သမားများ လက်ထဲသို့ ပေးအပ်ထားခြင်းမရှိသည့်အပြင် တာဝန်ယူ ခေါ်ဆောင်လာသည့် အေဂျင်စီက တာဝန်ယူဖြေရှင်းပေးမှု မရှိခြင်းကြောင့် ယခုကဲ့သို့ အလုပ်သမားများက မိမိတို့၏ သဘောဆန္ဒအလျောက် ယာယီဖျက်သိမ်းခံထားရသည့် AAC မဟာမိတ်အဖွဲ့ထံသို့ လာရောက်အကူအညီတောင်းခံသဖြင့် ကူညီကယ်ဆယ်စောင့်ရှောက်ထားရကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# တရားမဝင် ကန့်သတ်ကုန်ပစ္စည်း ဆေးမျိုးစုံ သိမ်းဆည်း

**နေပြည်တော်　ဇန်နဝါရီ　၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၆ စီး၊ သွင်းကုန်အစီး ၁၀၁၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




တရားမဝင်ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့်ဆေး ၂၃ မျိုး

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၇၅၇ သန်းခန့်၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၂၁၇ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၉၇၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၈ ရက်က မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ရှောင်ကွင်းလမ်းဖြစ်သည့် ရွှေဖြူရော်ဘာခြံလမ်းအတွင်း သွားရောက်စစ်ဆေးခဲ့ရာ လမ်းဘေးတွင် စုပုံထားသော တရားမဝင်ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ဆေး ၂၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃၇၃ သန်း ခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖုန်းနှင့် ဆက်စပ်ပစ္စည်း ငွေကျပ်တန်ဖိုး ၂၆ သိန်းကျော် ခိုးယူသူနှစ်ဦးအား ရက်ပိုင်းအတွင်း ဖမ်းမိ

**မိတ္ထီလာ　ဇန်နဝါရီ　၉**

မိတ္ထီလာမြို့မလေးရပ်ကွက် ပန်းတိမ်တန်းနယ်မြေ ရုပ်ရှင်ရုံလမ်းတွင် ဇန်နဝါရီ ၂ ရက်က ဇော်ခင် အီလက်ထရွန်နစ် မိုဘိုင်းဆိုင်အပေါ်ထပ်၌ မလွင်မာဦးသည် အိပ်ပျော်နေစဉ် ဆိုင်အောက်မှ အသံကြား၍ဆင်းကြည့်ရာ ဆိုင်ခန်းတံခါးမကြီးမှာ ပွင့်နေပြီး လမ်းမပေါ်တွင် လူငယ်နှစ်ဦး ထွက်ပြေးသွားသဖြင့် ဆိုင်အတွင်းပစ္စည်းများအား စစ်ဆေးရာ ဖုန်းနှင့် အပိုပစ္စည်း ၂၈ မျိုး စုစုပေါင်း ငွေကျပ်တန်ဖိုး ၂၆၅၆၀၀၀ ခန့်မှာ ခိုးယူခံရသဖြင့် ခိုးယူသွားသော လူငယ်နှစ်ဦးအား အရေးယူပေးရန် မလွင်မာဦးက မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ခိုးယူသွားသူနှစ်ဦးအား မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်း၏ ဦးဆောင်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်မြင့်ထွန်းနှင့် အဖွဲ့၊ ခရိုင်မှု/ ကူဌာနခွဲမှ ဒုရဲအုပ်ဝင်းနိုင်တို့နှင့်အတူ အမှုမှ ပြစ်မှုကျူးလွန်သူများကို ရှာဖွေခဲ့ကြသည်။ ထိုစဉ် ပျောက်ဆုံးသွားသော ဖုန်းကို ဇန်နဝါရီ ၈ ရက်က ဆက်သွယ်ခဲ့ရာ အမျိုးသမီး တစ်ဦးက ကိုင်ဆောင်ခဲ့သည်။

ဖုန်းကိုင်ဆောင်သော အမျိုးသမီးအား တီဗွီတစ်လုံး ကံစမ်းမဲပေါက်နေကြောင်းနှင့် လောလောဆယ်ငွေသား သုံးသိန်းအား ဘဏ်မှလွှဲပေးမည်ဖြစ်၍ အမည်နှင့် မှတ်ပုံတင်နံပါတ်တောင်းရာ အမည်မှာ မစိုးစိုးထွေးဖြစ်ပြီး မှတ်ပုံတင်နံပါတ်ပေးရာ မိတ္ထီလာမြို့ ကမ္ဘောဇဘဏ် (၃) သို့ ငွေသုံးသိန်း လွှဲမည်ဖြစ်ရာ ယခုသွားရောက်ထုတ်ယူရန် အကြောင်းကြားခဲ့သည်။

မိတ္ထီလာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရန်နိုင်ထွန်း၊ မိတ္ထီလာမှု/ ကူဌာနမှ ဒုရဲအုပ်ဝင်းနိုင်နှင့် အသိသက်သေများသည် ဇန်နဝါရီ ၈ ရက် နံနက်၁၀ နာရီတွင် ကမ္ဘောဇဘဏ် (၃)အနီးမှ စောင့်ကြည့်စုံစမ်းနေစဉ် မစိုးစိုးထွေး ရောက်ရှိလာသဖြင့် မြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။ မစိုးစိုးထွေး(ခ)မခင်ရွှေရည် (၃၅နှစ်)မှာ ဝန်ဇင်းရပ်ကွက် နယ်မြေ(၁၁)နေသူဖြစ်သည်။ ၎င်းထံမှ အမှုမှ ပျောက်ဆုံးသွားသော ဆမ်ဆောင်းဖုန်းတစ်လုံးနှင့် အိုပိုဖုန်းတစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းဖုန်းနှစ်လုံးမှာ ၎င်း၏သားဖြစ်သူ ဟိန်းချမ်းဝေက အပ်နှံထားသော ဖုန်းများဖြစ်ကြောင်း အစစ်ခံသဖြင့် ဟိန်းချမ်းဝေ ဝန်ဇင်းရပ်ကွက် နယ်မြေ (၁၁)နေသူအား မယ်ဇလီပင်ကျေးရွာအုပ်စု မုန်ပင်ကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

ဟိန်းချမ်းဝေ၏ အစစ်ခံချက်အရ ၎င်းနှင့်အတူ ဖုန်းခိုးသူ ရတနာမာရ်အောင် ရပ်ကွက်နေ ရဲမင်းထက်(၁၈နှစ်) အား ပြည်သာယာရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည်။ ဟိန်းချမ်းဝေနှင့်အတူ ရဲမင်းထက်တို့ထံမှ သက်သေခံဖုန်းမျိုးစုံ ၁၉ လုံးကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။ဖုန်းခိုးသူနှစ်ဦးအား ရဲတပ်ဖွဲ့၏ ကြိုးပမ်း ဆောင်ရွက်မှုကြောင့် ငါးရက်အတွင်း ပြစ်မှုကျူးလွန်သူများနှင့်အတူ သက်သေခံ ပစ္စည်းများ ပြန်လည်ဖမ်းဆီးရမိခြင်း ဖြစ်သည်။

**တင်လှိုင်(မိတ္ထီလာ)**

# မြဝတီ-ကော့ကရိတ်အာရှလမ်း နတ်စင်ကွေ့အနီး တွဲယာဉ်တစ်စီးတိမ်းမှောက်၊ လေးဦးသေဆုံး

**ကော့ကရိတ်　ဇန်နဝါရီ　၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ်-မြဝတီသွား အာရှလမ်း နတ်စင်ကွေ့အနီးတွင် ဇန်နဝါရီ ၈ ရက် ညပိုင်းက မြဝတီဘက်မှ ကော့ကရိတ်ဘက်သို့ ဘတ်ဖိုးတင်ဆောင်မောင်းနှင်လာသည့် ၂၂ ဘီးယာဉ်(တွဲကား)သည် ယာဉ်ပေါ်တင်ဆောင်လာသော ဘတ်ဖိုးယာဉ်သည် ချောက်အတွင်း ထိုးကျသွားရာမှ အရှိန်မထိန်းနိုင်ဖြစ်ကာ ရှေ့မှမောင်းနှင်နေသည့် ကန်တာယာဉ်အား ပွတ်တိုက်ကာ တိမ်းမှောက်သွားခဲ့သဖြင့် ၂၂ ဘီးယာဉ်ပေါ်လိုက်ပါလာသူ အမျိုးသား လေးဦး အခင်းဖြစ်နေရာ၌ သေဆုံးကာ တစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။

ကော့ကရိတ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးထူးအောင်ရွှေ ဦးစီးအဖွဲ့၊ အမှတ် ၇၁ ယာဉ်ထိန်းတပ်ဖွဲ့စု ရဲအုပ်သန်းနိုင်ရွှေ ဦးစီးအဖွဲ့၊ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်ဇော်နိုင် ဦးစီးအဖွဲ့တို့ဖြင့် သွားရောက်စစ်ဆေးရာ အာရှလမ်းအတိုင်း ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသည့် 5D/----- ၂၂ ဘီး တွဲကားပေါ်တွင် ဘတ်ဖိုးယာဉ်အား တင်ဆောင်၍ မြဝတီဘက်မှ ကော့ကရိတ်ဘက်သို့ မောင်းနှင်လာစဉ် ကီလိုမီတာ ၁၅၄ နှင့် ၁၅၅ အကြား နတ်စင်ကွေ့အနီးအရောက် တွဲယာဉ်ပေါ် တင်ဆောင်လာသော ဘတ်ဖိုးမှာ လမ်း၏ဝဲဘက် ချောက်အတွင်း ထိုးကျသွားကာ ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှမောင်းနှင်နေသည့် ကန်တာယာဉ် တစ်စီးကို ပွတ်တိုက်၍ တိမ်းမှောက်သွားခဲ့ခြင်း ဖြစ်သည်။



ယာဉ်တိမ်းမှောက်မှုကြောင့် တွဲယာဉ်ပေါ် လိုက်ပါလာသူ မျိုးမင်းအောင် (၂၀နှစ်)၊ လှမင်းသော် (၃၅နှစ်)၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် အပါအဝင် စုစုပေါင်း လေးဦးမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ရန်မျိုးအောင်(ခ) မျိုးမြင့်အောင်(၂၂နှစ်)မှာ ဒဏ်ရာ(စိုးရိမ်ရ)များ ရရှိခဲ့ကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

# မိသားစုသုံးဦး မောင်းနှင်စီးလာသောယာဉ်အား သေနတ်သမားများ ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံး

**တောင်ကြီး　ဇန်နဝါရီ　၉**

ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့နယ် ရဲစခန်းနယ်မြေ၌ ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီခန့်တွင် မိသားစုသုံးဦး မောင်းနှင်စီးလာသော ယာဉ်တစ်စီးအား အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် နဝမတန်းကျောင်းသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့နယ်-ဝမ်ဆင်းမှအထွက်စိုင်ပွန်သွားကားလမ်းပေါ်၌ စိုင်းရဲထက်အောင် (နဝမတန်းကျောင်းသား) မောင်းနှင်ပြီး ၎င်း၏မိဘများဖြစ်ကြသော ဦးသီဟ၊ ဒေါ်နှင်းနှင်းခိုင် လိုက်ပါစီးနင်းလာသည့် ပရိုဘောက်ယာဉ်အား အခင်းဖြစ်ပွားရာနေရာအရောက်တွင် သေနတ်သမားသုံးဦး၏ ပစ်ခတ်မှုကြောင့် ယာဉ်မောင်း စိုင်းရဲထက်အောင်မှာ အခင်းဖြစ်နေရာ၌ပင် ဦးခေါင်းပွင့်ထွက်ကာ သေဆုံးခဲ့ပြီး ၎င်း၏မိဘများမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ "ကျွန်မတို့ကားကို ရှေ့ကနေ မျက်နှာကို အိုးမည်းတွေ သုတ်ထားတဲ့ သေနတ်သမားနှစ်ဦးက တားပြီး မျက်နှာကို သနပ်ခါးလိမ်းထားတဲ့သူက သေနတ်နဲ့ နှစ်ချက်ဆင့်ပြီး ပစ်ခတ်ခဲ့လို့ ကျွန်မတို့ မိဘနှစ်ဦးကတော့ ထိခိုက်မှုမရှိဘဲ အသက်ဘေးက လွတ်မြောက်ခဲ့ပါတယ်။ သားက ရှေ့ကနေ ကားမောင်းနေတော့ သေနတ်ကျည်ဆန် ထိမှန်ပြီး သေဆုံးခဲ့တာပါ၊ ကျွန်မတို့ယာဉ်နောက်ကနေ လိုက်ပါလာတဲ့ ယာဉ်နှစ်စီးကြောင့် ကျွန်မတို့ အသက်အန္တရာယ်ကနေ လွတ်မြောက်ခဲ့တာ ဖြစ်ပါတယ်" ဟု သေဆုံးသူ၏မိခင်က ဆိုသည်။

အဆိုပါ မှုခင်းဖြစ်ပွားရာနေရာသို့ ခိုလမ်မြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ လာရောက်ခဲ့ပြီး သေဆုံးသူ စိုင်းရဲထက်အောင်၏ အလောင်းကို ခိုလမ်ပြည်သူ့ဆေးရုံသို့ ရဲဆေးစာနှင့်အတူ ပို့ဆောင်၍ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းအရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော် (မလှိုင်)**

# အမြန်လူစီးရထားနှင့် သုံးဘီးဆိုင်ကယ်တိုက်မိ

**မော်လမြိုင်　ဇန်နဝါရီ　၉**

ရန်ကုန်ဘူတာကြီးမှ မော်လမြိုင်ဘူတာကြီးသို့စက်ခေါင်းမောင်းဦးလှတင်၊ ရထားထိန်း ဦးတင်သိန်း လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် ၈၉ အဆန် အမြန်လူစီးရထားသည် ပေါင်မြို့နယ် ပေါင်ဘူတာနှင့်ကျွဲခြံဘူတာကြား ရထားလမ်းမိုင်တိုင် အမှတ် ၁၆၁/၃ မှ ၄ ၌ ဇန်နဝါရီ ၈ ရက် ညနေ ၄ နာရီ ၅ မိနစ်တွင် သုံးဘီးဆိုင်ကယ်နှင့် တိုက်မိမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အေးသောင်းထွဋ် မောင်းနှင်လာသော သုံးဘီးဆိုင်ကယ်သည် (ရပ်-ကြည့်-သွား) တရားမဝင်ရထားလမ်းကူးကို ဖြတ်မောင်းစဉ် အမှတ် ၈၉ အဆန်အမြန်လူစီးရထား စက်ခေါင်း DF-1331 နှင့်တိုက်မိပြီး လမ်းဘေးသို့ ထိုးကျသွားကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ရထားပေါ်မှ ခရီးသည်များ ထိခိုက်မှုမရှိသော်လည်း သုံးဘီးဆိုင်ကယ်မောင်းမှာ ဦးခေါင်းဒဏ်ရာရရှိသွားပြီး ပေါင်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျွဲခြံရုံပိုင်ကြီး ဦးမြင့်စိုးအောင်က သုံးဘီးဆိုင်ကယ်မောင်း အေးသောင်းထွဋ်ကို ပေါင်မြို့နယ် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ငမိုးရိပ်ချောင်းအတွင်း အရှိန်လွန်ထိုးကျသည့်ယာဉ်မှ ပျောက်ဆုံးနေသူ၏ ရုပ်အလောင်း ရှာဖွေတွေ့ရှိ

**ရန်ကုန်　ဇန်နဝါရီ　၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ငါးမာန်အောင်ဘုရားလမ်းဆုံတွင် ငမိုးရိပ်ချောင်းအတွင်းသို့ ဇန်နဝါရီ ၇ ရက် နံနက် ၃ နာရီခွဲခန့်က အရှိန်လွန်ထိုးကျနစ်မြုပ်သွားသော 6 M /--- ဟွန်ဒါဖစ်ယာဉ်ပေါ်တွင် ပါသွားပြီး ပျောက်ဆုံးနေသည့် စည်သူဖြိုး (၂၄နှစ်)မှာ ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ၎င်း၏ရုပ်အလောင်းကို ငမိုးရိပ်ချောင်း ခေမာသီတံတားအောက်တွင် မိသားစုဝင်များက တွေ့ရှိသဖြင့် နာရေးကူညီမှု အသင်း ( ရန်ကုန် )က ဆယ်ယူပြီး မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူရ**

# ခိုးမှုပြစ်ချက်ဟောင်းရှိသူအား ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှုနှင့် ခါးပိုက်နှိုက်မှုများ ဖော်ထုတ်ရရှိ

**ရန်ကုန်　ဇန်နဝါရီ　၉**

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီခန့်က ဒေါ်-----သည် ၎င်းအလုပ်ရှိရာ ကြည့်မြင်တိုင်မြို့နယ် ကွမ်းရွဲတန်းလမ်း ဈေးကြီးအရှေ့ရပ်ကွက်ရှိ ဓာတ်ခွဲခန်းသုံးပစ္စည်း အရောင်းကုမ္ပဏီသို့ ရောက်ရှိစဉ် ကုမ္ပဏီ ရုံးခန်းထပ်ခိုးတွင် ထားရှိသော မီးခံသေတ္တာအား ရိုက်ဖွင့်ထားသည်ကို တွေ့ရှိရပြီး မီးသံသေတ္တာထဲမှ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၁၂ ရွက်၊ ၁၀ တန် တစ်ရွက်၊ မြန်မာငွေစက္ကူရောရာ ၂၇၈၀၀၀၀ စုစုပေါင်းငွေကျပ် ၄၄၁၃၅၀၀ တို့ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်အား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းဖော်ထုတ်ရေး တပ်ဖွဲ့ဝင်များနှင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ခိုးမှုပြစ်ချက်ဟောင်းရှိသူများအား တိုက်ဆိုင်စစ်ဆေးခဲ့ရာ ခိုးမှုကျူးလွန်သူသည် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်နေ ထွန်းထွန်းနိုင် (၃၁နှစ်) ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား ဇန်နဝါရီ ၂ ရက်တွင် စက်ဆန်းရပ်ကွက် မင်းမဟော်လမ်းပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

ထွန်းထွန်းနိုင်အား စစ်ဆေးရာ ၎င်းသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် ည ၁၁ နာရီက ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက်ရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းအရောင်းဆိုင်အား ဂွ၊ သံတူရွင်းတို့ဖြင့် ဖျက်ဆီးဝင်ရောက်ခဲ့ပြီးနောက် ထပ်ခိုးပေါ်ရှိ မီးခံသေတ္တာအား ထပ်မံဖျက်၍ သေတ္တာအတွင်းမှ အမေရိကန်ဒေါ်လာ၊ မြန်မာငွေတို့အား ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အလားတူ ၎င်းသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေးမှတ်တိုင်မှ မထသ (၈၆)ယာဉ်လိုင်းပေါ်တွင် လိုက်ပါလာသူ အမျိုးသမီးလွယ်ထားသည့် အိတ်အတွင်းမှ ရွှေဟန်းချိန်းတစ်ခု၊ ရွှေနားကပ်တစ်ရန်တို့အား လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ကမာရွတ်မြို့နယ် လှည်းတန်းဈေးအနီးရှိ အပေါင်ဆိုင်၏တံခါးအား ဖျက်၍ ဝင်ရောက်ခဲ့ပြီး ဆိုင်ကောင်တာအံဆွဲအတွင်းမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ထွန်းထွန်းနိုင် အား သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုများ ရေးဖွင့်၍ အရေးယူဆောင် ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများ ပြန်လည် သိမ်းဆည်းနိုင်ခဲ့ကာ ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လတ်ကို လန်ဒန်၌ တွေ့ပြီ

**ဗန်ကောက် ဇန်နဝါရီ ၉**

ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးခဲ့သည့် ဆန်စပါးမတော်မတရားကိစ္စနှင့် ပတ်သက်ပြီး ထောင်ကျမည်ကိုစိုးရွံ့ကာ နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်နေသူ ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာသည် လတ်တလောတွင် ဗြိတိန်၌ ရောက်ရှိနေကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီ ၉ ရက်က ပြောခဲ့သည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ယင်းလတ်၏ ဓာတ်ပုံနှစ်ပုံ လူမှုမီဒီယာတွင် တွေ့ရှိခဲ့ပြီးနောက်ထိုသို့ မှတ်ချက်ပြုပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံနှစ်ပုံအနက်တစ်ပုံမှာ အနီရောင်ကုတ်အင်္ကျီဝတ်ထားသော အမျိုးသမီးတစ်ဦးနှင့် တွဲရိုက်ထားသည့်ပုံဖြစ်ပြီး ပုံစာတွင် လန်ဒန်ဟာရော့တ်စတိုးဆိုင်ရှေ့၌ ရိုက်ထားကြောင်း ဖော်ပြထားသည်။ နောက်တစ်ပုံမှာ လန်ဒန် ဝက်တ်ဖီးလ်ဒ် ရှော့ပင်းမောမှပုံဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုင်းရဲများက အနီရောင်ကုတ်အင်္ကျီဝတ်ထားသည့် အမျိုးသမီးနှင့် ရင်လတ်တွဲရိုက်ထားသည့် ပုံကို အသေအချာစစ်ဆေးနေပြီး ရင်လတ်ပုံဖြစ်ကြောင်း အတည်ပြုခဲ့သည်။ သို့သော်လည်း ဝက်တ်ဖီးလ်ဒ်ရှော့ပင်းမောမှ ပုံကို အတည်မပြုနိုင်သေးကြောင်း သိရသည်။

ဆန်စပါးအလွဲသုံးမှုဖြင့် ရင်လတ်ကို စက်တင်ဘာလက ထောင်ဒဏ်ငါးနှစ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ ရင်လတ်အနေဖြင့် ဩဂုတ်လကတည်းက ထိုင်းမှ တိမ်းရှောင်သွားပြီး မည်သည့် လူသိရှင်ကြားကိစ္စမှ မှတ်ချက်ပြုပြောကြားခြင်း မရှိသေးချေ။

ရင်လတ်နှင့် ၎င်း၏အစ်ကို သက်ဆင်ရှင်နာဝပ်ထရာတို့သည် အာဏာယုဉ်ပြိုင်မှုများတွင် ပါဝင်ခဲ့ကြပြီး ထိုသို့ အာဏာယှဉ်ပြိုင်မှုများသည် ထိုင်းနိုင်ငံရေးကို ဆယ်စုနှစ်တစ်စုကျော် လွှမ်းမိုးခဲ့သည်။

ရင်လတ်ကို လန်ဒန်တွင် တွေ့ခဲ့ရသောကြောင့် ၎င်းတည်ရှိသည့်နေရာကို စုံစမ်းဖော်ထုတ်နိုင်ရန် လန်ဒန်ရှိ သက်ဆိုင်ရာအာဏာပိုင်များနှင့် ချိတ်ဆက်မှုများလုပ်နေကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမူဒွီနိုင်က ဇန်နဝါရီ ၉ ရက်က ဗန်ကောက်တွင် သတင်းထောက်များကို ပြောခဲ့သည်။



လန်ဒန်၌ ရင်လတ်ရောက်ရှိနေသည်ကို စက်တင်ဘာလကတည်းက သိထားပြီးဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ရင်လတ်လန်ဒန်သို့ ရောက်ရှိနေသည်ဟု ပြောကြားခဲ့ကြောင်း သတင်းထောက်များကို ဒွန်က ပြောခဲ့သည်။ သို့သော်လည်း ယခုအချိန်ထိ ခြေရာခံ၍မရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ရိုက်တာ**

# ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲသို့ နိုင်ငံ့ကိုယ်စားပြုပြိုင်ပွဲဝင်များ မြောက်ကိုရီးယား စေလွှတ်မည်

**ဆိုးလ် ဇန်နဝါရီ ၉**

မြောက်ကိုရီးယားသည် လာမည့်လတွင် တောင်ကိုရီးယားနိုင်ငံ ပြုံးချမ်း၌ ကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပွဲသို့ ကိုယ်စားလှယ်တစ်ဦးကိုစေလွှတ်သွားမည်ဖြစ်ကြောင်း အင်္ဂါနေ့က တောင်ကိုရီးယားနှင့် စကားပြောဆိုဆွေးနွေးခဲ့စဉ်အတွင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံကလည်း အကယ်၍ လိုအပ်လာခဲ့ပါက အလည်အပတ်လာရောက်မှုကို လွယ်ကူချောမွေ့စေရန်အတွက် အရေးယူပိတ်ဆို့ထားမှုအချို့ကို ခေတ္တဖယ်ရှားသွားရန်ပြင်ဆင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

နှစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်တောင်ကိုရီးယားနှင့် ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားအာဏာပိုင်များက အားကစားပြိုင်ပွဲသို့ ကိုယ်စားလှယ်များစေလွှတ်မည့်ကိစ္စတွင် အားကစားသမားများလည်း ပါဝင်မည်ဖြစ်ပြီး အဆင့်မြင့်အရာရှိများလည်း ပါဝင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများကို ဖီဆန်ကာ မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများ ပိုမိုလုပ်ဆောင်လာနိုင်သည့် အခြေအနေများရှိနေချိန်တွင် နှစ်နိုင်ငံဆွေးနွေးပွဲများက ကိုရီးယားကျွန်းဆွယ်ပေါ်ရှိ တင်းမာမှုများကို လျော့ကျလာစေမည့် လက္ခဏာပေါ်ထွက်လာနိုင်စေရန် စိတ်အားထက်သန်နေကြသည့် ကမ္ဘာ့ခေါင်းဆောင်များသည် တောင်နှင့် မြောက် စကားပြောဆိုဆွေးနွေးမှုကို အနီးကပ်စောင့်ကြည့်နေကြကြောင်း သိရသည်။

တောင်ကိုရီးယားအာဏာပိုင်အချို့ကမူ အိုလံပစ်အားကစားပွဲတော်သည် တင်းမာမှုများလျော့ကျလာစေမည့် အခွင့်အရေးတစ်ခုဖြစ်သည်ဟု ထင်မြင်နေကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ**

# ကယ်လီဖိုးနီးယား၌ ရွှံ့မြေပြိုကျမှု အန္တရာယ်ကြောင့် ဒေသခံထောင်ပေါင်းများစွာ ထွက်ပြေး

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၉**

ကယ်လီဖိုးနီးယားတောင်ပိုင်း၌ အင်အားပြင်းမိုးသက်မုန်တိုင်း ကျရောက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ မြေပြိုမှုများဖြစ်လာစေသည့်အတွက် ထောင်ပေါင်းများစွာသော ပြည်သူများသည် တနင်္လာနေ့တွင် နေအိမ်များဆီမှ ထွက်ပြေးခဲ့ရကြောင်း သိရသည်။

ကယ်လီဖိုးနီးယားတောင်ပိုင်းသည် ပြီးခဲ့သည့်လကပြင်းထန်သည့် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားကာ သီးနှံစိုက်ခင်းများလောင်ကျွမ်းပျက်စီးခဲ့ရသည့် နေရာဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းမှုများသည် အင်္ဂါနေ့ညနေခင်းတွင် တစ်နာရီလျှင် မိုးရေချိန် ၁ လက်မ (၂ ဒသမ ၅ စင်တီမီတာ) ကျော် အထိရှိလာနိုင်မည်ဟု ခန့်မှန်းထားသည်။

ဗန်တူရာ၊ ဆန်တာဘာဘရာနှင့် လော့စ်အိန်ဂျလိစ် စီရင်စုတို့မှ ဒေသခံများကို အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

မကြာသေးမီက မီးလောင်ကျွမ်းခြင်းခံခဲ့ရသည့်ဧရိယာများသည် အထူးသဖြင့် ပိုမိုထိခိုက်ပျက်စီးလွယ်ပြီး အန္တရာယ်ရှိသည့် ရွှံ့မြေများနှင့် အပျက်အစီး အစအနများဖြစ်လာနိုင်ကြောင်း အမျိုးသား မိုးလေဝသဌာနက ဖော်ပြခဲ့သည်။

ဒေသခံ သုံးသောင်းခန့်တို့ကို တနင်္လာနေ့တွင် ကယ်ဆယ်ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း အေဘီစီသတင်းတွင် ဖော်ပြခဲ့သည်။

မိုးသက်မုန်တိုင်းကြောင့် မိုးရွာသွန်းမှုသည် တောင်ခြေတွင် ၄ လက်မမှ ၇ လက်မအထိ ရွာသွန်းနိုင်ပြီး သီးခြားဧရိယာများရှိ တောင်တန်းများပေါ်တွင် ၉ လက်မခန့် ရွာသွန်းဖွယ်ရှိကြောင်း မိုးလေဝသဌာနက ပြောကြားခဲ့သည်။

**ရိုက်တာ**

# အီဂျစ်သမ္မတရွေးကောက်ပွဲ ဆန္ဒမဲကောက်ယူမှုများကို စတင်တော့မည်

**ကိုင်ရို ဇန်နဝါရီ ၉**

၂၀၁၈ခုနှစ် အီဂျစ်နိုင်ငံ သမ္မတရွေးကောက်ပွဲအတွက် ဆန္ဒမဲကောက်ယူမှုများကို မတ်လ ၁၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်ပမဲဆန္ဒရှင်များအနေဖြင့် မတ်လ ၁၆ ရက်မှ ၁၈ ရက်အထိ ကြိုတင်မဲပေးနိုင်ကြောင်း အီဂျစ်နိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မရှင်မှ ယမန်နေ့က အတည်ပြုထုတ်ပြန်ခဲ့သည်။

သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများအနေဖြင့် ဇန်နဝါရီ ၂၀ ရက် မှ ၂၉ ရက်အတွင်း စာရင်းပေးသွင်းရန် သတ်မှတ်ထားပြီး ကိုယ်စားလှယ်များအနေဖြင့် မဲဆွယ်စည်းရုံးရေးကို မတ်လ ၂၄ ရက်တွင် စတင်ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း အီဂျစ်နိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ လာရှန် အီဘရာဟင်က ပြောခဲ့သည်။

သမ္မတရွေးကောက်ပွဲ၏ ပထမအသုတ်မဲရလဒ်အဖြေကို ဧပြီ ၂ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ပထမအသုတ်မဲရလဒ်တွင် အနိုင်ရရှိသည့် ကိုယ်စားလှယ်၏ မဲရရှိမှုရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်းအထက် မရရှိပါက ဒုတိယအသုတ်ထပ်မံကျင်းပမည်ဖြစ်ကြောင်း၊ ဒုတိယအသုတ် ဆန္ဒမဲကောက်ယူမှုတွင် ပြည်ပမဲဆန္ဒရှင်ကြိုတင်မဲကို ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ ကောက်ယူသွားမည်ဖြစ်ပြီး ပြည်တွင်း ဆန္ဒမဲပေးမှုကို ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ရလဒ်ကို မေလ ၁ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြောခဲ့သည်။

အီဂျစ်သမ္မတ အက်ဘ်ဒယ်ဖာတာ့ အယ်လ်စီစီအနေဖြင့် ၂၀၁၈ ခုနှစ် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် တရားဝင်ကြေညာထားခြင်းမရှိသော်လည်း နောက်ပိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်လာနိုင်သည်ဟု အီဂျစ်နိုင်ငံရေး လေ့လာသုံးသပ်သူများက ပြောခဲ့သည်။

အီဂျစ်နိုင်ငံ သမ္မတသက်တမ်းမှာ လေးနှစ်ဖြစ်ပြီး ဆက်တိုက် နှစ်ကြိမ်တာဝန်ထမ်းဆောင်နိုင်ကြောင်း အီဂျစ်နိုင်ငံ အခြေခံဥပဒေတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**




ရွေးကောက်ပွဲကော်မရှင်က သတင်းစာရှင်းလင်းပွဲကို ယမန်နေ့က ပြုလုပ်နေသည်ကိုတွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဆော်ဒီအာရေဗျတိုက်လေယာဉ် ယီမင်တွင်ပျက်ကျ

**ရီယာ့ဒ် ဇန်နဝါရီ ၉**

ဆော်ဒီအာရေဗျနိုင်ငံ၏ တိုက်လေယာဉ်တစ်စင်း ယီမင်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ် ယမန်နေ့က ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

တိုက်လေယာဉ်သည် တာဝန်ထမ်းဆောင်အပြီး အပြန်တွင် စက်ချွတ်ယွင်းမှု ဖြစ်ပွားခဲ့သဖြင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ညွန့်ပေါင်းတပ်ဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လေယာဉ်မှူးနှစ်ဦးကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့နောက် ၎င်းတို့ကို ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ယီမင်ဟူသီလက်နက်ကိုင်တပ်ဖွဲ့တို့သည် ယီမင်မြို့နှင့် ယင်းမြို့တောင်ပိုင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် သိမ်းပိုက်ခဲ့ပြီးရာ သမ္မတ မန်ဆောဟာဒီမှာ ဆော်ဒီအာရေဗျနိုင်ငံသို့ တိမ်းရှောင်ခဲ့ရသည်။ ၂၀၁၅ ခုနှစ်မတ်လတွင် ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့သည် ဟူသီလက်နက်ကိုင်တပ်ဖွဲ့အား တိုက်ခိုက်ခဲ့သည်။

**ဆင်ဟွာ**

### အစ္စရေးအပေါ် ပိတ်ဆို့မှုများချမှတ်ရန် ထောက်ခံခဲ့သည့် အဖွဲ့အစည်းများ နိုင်ငံအတွင်းဝင်ရောက်မှုကို အစ္စရေးပိတ်ပင်

**ဂျေရုစလင် ဇန်နဝါရီ ၉**

အစ္စရေးနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ရန် ထောက်ခံခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၂၀ တို့ကို အစ္စရေးနိုင်ငံက တနင်္ဂနွေနေ့တွင် အမည်ပျက်စာရင်းသွင်းခဲ့ပြီး ယင်းအဖွဲ့အစည်းများအား နိုင်ငံအတွင်းသို့ ဝင်ရောက်မှု ပိတ်ပင်လိုက်ကြောင်း သိရသည်။

သပိတ်မှောက် အဖွဲ့အစည်းများအနေဖြင့် သိသင့်သည်မှာ အစ္စရေးနိုင်ငံသည် ၎င်းတို့ကို ရပ်တန့်သွားစေမည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အစ္စရေးနိုင်ငံသားများအား ထိခိုက်အောင်ပြုလုပ်ရန်အတွက် နိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးသွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးနှင့် မဟာဗျူဟာရေးရာ ဝန်ကြီး ဂိလတ်အက်ဒန်က ဖော်ပြခဲ့သည်။

အမည်ပျက်စာရင်းတွင်ထည့်သွင်းခြင်းခံခဲ့ရသည့် အဖွဲ့အစည်းများသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားနိုင်ငံများအနေဖြင့် အစ္စရေးကို သပိတ်မှောက်လာစေရန် ဖိအားများပို့မို သက်ရောက်အောင် ပြုလုပ်ခြင်းအားဖြင့် အစ္စရေးကိုကန့်ကွက်ဆန့်ကျင်ရန် အမြဲလုပ်ဆောင်ခဲ့သည်ဟု အက်ဒန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ရာ နောက်ထပ်ဆွေးနွေးပွဲအသစ် စတင်လိုက်တဲ့ ဂျာမနီ

**ချိုးစန္ဒီနွေး**

ဂျာမနီနိုင်ငံဟာ ရွေးကောက်ပွဲကျင်းပပြီးတာ သုံးလကျော်ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် အခုချိန်ထိအောင် အစိုးရသစ်ဆိုတာ မရှိသေးပါဘူး။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ဟာ ဂျာမနီနိုင်ငံရဲ့ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေကို အဆုံးသတ်ဖို့ရာ ညွန့်ပေါင်းဖွဲ့ဖို့အတွက် ဆွေးနွေးမှုတစ်ခု စတင်လိုက်ပါပြီ။ ငါးရက်ကြာပြုလုပ်မယ့် ဆွေးနွေးမှုမှာ မာကယ်ရဲ့ Christian Democrats (CDU) နဲ့ Christian Social Union (CSU)၊ Social Denocrat (SPD)ပါတီတို့ပါဝင်ကြမှာဖြစ်တယ်။ ဒီဆွေးနွေးမှုဟာ အိန်ဂျလာမာကယ်အတွက် ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ဖို့ နောက်ဆုံးမျှော်လင့်ချက်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။



**မတိုးသာမဆုတ်သာ အခြေအနေ**

ဂျာမနီနိုင်ငံရေးမှာဘာကြောင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အကျပ်အတည်းတွေဘာကြောင့် ပေါ်ပေါက်လာရတာလဲ။ ဗဟိုလက်ဝဲပါတီဖြစ်တဲ့ SPD ပါတီဟာ အိန်ဂျလာမာကယ်ရဲ့ ဗဟိုလက်ယာယိမ်းပါတီနဲ့ လွန်ခဲ့တဲ့ ၁၂ နှစ်အတွင်းမှာ ရှစ်နှစ်ကြာလက်တွဲခဲ့ပါတယ်။ ဒါပေမယ့် စက်တင်ဘာလအတွင်းက သမိုင်းဝင်အောင်ပင် မဲအနည်းငယ်သာရရှိပြီးတဲ့နောက်မှာတော့ SPD ပါတီခေါင်းဆောင် Martin Schulz ဟာ သူ့ရဲ့ပါတီကိုအတိုက်ခံအဖြစ် ရပ်တည်မယ်လို့ကြေညာခဲ့ပါတယ်။ နိုဝင်ဘာလအတွင်းကစလို့ SPD ပါတီအပေါ်မှာ ဖိအားတွေအများကြီးကျရောက်ခဲ့ပါတယ်။ အိန်ဂျလာမာကယ်ဟာ FDP ပါတီနဲ့ Green ပါတီတို့နဲ့ပါ မဟာမိတ်မဖွဲ့နိုင်တော့ အခြေအနေပိုဆိုးလာပါတယ်။

အခုအချိန်မှာတော့ အိန်ဂျလာမာကယ်ဟာသူ့မှာ မတ်လနဲ့ဧပြီလတို့အတွင်း ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ဖို့ အရေး တရားဝင်ဆွေးနွေးမှုတွေ စတင်ဖို့ သေချာအောင်လုပ်နိုင်တယ်ဆိုတာကို SDP ပါတီက ခေါင်းဆောင်တွေယုံကြည်လက်ခံလာအောင်လုပ်ရတော့မယ့်အချိန်ပဲဖြစ်တယ်။ ဥရောပသမဂ္ဂ အဖွဲ့ဝင်မိတ်ဖက်နိုင်ငံဖြစ်တဲ့ ပြင်သစ်နိုင်ငံဟာလည်း ဂျာမနီဟာ အဖွဲ့ကြီး အင်းအားတောင့်တင်းခိုင်မာဖို့အတွက် အဓိကဒေါက်တိုင်ကြီးဖြစ်တဲ့အတွက် အိန်ဂျလာမာကယ်ရဲ့ ကြိုးပမ်းမှုအောင်မြင်ဖို့အတွက် မျှော်လင့်ကြတယ်။ ဒါပေမယ့်လည်း တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ လူတွေရဲ့သဘောထား မဲကိုကောက်ခံကြည့်တဲ့အခါမှာတော့ လူသုံးဦးမှာတစ်ယောက်ကတော့ ဆွေးနွေးမှုဟာ မအောင်မြင်နိုင်ဘူးလို့ဖြေကြပါတယ်။ ဒါပေမယ့် ၅၄ ရာခိုင်နှုန်းကတော့ ပါတီကြီးတွေရဲ့ ဆွေးနွေးညှိနှိုင်းမှုဟာ ဂျာမနီအတွက် အပြုသဘောဆောင်မှာပါလို့ ဖြေခဲ့ကြပါတယ်။

**ဆွေးနွေးပွဲ၏ အဟန့်အတားများ**

ဒီဆွေးနွေးပွဲကိုအခက်တွေ့စေမယ့် အကြောင်းအရာတွေက ဘာတွေလဲ။ လူဝင်မှုပြဿနာ၊ ဥရောပ၊ အခွန်နဲ့ ကျန်းမာရေးစောင့်ရှောက်မှု အစရှိတဲ့အချက်တွေဟာ အကျေအလည်ဆွေးနွေးရမယ့်အချက်တွေပါပဲ။ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေ ဂျာမနီနိုင်ငံအတွင်းကို အလုံးအရင်းနဲ့ လိုမ့်ဝင်လာတာဟာ အိန်ဂျလာမာကယ်ရဲ့ ပါတီကို ထောက်ခံမှုကျဆင်းစေပြီး မဟာမိတ်ပါတီတွေရဲ့ ထောက်ခံမှုပါ ကျဆင်းလာပါတယ်။ မဲဆန္ဒရှင်အများအပြားဟာ လက်ယာစွန်းရောက် Alternative for Germany ပါတီဘက်ကို ယိမ်းသွားကြပါတယ်။ အဲဒီပါတီဟာ ဒုက္ခသည်တွေလိုမ့်ဝင်လာတာကို ဆန့်ကျင်တဲ့ပါတီလည်းဖြစ်တယ်။ လူဝင်မှုပြဿနာဟာ ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ရေးအတွက် ဆွေးနွေးရာမှာ ဆွေးနွေးရခက်တဲ့ ပြဿနာတစ်ခု အဖြစ်ကျန်ရှိနေတယ်။ ဆိုရှယ်ဒီမိုကရက်တွေနဲ့ ကွန်ဆာဗေးတစ်တွေကတော့ တိုင်းပြည်အတွင်းမှာ ဒုက္ခသည်အရေအတွက်ဘယ်လောက်လက်ခံမလဲဆိုတာနဲ့ ပတ်သက်ပြီးသဘောထား ကွဲလွဲခဲ့ကြပါတယ်။ ဆိုရှယ်ဒီမိုကရက်တွေဟာ အရည်အချင်းပြည့်ဝတဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို ကုမ္ပဏီတွေ၊စက်ရုံတွေမှာ ခန့်ထားမယ်ဆိုတဲ့ ဥပဒေကို ထောက်ခံကြတယ်။ ဂျာမနီအမျိုးသား အလုပ်သမားအောဂျင်စီက နိုင်ငံအတွင်းအလုပ်သမားလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ရာ နှစ်စဉ် အခြေချနေထိုင်သူ ၃၀၀၀၀၀ ကို လိုအပ်လိမ့်မယ်လို့ပြောခဲ့ပါတယ်။ ကွန်ဆာဗေးတစ်တွေကတော့ တိုင်းပြည်အတွင်းကို နိုင်ငံခြားသားတွေ ဝင်ရောက်လာတာကို တိုင်းတာမှုအသစ်တွေ ပြုလုပ်ဖို့ရာ နောက်တွန့်နေခဲ့ပါတယ်။

**ကျန်းမာရေးနှင့် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး**

ဆိုရှယ်ဒီမိုကရက်တွေဟာ ရောထွေးနေတဲ့ ပုဂ္ဂလိကနှင့် အများပြည်သူ ကျန်းမာရေးဝန်ဆောင်မှုတွေကို အခွန်ဆောင်သူတွေကကျခံတဲ့ တစ်ပေါင်းတစ်စည်းတည်းရှိတဲ့ စနစ်တစ်ခုနဲ့ အစားထိုးလိုတယ်။ ဒီစနစ်ဟာလူတန်းစားနှစ်မျိုးနှစ်စား ကွဲပြားနေတာကို အဆုံးသတ်ပေးလိမ့်မယ်။ ဒါပေမယ့်လည်း မာကယ့်ရဲ့ ကွန်ဆာဗေးတစ်တွေကတော့ လက်ရှိစနစ်ကိုပဲ ထိန်းထားလိုတယ်။ အများစုကတော့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်တာကို လက်ခံသဘောတူကြတယ်။

**စည်းလုံးညီညွတ်သည့်ဥရောပ**

ဆိုရှယ်ဒီမိုကရက်တစ်ခေါင်းဆောင် Martin Schulz ဟာ ၂၀၂၅ ခုနှစ်ရောက်ရင် ဥရောပပြည်ထောင်စုကြီးဖြစ်အောင် ပြုလုပ်မယ်လို့ ကြွေးကြော်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ကွန်ဆာဗေးတစ်တွေကတော့ မဖြစ်နိုင်တဲ့၊ လက်တွေ့မကျတဲ့စိတ်ကူးကို မထောက်ခံပါဘူး။ နောက်ထပ်ဆွေးနွေးရာမှ အခက်တွေ့နိုင်တဲ့ ကိစ္စကတော့ ဥရောပဇုန်အရေးပဲဖြစ်တယ်။ ပြင်သစ်သမ္မတ မက်ခရွန်ဟာ ဥရောပဇုန်မှာ ဘဏ္ဍာရေးနဲ့ အုပ်ချုပ်မှုတွေမှာ ဂျာမနီနဲ့အတူ ခွဲဝေအုပ်ချုပ်ချင်တယ်။ မာကယ်ရဲ့ပါတီအတွင်းမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး တွန့်ဆုတ်မှုတွေရှိနေပေမယ့် ပြင်သစ်နဲ့ ဂျာမနီမဟာမိတ်ဆက်ဆံရေးကိုတော့ ဆက်လက်ထိန်းသိမ်းသွားဖို့လိုတယ်ဆိုတာကို မာကယ်သဘောပေါက်ပါတယ်။

**ပညာရေး**

ဂျာမနီနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တက္ကသိုလ်တွေ၊ ကျောင်းတွေကို ပြည်နယ်တွေဟာ သူတို့ရဲ့နယ်ပယ်အတွင်းမှာပဲ စီမံခန့်ခွဲခွင့်ပေးထားပါတယ်။ ဆိုရှယ်ဒီမိုကရက်တွေက ဒီဥပဒေကိုပြင်ဆင်လိုကြတယ်။ ပြင်ဆင်လိုက်ရင် ဗဟိုအစိုးရက ပေးတဲ့ငွေကို ကျောင်းတွေဆီကိုတိုက်ရိုက်ရောက်ပြီး ဆရာတွေကို ပိုမိုငှားရမ်းနိုင်တော့မှာပဲဖြစ်တယ်။ ဒါ့အပြင် အခြေခံလိုအပ်တဲ့ ပစ္စည်းတွေကိုပိုမိုဝယ်ယူနိုင်တော့မှာပဲဖြစ်တယ်။ ပညာရေးအပေါ် အသုံးစရိတ်မြှင့်တင်တာကို ကွန်ဆာဗေးတစ်တွေလည်းအလိုရှိပေမယ့် လက်ရှိစနစ်ရဲ့ သတ်မှတ်မှုဘောင်အတွင်းကသာ လုပ်ဆောင်လိုတာပဲဖြစ်တယ်။

**ဆွေးနွေးပွဲအောင်မြင်နိုင်မှာလား**

ပါတီသုံးခုကခေါင်းဆောင်တွေဟာ ဇန်နဝါရီ ၃ ရက်နေ့မှာ တွေ့ဆုံပြီး အကြို ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြတယ်။ အလားအလာကောင်းတွေအများကြီးရှိတယ်လို့လည်းဆိုတယ်။ ယုံကြည်မှုကတော့အရင်ထက်ပိုပြီး ခိုင်မာလာပါပြီ။ အကောင်းမြင်တဲ့လက္ခဏာနဲ့ရှေ့ဆက် ဆွေးနွေးမှုတွေ ပြုလုပ်သွားမယ်လို့ ပူးပေါင်းထုတ်ပြန်တဲ့ ကြေညာချက်မှာ ပြောထားပါတယ်။ SDP ပါတီဥက္ကဋ္ဌကတော့ အလွန်ကိုအလေးထားရပြီး အဓိပ္ပာယ်ရှိတဲ့ ဆွေးနွေးမှုလို့ဆိုပါတယ်။ CSU ပါတီက Horsst Seehofer ကတော့ ပါတီတွေအားလုံးဟာ ညီညီညွတ်ညွတ်နဲ့ အတူတကွ အုပ်ချုပ်သွားဖို့ ခံစားမိတယ်လို့ပြောပါတယ်။ ဆွေးနွေးနေစဉ်အတောအတွင်းမှာ မီဒီယာတွေကို အသိပေးမှုတွေမပြုလုပ်ဖို့ ပါတီတွေအားလုံးက သဘောတူထားကြပါတယ်။ ဒီဆွေးနွေးမှုဟာဆိုရင် ကြာသပတေးနေ့မှာ အဆုံးသတ်မှာပဲဖြစ်တယ်။ တကယ်လို့ ဆွေးနွေးမှုအောင်မြင်ခဲ့ တယ်ဆိုရင်တော့ SDP အဖွဲ့ဝင်တွေဟာ ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ ဆွေးနွေးပွဲတွေ ရှေ့ဆက်ဖို့ရာ မဲပေးရတော့မှာပဲဖြစ်တယ်။

**ဆွေးနွေးပွဲမအောင်မြင်ခဲ့ရင်**

တကယ်လို့ဆွေးနွေးပွဲမအောင်မြင်ခဲ့ရင်တော့ မာကယ်ဟာ SPD ရဲ့ထောက်ပံ့မှုနဲ့အတူ Greens ပါတီနဲ့ အင်အားချည့်နဲ့တဲ့ အစိုးရဖွဲ့ရတော့မှာပဲဖြစ်တယ်။ ဒါတွေအားလုံးမှာ အဆင်မပြေခဲ့ရင်တော့ နောက်တစ်ကြိမ်ရွေးကောက်ပွဲ အသစ်တစ်ခု ထပ်မံကျင်းပဖို့ရာပဲ ကျန်ပါတော့တယ်။

**ကိုးကား-ဘီဘီစီ၊ နယူးယောက်တိုင်းမ်**

> "အခုအချိန်မှာတော့ အိန်ဂျလာ မာကယ်ဟာသူ့မှာ မတ်လနဲ့ဧပြီလတို့အတွင်း ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ဖို့ အရေးတရားဝင်ဆွေးနွေးမှုတွေ စတင်ဖို့ သေချာအောင်လုပ်နိုင်တယ်ဆိုတာကို SDP ပါတီက ခေါင်းဆောင်တွေ ယုံကြည်လက်ခံလာအောင် လုပ်ရတော့မယ့်အချိန်ပဲဖြစ်"

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကိုရယူရန်အတွက် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အထွေထွေအစည်းအဝေးများကို ခေါ်ယူနိုင်သည်။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ဆုံးဖြတ်ချက်ချမှတ်၍ ညွှန်ကြားလာလျှင်လည်းကောင်း၊ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆယ်ပုံတစ်ပုံရှိသူများက စာဖြင့်ရေးသား၍ တောင်းဆိုလာလျှင်လည်းကောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးများကို ခေါ်ယူပေးရန် တာဝန်ရှိသည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ပေါ်ပေါက်လာသည့်အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှုများ ရယူနိုင်ရန်အတွက်သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများဖြင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဃ) ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် ၎င်းတို့၏ ကိုယ်ပိုင်ချင့်ချိန် ဆောင်ရွက်နိုင်မှုတို့ကို အသုံးပြုရမည်။

(င) တစ်ဦးတစ်ယောက်သည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်မှုကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး တရားရုံးသည် တင်ပြတိုင်တန်းလာသည့် ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည့်အပြင် အဆိုပါ အခြေအနေများနှင့်သင့်လျော်မည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

### တရားရုံး၏သာမန်အခွင့်အာဏာများ

**ကြွေးမြီပေးဆပ်ရသူများ၏စာရင်းနှင့် ရရန်ပိုင်ခွင့်များဆိုင်ရာတင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ခြင်း**

၃၂၅။ (က) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ တရားရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှားယွင်းမှုများကို ပြင်ဆင်ရန် လိုအပ်သောကိစ္စရပ်များ အားလုံးတွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်နိုင်သည့် အခွင့်အာဏာဖြင့် ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရမည်။ ထို့အပြင် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို လက်ခံရယူခြင်းနှင့် ကုမ္ပဏီ၏ တာဝန်ရှိမှုများကို ရှင်းလင်းဆောင်ရွက်ခြင်းများကို ဆောလျင်စွာ ပြုလုပ်ရမည်။

(ခ) ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ဖြေရှင်းဆောင်ရွက်ရာတွင် တရားရုံးသည် ကိုယ်တိုင်အခွင့်အရေးရှိကြသည့် ကြွေးမြီပေးဆပ်ရသူများနှင့် အခြားသူများ၏ ကြွေးမြီအတွက် ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်သော သို့မဟုတ် တာဝန်ရှိသော ကြွေးမြီပေးဆပ်ရသူများအကြား ခွဲခြားသတ်မှတ်ဆောင်ရွက်ရမည်။

**ပစ္စည်းများကို ပေးအပ်စေနိုင်သည့် အခွင့်အာဏာ**

၃၂၆။ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို သို့မဟုတ် တရားရုံးက ညွှန်ကြားသည့် အချိန်ကာလအတွင်း ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိကြွေးမြီပေးဆပ်ရသူများ၊ ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယုံကြည်အပ်နှံခြင်းခံရသူများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများ၊ ကိုယ်စားလှယ်များ သို့မဟုတ် အရာရှိများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ကုမ္ပဏီက ရရှိခွင့်ရှိကြောင်း သေချာပြီးဖြစ်သည့် ယင်းလက်ဝယ်ရှိ ငွေကြေးများ၊ ပစ္စည်းများ သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ချက်ချင်းပေးချေစေနိုင်သည်၊ ပေးအပ်စေနိုင်သည်၊ လက်လွှတ်စေနိုင်သည် သို့မဟုတ် လွှဲပြောင်းပေးစေနိုင်သည်။

**ကြွေးမြီပေးဆပ်ရသူများက ကြွေးမြီများပေးချေစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

၃၂၇။ (က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့် အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအား အမိန့်တွင် သတ်မှတ်ပါရှိသည့် နည်းလမ်းနှင့်အညီ ကြွေးမြီပေးဆပ်ရသူထံမှဖြစ်စေ၊ ကြွေးမြီပေးဆပ်ရန် ကိုယ်စားလှယ်ကို ခန့်အပ်ထားသည့်သူ၏ ပိုင်ဆိုင်ပစ္စည်းများမှဖြစ်စေ ကုမ္ပဏီသို့ပေးချေရမည့် ငွေကြေးများကိုပေးချေစေရန် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။ သို့ရာတွင် ဤဥပဒေနှင့်အညီ တောင်းခံထားသည့် ငွေကြေးထည့်ဝင်မှုများ မပါဝင်စေရ။

(ခ) တရားရုံးသည် အဆိုပါအမိန့်ကို ချမှတ်ရာတွင် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ ဖြစ်ပါက ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို ခုနှိမ်ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီနှင့်သီးခြားဆောင်ရွက်ထားရှိမှု သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရသူက ကိုယ်စားပြုသည့်ကုမ္ပဏီမှ ပစ္စည်းများအတွက် ပေးချေရမည့် ငွေကြေးမှခုနှိမ်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုနိုင်သည်။ သို့သော် အမြတ်ဝေစု သို့မဟုတ် အကျိုးအမြတ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့်ငွေကြေးတစ်ရပ်ရပ် မဖြစ်စေရမည့်အပြင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်ပါက တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဒါရိုက်တာ၏ ပစ္စည်းများအတွက် အလားတူ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်စေ၊ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီဖြစ်စေ မြီရှင်များအားလုံးထံသို့ ငွေအပြည့်အဝပေးချေပြီးဖြစ်လျှင် ကုမ္ပဏီမှ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးနှင့် သက်ဆိုင်သည့်စာရင်းအရ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို နောင်တွင်တောင်းခံမည့် ငွေကြေးထည့်ဝင်မှုတစ်ရပ်ရပ်ထံမှ ခုနှိမ်ခြင်းဖြင့် ကြွေးမြီပေးဆပ်ရသူထံ ပေးချေဆောင်ရွက်နိုင်သည်။

**ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

၃၂၈။ (က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အားချမှတ်ပြီးနောက် မည်သည့် အချိန်တွင်မဆို ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များ ပြည့်စုံလုံလောက်မှုကို သေချာစေရန် ဆောင်ရွက်ခြင်းမပြုမီဖြစ်စေ၊ ဆောင်ရွက်ပြီး နောက်တွင်ဖြစ်စေ ကြွေးမြီပေးဆပ်ရသူများစာရင်းရှိ ကြွေးမြီပေးဆပ်ရသူအားလုံး သို့မဟုတ် တစ်ဦးဦးက ၎င်းတို့တာဝန်ရှိကြသည့်အထိ ကုမ္ပဏီ၏ကြွေးမြီများနှင့် တာဝန်ရှိမှုများအတွက် တရားရုံးကသတ်မှတ်သည့် ငွေပမာဏတစ်ရပ်ရပ်ကိုလည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် ကျသင့်သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကိုလည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ရန်အတွက် ကျသင့်သည့်ငွေကြေးများကိုလည်းကောင်း ပေးချေရန်အတွက် ငွေကြေးထည့်ဝင်စေနိုင်သည့်အပြင် ၎င်းတို့ကို ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်ရာ၌ ကြွေးမြီပေးဆပ်ရသူအချို့မှာ ထိုသို့ငွေကြေးထည့်ဝင်စေရာတွင် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ထည့်ဝင်ပေးချေရန်ပျက်ကွက်နိုင်သည့်အခြေအနေရှိနိုင်သည်ကို တရားရုံးက ထည့်သွင်းသုံးသပ်နိုင်သည်။

**ဘဏ်သို့ ငွေများပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

၃၂၉။ တရားရုံးသည် ကြွေးမြီပေးဆပ်ရသူ၊ ကုမ္ပဏီသို့ ငွေပေးချေရမည့်သူ သို့မဟုတ် ငွေပေးချေရမည့်အခြားသူတစ်ဦးဦးကို ၎င်းတို့ပေးချေရမည့်ငွေများအား တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးသွင်းရမည့်အစား သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုရှိ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ငွေစာရင်းသို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ငွေပေးချေရန် ညွှန်ကြားသည့်နည်းလမ်းများအတိုင်း အဆိုပါအမိန့်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

**ငွေစာရင်းနှင့်စပ်လျဉ်း၍ တရားရုံးနှင့်သက်ဆိုင်သည့် စည်းကမ်းချက်**

၃၃၀။ ကုမ္ပဏီကို တရားရုံးဖြင့် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖွင့်လှစ်ထားသော ငွေစာရင်းရှိသည့် ဘဏ်သို့ပေးသွင်း၊ လွှဲပြောင်းသည့် ငွေကြေးများ၊ ကျသင့်ငွေများ၊ငွေလွှဲမှုများ၊ ငွေပေးချေရန်ကတိများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များအားလုံးကို တရားရုံး၏ အမိန့်များနှင့်အညီ ဆောင်ရွက်ရမည်။

**ကြွေးမြီပေးဆပ်ရသူနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်သည် ပြည့်စုံခိုင်လုံသည့် သက်သေခံချက်ဖြစ်ခြင်း**

၃၃၁။ (က) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားရုံးကချမှတ်သည့်အမိန့်တစ်ရပ်သည် ငွေကြေးနှင့်သက်ဆိုင်ပါက ကြွေးမြီပေးဆပ်ရသူ၏အယူခံဝင်နိုင်သည့် အခွင့်အရေးကိုမထိခိုက်စေဘဲငွေကြေးပေးချေရန် ပေါ်ပေါက်ကြောင်း သို့မဟုတ် အမိန့်ချမှတ်၍ ပေးချေရမည့်အကြောင်းနှင့်စပ်လျဉ်း၍ပေးချေရမည်ဟု ယင်းအမိန့်ကပြည့်စုံခိုင်လုံသည့် သက်သေခံချက် ဖြစ်စေရမည်။

(ခ) တရားရုံးအမိန့်တွင် ဖော်ပြပါရှိသည့် အခြားသော သက်ဆိုင်ရာကိစ္စရပ်များ အားလုံးသည် စစ်ဆေးဆောင်ရွက်နေသည့် မှုခင်းများနှင့်ပုဂ္ဂိုလ်များ အားလုံး အပေါ်တွင် မှန်ကန်စွာ ရေးသားဖော်ပြထားသည်ဟု သတ်မှတ်ရမည်။

**အချိန်မီ သက်သေထင်ရှား မတင်ပြနိုင်သည့် မြီရှင်များကို နုတ်ပယ်နိုင်သည့် အခွင့်အာဏာ**

၃၃၂။ တရားရုံးသည် မြီရှင်များက ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများအတွက် သက်သေထင်ရှားတင်ပြစေရန် သို့မဟုတ် ထိုကြွေးမြီအတွက် သက်သေထင်ရှားတင်ပြခြင်း မပြုမီကပြုလုပ်ခဲ့သော အကျိုးအမြတ်ခွဲဝေမှု တစ်စုံတစ်ရာကိုရယူခြင်းမှ နုတ်ပယ်ရန်အချိန်ကာလတစ်ရပ် သို့မဟုတ် အချိန်ကာလများ သတ်မှတ်ပေးနိုင်သည်။

**ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ခြင်း**

၃၃၃။ တရားရုံးသည် ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး အပိုအလျှံရှိပါက ထပ်မံအကျိုးခံစားခွင့် ရရှိသူများကို ခွဲဝေပေးရမည်။

**ကုန်ကျစရိတ်များအတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

၃၃၄။ ရရန်ပိုင်ခွင့်များသည် တာဝန်ရှိမှုများအတွက် ကျေနပ်နိုင်ဖွယ်ဖြစ်အောင် ပြည့်စုံလုံလောက်ခြင်း မရှိသည့်ကိစ္စရပ်တွင် တရားရုံးသည် သင့်သည်ထင်မြင်သည့် ဦးစားပေး အစီအစဉ်ဖြင့် ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကျသင့်ခဲ့သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကို ရရန်ပိုင်ခွင့်များမှ ပေးချေစေရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

**ကုမ္ပဏီအား တရားဝင်ဖျက်သိမ်းခြင်း**

၃၃၅။ (က) ကုမ္ပဏီတစ်ခု၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်း ဖျက်သိမ်းပြီးသည့်အခါ တရားရုံးသည် အမိန့်တစ်ရပ်ကို ချမှတ်၍ အဆိုပါအမိန့်အား ချမှတ်သည့်နေ့ရက်မှစ၍ ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ထိုကုမ္ပဏီကို အဆိုပါအမိန့်အရ တရားဝင်ဖျက်သိမ်းပြီးဖြစ်စေရမည်။

(ခ) အဆိုပါအမိန့်ကို ချမှတ်သည့်နေ့ရက်မှ ၁၅ ရက်အတွင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံသို့ အဆိုပါအမိန့်ကို ပေးပို့ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ၎င်း၏ စာရင်းစာအုပ်များတွင် ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်ကြောင်း မှတ်တမ်းပြုစုထားရှိရမည်။

၃၃၆။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၃၅ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ဒဏ်ကြေးငွေကျပ်လေးသိန်းကို ပေးဆောင်ရမည်။

### တရားရုံး၏အထူးအာဏာများ

**ကုမ္ပဏီ၏ပစ္စည်းများကို ရယူထားသည်ဟု ယူဆရသူများကို ဆင့်ခေါ်နိုင်သည့်အခွင့်အာဏာ**

၃၃၇။ (က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အားချမှတ်ပြီးနောက် ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် ကုမ္ပဏီက ရရန်ရှိသည်ဟု ယူဆရသည့်ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသည့် သို့မဟုတ် လက်ဝယ်ထားရှိသည်ဟု ယူဆရသည့် ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီနှင့်ကုန်သွယ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ကိစ္စရပ်များ၊ သို့မဟုတ် ပစ္စည်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို တင်ပြနိုင်သည်ဟု တရားရုံးကမှတ်ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တရားရုံးသို့ လာရောက်စေရန် ဆင့်ခေါ်နိုင်သည်။

(ခ) တရားရုံးသည် ၎င်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆိုပါ ပုဂ္ဂိုလ်များကို ကျမ်းကျိန်စေ၍ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ စစ်မေးနိုင်သည်။ အဆိုပါ ပုဂ္ဂိုလ်များ၏ဖြေဆိုချက်များကို စာဖြင့်ရေးသား၍ ၎င်းတို့အား လက်မှတ်ရေးထိုးစေနိုင်သည်။

(ဂ) တရားရုံးသည် အဆိုပါပုဂ္ဂိုလ်များ၏ ထိန်းသိမ်းမှု သို့မဟုတ် လုပ်ပိုင်ခွင့်များအောက်တွင်ရှိသော ကုမ္ပဏီနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်စေရန် တောင်းဆိုနိုင်သည်။ သို့သော် ၎င်းတို့ပေးအပ်သည့် စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးက လက်ဝယ်ထားပိုင်ခွင့်ရှိခဲ့လျှင် ထိုသို့ပေးအပ်ရခြင်းသည် အဆိုပါ လက်ဝယ်ထားပိုင်ခွင့်ကို ထိခိုက်စေခြင်း မရှိစေရ။ ထို့ပြင် တရားရုံးသည် ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်တွင် အဆိုပါလက်ဝယ်ထားပိုင်ခွင့်နှင့်စပ်လျဉ်းသောကိစ္စရပ်များ အားလုံးကို ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိစေရမည်။

(ဃ) တရားရုံး၏ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးဦးသည် ၎င်းတို့၏ ထိုက်သင့်သော ကုန်ကျစရိတ်များကို ပေးချေရန်အဆိုပြုပြီးနောက် ချိန်းဆိုထားသည့်အချိန်၌ ဥပဒေအရခိုင်လုံသည့်အကြောင်းပြချက်ဖြင့် ကြိုတင်အကြောင်းကြားထားသည်မှအပ တရားရုံးသို့လာရောက်ရန်ပျက်ကွက်လျှင် တရားရုံးသည် စစ်ဆေးဆောင်ရွက်မှုပြုရန်အတွက် ထိုသူကိုဖမ်းဆီး၍ တရားရုံးသို့ ခေါ်ဆောင်စေနိုင်သည်။

**ကမကထပြုသူများ၊ ဒါရိုက်တာများစသည်တို့ကို အများပြည်သူရှေ့၌ စစ်ဆေးရန်အတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

၃၃၈။ (က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးသည့်အခါ တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီကို ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းတို့တွင်ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ပြီးသည့်အချိန်မှစ၍ ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ၊ လိမ်လည်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယူဆ၍ တရားရုံးသို့ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် လျှောက်ထားမှုအား လက်ခံသုံးသပ်ပြီးနောက် ၎င်းတို့အား အဆိုပါကိစ္စရပ်အတွက်တရားရုံးက ချိန်းဆိုထားသည့်နေ့ရက်၌ တရားရုံးသို့လာရောက်စေရန် ညွှန်ကြားနိုင်သည်။ ထို့အပြင်ကုမ္ပဏီကို ကမကထပြုလုပ်ခြင်း၊ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ပုဂ္ဂိုလ်တစ်ဦးဦး၏အပြုအမူ၊ ဆက်သွယ် ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အများပြည်သူရှေ့၌ စစ်ဆေးရန် ညွှန်ကြားနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စစ်ဆေးမေးမြန်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အဆိုပါ ကိစ္စရပ်အတွက် တရားရုံးကိုယ်စား ဆောင်ရွက်ရန် တရားရုံးကအခွင့်အာဏာအပ်နှင်းထားလျှင် တရားရုံးက ခွင့်ပြုနိုင်သည့် ဥပဒေဆိုင်ရာ အကူအညီပေးသူများကို ခန့်ထားနိုင်သည်။

(ဂ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည်လည်း တရားရုံးတွင် စစ်ဆေးမေးမြန်းရာတွင် ကိုယ်တိုင်ဖြစ်စေ၊ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူဖြင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်။

(ဃ) တရားရုံးသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့်မေးခွန်းများကို စစ်ဆေးမေးမြန်းခံရသူအပေါ် မေးမြန်းနိုင်သည်။

(င) စစ်ဆေးမေးမြန်းခံရသူသည် ကျမ်းကျိန်၍စစ်ဆေးခံရမည်ဖြစ်ပြီး တရားရုံးကမေးမြန်းသည့် သို့မဟုတ် မေးမြန်းရန်ခွင့်ပြုသည့် မေးခွန်းများအားလုံးကို ဖြေဆိုရမည်။

(စ) ဤပုဒ်မအရ စစ်ဆေးမေးမြန်းမှုခံယူရန် အမိန့်ချမှတ်ခြင်းခံရသူတစ်ဦးသည် တရားရုံးသို့ တက်ရောက်ခွင့်ရှိသူတစ်ဦးဦးကို မိမိ၏စရိတ်ဖြင့်ခန့်အပ်နိုင်သည်။ တရားရုံးသို့တက်ရောက်ခွင့်ရှိသူသည် စစ်ဆေးမေးမြန်းခံရသူ၏ဖြေကြားမှုများအား ရှင်းလင်းရန်သို့မဟုတ် ထင်ရှားစေရန်အတွက် တရားရုံးကလျော်ကန်သည်ဟုထင်မြင်သည့် မေးခွန်းများကို လွတ်လပ်စွာမေးမြန်းခွင့်ရှိသည်။ သို့ရာတွင်ထိုသို့စစ်ဆေးမေးမြန်းခံရသူသည် ၎င်းအပေါ်စွဲဆိုသည့်ပြစ်မှုများအတွက် အပြစ်မရှိကြောင်း ထင်ရှားပေါ်ပေါက်သည်ဟု တရားရုံးကတွေ့ရှိလျှင် တရားရုံးသည် ၎င်းအားသင့်သည်ထင်မြင်သည့် ကုန်ကျစရိတ်များကို ခံစားခွင့်ပြုနိုင်သည်။

(ဆ) စစ်ဆေးမှုမှတ်တမ်းများကို စာဖြင့်ရေးသားမှတ်တမ်းတင် ထားရမည့်အပြင် အဆိုပါစစ်ဆေးမှုမှတ်တမ်းများကို စစ်ဆေးမေးမြန်းခံရသူသို့သော်လည်းကောင်း၊ စစ်ဆေးမေးမြန်းခံရသူကသော်လည်းကောင်း ဖတ်ကြား၍ လက်မှတ်ရေးထိုးစေရမည်။ အဆိုပါ စစ်ဆေးမှုမှတ်တမ်းအား တရားမမှုစွဲဆိုဆောင်ရွက်ရာတွင် ထိုပုဂ္ဂိုလ်အပေါ် သက်သေခံအဖြစ်အသုံးပြုနိုင်ပြီး မည်သည့်အချိန်တွင်မဆို မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ စစ်ဆေးဆောင်ရွက်မှုများအတွက်လည်း လက်ခံရမည်။

(ဇ) တရားရုံးသည် သင့်သည်ဟုထင်မြင်ပါက စစ်ဆေးမေးမြန်းခြင်းအား အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည်။

(ဈ) ဤပုဒ်မအရ ပြုလုပ်သည့်စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ်ကို တရားရုံးက ညွှန်ကြားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် ခုံလူကြီး၊ အကြီးအမှူး၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် ဒုတိယမှတ်ပုံတင်အရာရှိတစ်ဦးအဖြစ် ဆောင်ရွက်သောတရားရုံး၏ တရားသူကြီးတစ်ဦးဦးရှေ့တွင်ဖြစ်စေ၊ အရာရှိ တစ်ဦးဦးရှေ့တွင်ဖြစ်စေ ဤကိစ္စရပ်အလို့ငှာ ပြဋ္ဌာန်းထားသောစည်းမျဉ်းများနှင့် အညီ စစ်ဆေးဆောင်ရွက်နိုင်သည်။ စစ်ဆေးမေးမြန်းမှုနှင့် စပ်လျဉ်းသည့် ဤပုဒ်မအရ တရားရုံး၏ အခွင့်အာဏာများကို ကုန်ကျစရိတ်များနှင့်သက်ဆိုင်သည့် ကိစ္စမှတစ်ပါး စစ်ဆေးမေးမြန်းမှုအား ပြုလုပ်သည့်ပုဂ္ဂိုလ်က ကျင့်သုံးဆောင်ရွက်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*



## ပုသိမ်မြို့၌ အရေးပေါ်ကယ်ဆယ်ရေး အဆောက်အအုံဖွင့်

**ပုသိမ် ဇန်နဝါရီ ၉**

ရေကြောင်းခရီးသွားများအတွက် အရေးပေါ်ကယ်ဆယ်ရေး အဆောက်အအုံ (Emergency Operation Center) ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်အနီး၌ ဇန်နဝါရီလပထမပတ်က ဖွင့်လှစ်ခဲ့သည်။

**ဖွင့်လှစ်**

အဆိုပါ အရေးပေါ်ကယ်ဆယ်ရေးအဆောက်အအုံဖွင့်ပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ဝန်မြစ်အတွင်း ရေကြောင်းခရီးသွားလာကြသော ပြည်သူများသဘာဝဘေးနှင့် မတော်တဆမှုများ ကြုံတွေ့ရပါက ကယ်ဆယ်ပြုစုစောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သော Emer- gency Operation Center အဆောက်အအုံကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့က စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ အဆောက်အအုံတွင် ရေကြောင်းရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## အားကစားပစ္စည်းများနှင့် ကလေးကစားကွင်းဖွင့်

**ဒလ ဇန်နဝါရီ ၉**

ဒလမြို့နယ် ဗညားဒလရပ်ကွက်ရှိ အမှတ်တရ ဗိုလ်ချုပ်ပန်းခြံတွင် မြို့နယ်ပရဟိတ အသင်းအဖွဲ့ကူညီဆောင်ရွက်မှုဖြင့် သက်ကြီးကျန်းမာရေးအထောက်အကူပြု အားကစားပစ္စည်းများနှင့် ကလေးကစားကွင်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်ကအဆိုပါ အမှတ်တရ ဗိုလ်ချုပ်ပန်းခြံအတွင်းကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က နှုတ်ခွန်းဆက်စကားပြောကြားကာ ပရဟိတအဖွဲ့မှ ဦးအောင်ဇေဟိန်းက ပန်းခြံတာဝန်ခံ ဦးလှအေးထံသို့သို့ ကျန်းမာရေးအထောက်အကူပြု အားကစားပစ္စည်းများနှင့် ကလေးကစားကွင်းဆိုင်ရာတို့အား လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ကလေးကစားကွင်းအား တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါပန်းခြံသည် ပြည်သူများအတွက် အပန်းပြေဆော့ကစားရာ ပန်းခြံကောင်းတစ်ခုဖြစ်လာကြောင်း ကျန်းမာရေးအထောက်အကူပြု အားကစားပစ္စည်းများနှင့် ကလေးကစားစရာများအတွက် ငွေကျပ်သိန်းတစ်ရာခန့် ကုန်ကြကြောင်း၊ ပန်းခြံသို့ နေ့စဉ်လာရောက်အပန်းပြေသူများ ဆော့ကစားကြသူများ ကျန်းမာရေးလှုပ်ရှားမှု လာရောက်ပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

## သစ်သားဓာတ်တိုင်များကို ကွန်ကရစ်ဓာတ်တိုင်များဖြင့် အစားထိုး ဆောင်ရွက်လျက်ရှိ

**မော်လူး ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးမြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားအသုံးပြုသူ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိ သုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးတို့အတွက် သစ်သားတိုင်နေရာများတွင် ကွန်ကရစ်ဓာတ်တိုင်လဲလှယ်ခြင်း၊ သံလက်တန်းလဲလှယ်ခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၅ ရက်စတင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မော်လူးမြို့အထွက် ၁၁ ကေဗွီဓာတ်အားလိုင်းမှ သစ်သားတိုင်နေရာများတွင် ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်း၊ သံလက်တန်း လဲလှယ်ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၆ ရက်အထိ ဆောင်ရွက်ခဲ့ရာ တိုင် ၆၀ စိုက်ထူပြီးဖြစ်ကြောင်း သိရသည်။

အရည်အသွေးမြင့် အစားထိုးတပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မော်လူးမြို့လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်ငြိမ်း (လျှပ်စစ်မှူး)က အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝ၆၉**

# မြစ်ကြီးနားမြို့၌ တစ်ပတ်အတွင်း ပြည်တွင်းထွက်ကြက်သွန်နီဈေး စံချိန်တင်မြင့်တက်

**မြစ်ကြီးနား ဇန်နဝါရီ ၉**

မြစ်ကြီးနားမြို့၏ ကုန်ခြောက်ဈေးကွက်ထဲတွင် ယခုတစ်ပတ်အတွင်း ပြည်တွင်းထွက် ကြက်သွန်နီဈေးနှုန်းများ စံချိန်တင် မြင့်တက်လာခဲ့ကြောင်း မြစ်ကြီးနားမြို့မဈေးကြီးအတွင်းရှိ ကုန်စိမ်းကုန်ခြောက်ရောင်းဝယ်သူများထံမှ သိရသည်။

"ဒီတစ်ပတ်ထဲမှာ ကြက်သွန်နီဝယ်ရင်းဈေး အတက်ဆုံးပဲ၊ သုံးရက်လောက်တော့ရှိပြီ၊ အဝယ်လည်း နည်း လာတယ်၊ အစ်မကတော့ မန္တလေးကတစ်ဆင့်ဝယ်ပြီး ရောင်းတာ"ဟု မြစ်ကြီးနားမြို့ရေစင်ကွင်းဈေးမှ ကုန်ခြောက်ရောင်းသူတစ်ဦးက ပြောသည်။ မြစ်ကြီးနားမြို့တွင် ရောင်းချနေသော ကြက်သွန်နီများကို မန္တလေး ဈေးကွက်မှတစ်ဆင့် အဓိကတင်သွင်းရောင်းချနေခြင်းဖြစ်ရာ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ကြက်သွန်နီစိုက်ပျိုးချိန်ကအခင်းများ ရေကြီးနစ်မြုပ်ခဲ့သည့်အတွက် ကြက်သွန်နီများရှားပါးပြီး ယခုကဲ့သို့ ဈေးတက်ရခြင်းဖြစ်ကြောင်း ကြက်သွန်နီ ရောင်းဝယ်သူများက ပြောသည်။

ယခင်နှစ်များတွင် မန္တလေးဘက်မှ မြစ်ကြီးနားဘက်သို့ တင်ပို့ရောင်းချသည့် ကြက်သွန်နီတစ်ပိဿာလျှင်ငွေကျပ် ၂၃၅၀ မှငွေကျပ် ၂၅၀၀ အထိနှုန်းဖြင့် ဝယ်ယူရောင်းချခဲ့သော်လည်း ယခုတစ်ပတ်အတွင်း ဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာလျှင်ငွေကျပ် ၃၈၀၀ မှငွေကျပ် ၄၀၀၀ အထိ ဈေးမြင့်တက်၍ ရောင်းချခဲ့ကြောင်း သိရသည်။ "ဒီလောက်ကြီးအထိ ကြက်သွန်နီ တခါမှ ဈေးမကြီးဖူးဘူး၊ ၂၅ ကျပ်သားကို တစ်ထောင်နဲ့ ဝယ်ရတယ်၊ မထည့်ရင်မဖြစ်တဲ့ ဟင်းတွေလောက်မှာပဲ ထည့်သုံးဖြစ်တော့တယ်"ဟု ဈေးလာဝယ်သည့် မြို့ခံအမျိုးသမီးတစ်ဦးက ပြောသည်။

မြန်မာပြည်တွင်းထွက် ကြက်သွန်နီများ ဈေးတက်နေ၍ တရုတ်နိုင်ငံဘက်မှထွက်သည့် ကြက်သွန်နီများကို ကန်ပိုက်တီးလမ်းမှတစ်ဆင့် မြစ်ကြီးနားမြို့ဈေးကွက်အတွင်းသို့ တစ်ပိဿာလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် တင်သွင်းရောင်းချလာသော်လည်း ဝယ်ယူစားသုံးသူနည်းပါးပြီး စားသောက်ဆိုင်များ၊ ပေါက်စီနှင့် စမူဆာ ပြုလုပ်သည့်လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ရောင်းချသူများကသာ ဝယ်ယူကြ၍ အိမ်တွင်းစားသုံးသူများအနေဖြင့် ဝယ်ယူမှုမရှိသလောက် နည်းပါးနေကြောင်း သိရသည်။ တရုတ်နိုင်ငံဘက်မှတင်သွင်းသည့် ကြက်သွန်နီမှာ တစ်ပိဿာလျှင်ငွေကျပ် ၁၅၀၀ ခန့်သာရှိပြီး ကြက်သွန်နီအခြောက်ကြော်မှာ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဈေးရှိကြောင်း သိရသည်။

ကုန်စိမ်းကုန်ခြောက်ရောင်းဝယ်သူတစ်ဦးဖြစ်သည့် ဒေါ်မေဇွန်က "ဗမာကြက်သွန်နီက ပြန်ရောင်းဖို့ ကုန်သည်တွေအနေနဲ့ လုံးဝဝယ်မရတဲ့ အခက်အခဲရှိနေတယ်၊ ဒါကြောင့် တရုတ်ဘက်ကဝင်တဲ့ ကြက်သွန်နီဥကြီးတွေ ရောင်းကြည့်တာ အကြိုက်နည်းတယ်၊ မဝယ်ကြဘူး၊ အဝယ်မရှိ သလောက်ပဲ" ဟု ပြောသည်။

လက်ရှိအချိန်တွင် မြစ်ကြီးနားမြို့၌ ပြည်တွင်းထွက် ကြက်သွန်နီများမှာ စံချိန်တင်ဈေးမြင့်တက်နေသော် လည်း ကြက်သွန်ဖြူမှာမူ ဈေးကျလျက်ရှိပြီး ယခင်က တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ကျော် ရောင်းချခဲ့ရာမှ ယခုတစ်ပတ်ထဲတွင် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ မှ ၂၀၀၀ ခန့်အထိသာဈေးရှိကြောင်း သိရသည်။

**မင်းမင်းဦး**



# ပေါက်မြို့နယ်မှ မိုးကြက်သွန်နီစိုက်ခင်းများ အခါမဲ့မိုးကြောင့် အပျက်အစီးမရှိ

**ရေစကြို ဇန်နဝါရီ ၉**

ပခုက္ကူခရိုင်အတွင်းရှိ ပေါက်မြို့နယ်၌ အခါမဲ့ မိုးရွာသွန်းခဲ့မှုကြောင့် ယောချောင်းနှင့် ကျောချောင်းဘေး တစ်လျှောက်ရှိနွေကြက်သွန်စိုက်ခင်းအချို့ ပျက်စီးခဲ့သော်လည်း ယခုပေါ်နေသော ကြက်သွန်နီများမှာ မိုးကြက်သွန်နီများ ဖြစ်ပြီး မိုးကြက်သွန်နီစိုက်ခင်းအပျက်အစီးမရှိကြောင်း သိရသည်။

"ပေါက်မြို့နယ်ဘက်က ယောချောင်းနဲ့ ကျောချောင်းဘက်က ရေမြုပ်တဲ့ စိုက်ခင်းတွေ၊ နွေကြက်သွန်စိုက်ခင်းတွေက ဧပြီလမှပေါ်မယ့်ဟာတွေ၊ အခုပေါ်နေတာက မိုးကြက်သွန်နီတွေ၊ ရေစကြိုမြို့နယ်နဲ့ ပေါက်မြို့နယ်ဘက်က ကုန်းကျတဲ့ရွာတွေက ကြက်သွန်နီတွေ ဝင်နေတာပါ"ဟု ပခုက္ကူ ကုန်စည်ဒိုင်မှ ကြက်သွန်နီပွဲစား တစ်ဦးက ပြောသည်။

မိုးကြက်သွန်နီများမှာ ရေစကြိုမြို့နယ်မှ အများဆုံးဝင်ရောက်နေခြင်းဖြစ်ပြီး ယခုနှစ်တွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်နေမှုကြောင့် ရေစကြိုမြို့နယ်မှကြက်သွန်နီစိုက်ခင်းရှင်များ အဆင်ပြေလျက်ရှိသည်။

"ဟိုအရင် ရက်ပိုင်းကဆိုရင် ကြက်သွန်နီတစ်ပိဿာကိုငွေကျပ် ၃၀၀၀ နားကပ်နေတယ်၊ အရင်နှစ်တွေကငွေကျပ် ၃၀၀၀ အထိ မဖြစ်ဖူးဘူး၊ စိုက်ခင်းတွေ အရင်နှစ်တွေကကြက်သွန်နီက ရောဂါဝင်လို့ အထွက်နှုန်းလျော့တာရော၊ ဈေးကွက်နိမ့်တာကြောင့် တောင်သူတွေရှုံးနေတာကြာပြီ"ဟု ရေစကြိုမြို့နယ် ဇီးကုန်းကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဦးလှသောင်းက ပြောသည်။

"အရင်က ကြက်သွန်နီ ပိဿာချိန်သောင်းနဲ့ ချီထွက်အောင်စိုက်ပါတယ်၊ ဒီနှစ်ကတော့ သိပ်မစိုက်လိုက်မိဘူး၊ ကြက်သွန်နီက ဈေးကောင်းနေတယ်၊ အထွက်နှုန်းလည်းကောင်းကြတယ်၊ အခါမဲ့ မိုးရွာလိုက်ပေမယ့် ဒီဘက်တွေမှာတော့ ကြက်သွန်နီစိုက်ခင်းတွေ အပျက်အစီးမရှိဘူး" ဟု ၎င်းက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# ဆိပ်ကမ်းသာပန်းခြံနှင့် ဘုရင့်နောင်အငူလမ်းတစ်လျှောက်သတိပေးတားမြစ်ချက်များ ထုတ်ပြန်

**ကော့သောင်း ဇန်နဝါရီ ၉**

ကော့သောင်းမြို့ကမ်းနားလမ်းရှိအများပြည်သူနှင့်သက်ဆိုင်သည့် ဆိပ်ကမ်းသာပန်းခြံနှင့် ဘုရင့်နောင်အငူလမ်းတစ်လျှောက် သတိပေးတားမြစ်ချက်များ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဇန်နဝါရီလ ၇ ရက်နေ့က ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ဆိပ်ကမ်းသာပန်းခြံနှင့် ဘုရင့်နောင် အငူလမ်းတစ်လျှောက်သည် မြို့နေပြည်သူမိသားစုများ၊ နိုင်ငံခြားခရီးသွားဧည့်သည်များ၊ မြို့သို့လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားဧည့်သည်များအနားယူအပန်းဖြေရာ၊ အမှတ်တရဓာတ်ပုံရိုက်ကူးရာ သာယာလှပသည့်နေရာဖြစ်သည်နှင့် လျော်ညီစွာ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ နိုင်ငံတော်ငွေကြေးအကုန်အကျခံကာ ပန်းခြံအတွင်းနှင့် လမ်းဘေးတစ်လျှောက် နားနေဆောင်ငယ်များ၊ ကျန်းမာရေး လေ့ကျင့်ရန်ကိရိယာများ၊ ပန်းအလှပင်များ၊ မြက်ခင်းများထားရှိ စိုက်ပျိုးကာ မြို့သာယာလှပရေးဆောင် ရွက်ပေးထားခြင်းဖြစ်သည်။



စည်းကမ်းမဲ့ ပြည်သူတချို့သည် အဆိုပါနေရာများတွင် အုပ်စုဖွဲ့အရက်သေစားသောက်စားခြင်း၊ ပန်းခြံအတွင်း ဘောလုံးကန်ခြင်း၊ ခြင်းလုံးခတ်ကစားခြင်းနှင့် လာရောက်လည်ပတ်သည့်နိုင်ငံခြားခရီးသွားဧည့်သည်များ အမြင်မတော်ဖွယ်မူးယစ်သောက်စားလဲလျောင်း အိပ်စက်နေခြင်းများကြောင့် မြို့ပုံရိပ်ကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် မြို့နယ်စည်ပင် သာယာရေးကော်မတီမှ အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်ဖွယ်အပြုအမူများ ပြုလုပ်ခြင်းများ မပြုကြရန်နှင့် တွေ့ရှိပါက စည်ပင်သာယာဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ချက် များကို ပန်းခြံနှင့် ဘုရင့်နောင်အငူလမ်း ဘေးတစ်လျှောက်စိုက်ထူကာ အသိပေးကြေညာကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မူခင်းပညာပေး ပြခန်းယာဉ်ဖြင့် လှည့်လည်ပညာပေး

**ပေါင်းတည် ဇန်နဝါရီ ၉** -ပေါင်းတည်မြို့နယ်အတွင်း မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့အား အသိပညာရရှိစေရန် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အောင်ဇင်မင်း ဦးစီးသော မှုခင်းပြခန်းယာဉ်သည် ဇန်နဝါရီ ၂ ရက်က ပေါင်းတည်မြို့ ရန်ကုန်-ပြည်လမ်းရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့နှင့် မြို့နယ်အထက်တန်းကျောင်းရှေ့တို့တွင် ပြသခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်ဦး၊ မြို့မစခန်းမှူး ဒုရဲမှူးမြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးရေး၊ အိမ်သုံးဆေးဝါး အလွဲသုံးစားမှု၊ မူးယစ်ဆေးဝါးသုံးစွဲသယ်ဆောင် ဖမ်းဆီးမှုနှင့် မီးရှို့ဖျက်ဆီးမှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ၊ သက်ငယ်မုဒိမ်းပပျောက်ရေး မှုခင်းကျဆင်းရေးတို့အား ဟောပြောခဲ့ပြီး မြို့မ အ.ထ.ကနှင့် အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ၊ ဆရာဆရာမများ၊ လူမှုအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပြခန်းယာဉ်ဖြင့်ပြသရာ အဆိုပါနှစ်နေရာသို့ လာရောက်၍ ဟောပြောမှုအား နားထောင်ကြပြီး ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**



# ရွှေတိုင်ညွန့်သီချင်းသီဆိုသူများကို သမီးဖြစ်သူ ထားလည်း သတိပေး

ဂန္ထဝင်ဂီတစာဆိုတော်ကြီးရွှေတိုင်ညွန့်၏ တေးသီချင်းများကို စာရေးဆရာကြီးများက ပြန်လည်ခံစားသီဆိုကြသည့် တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ Yangon Gallery ၌ ကျင်းပခဲ့သည်။



"ဖေဖေ အမှတ်တရ နှစ် ၁၀၀ ပြည့် စာအုပ်ကိုလည်း ထုတ်ခဲ့ပြီးပါပြီ၊ အခုလည်း ဖေဖေ့ရဲ့သီချင်းတွေကို ဂုဏ်ပြုတဲ့ အနေနဲ့ရော ပြန်လည်ဖော်ထုတ်တဲ့အနေနဲ့ပါ ပြုလုပ်ရခြင်း ဖြစ်ပါတယ်၊ ကျွန်မတို့ ငယ်ငယ်ကတည်းက ဖေဖေက သီချင်းတွေကို သေချာသီဆိုတတ်အောင် သင်ပေးခဲ့တာဆိုတော့ နောက်ထပ်မျိုးဆက်တွေကို ဖေဖေ့သီချင်းတွေ ရွေးချယ် သီဆိုတဲ့အခါ မှန်မှန်ကန်ကန်နဲ့ သီဆိုတတ်အောင်ဆိုပြီး ဒီပွဲလေးပြုလုပ်ရခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ ကျွန်မအနေနဲ့ ပြောစရာလေးတွေ ရှိပါတယ်၊ ဖေဖေ့သီချင်းတွေကို သီဆိုကြတဲ့ မြန်မာသံကလေးတွေကို ကျွန်မလေးစားပါတယ်၊ ဖေဖေ့အတွက်လည်း ဂုဏ်ယူပါတယ်၊ ဒါပေမယ့် သီချင်းတွေကို ပြန်ဆိုတဲ့အခါ သေသေချာချာ လေ့ကျင့်မှုလုပ်ပြီးဆိုစေချင်ပါတယ်၊ တချို့က သီချင်းတွေကို ပြန်ဆိုတဲ့အခါ အလွဲလေးတွေရှိတာကို စိတ်မကောင်းစွာနဲ့ တွေ့နေရပါတယ်၊ သီချင်းခွေထွက်ပြီးမှ ကျွန်မတို့လည်း သိရတော့ ပြန်ပြီးပြုပြင်ပေးချိန် မရတာတွေရှိတယ်၊ အချို့က အသံသွင်းပြီးမှ လာပြတာမျိုးတွေ ရှိကြတယ်၊ အင်မတန်ကို စိတ်မကောင်းဖြစ်ရပါတယ်၊ ဖေဖေ့ရဲ့ လွန်ခဲ့တဲ့ နှစ် ၈၀၊ ၉၀ တုန်းကသီချင်းတွေကို ပြန်ဆိုကြတဲ့အခါ ဂရုပြုစေချင်တာပါ၊ အခု ကျွန်မအနေနဲ့ ကတော့ ဖေဖေရေးခဲ့တဲ့ သီချင်းတွေကို နောင်မျိုးဆက်တွေ သေချာလေ့လာစေချင်တဲ့ ဆန္ဒနဲ့ ဒီလိုမျိုးပွဲလေးလုပ်ဖြစ်တာပါ" ဟု ဆရာရွှေတိုင်ညွန့်၏ သမီးဖြစ်သူ အဆိုတော် ဇော်ဝင်းထွဋ်၏ မိခင်ကြီး မြန်မာသံအဆိုပညာရှင် ဒေါ်ထားက ပြောသည်။

အဆိုပါ အခမ်းအနားတွင် တေးရေးဆရာကြီး ရွှေတိုင်ညွန့်သီချင်းများကို သီဆိုဂုဏ်ပြုကြသော၊ စာပေ၊ ဂီတပညာရှင်ကြီးများဖြစ်ကြသော ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညို၊ ဆရာနွမ်ဂျာသိုင်း၊ ဆရာမောင်သာချို၊ ဆရာစိုးသော်တာ၊ ဆရာအောင်စိုးသူ၊ ဆရာအောင်သျှံဝိုင်း၊ ဆရာချစ်နိုင် (စိတ်ပညာ)၊ ဆရာမနွေးနွေးဝင်းထိန်၊ ဆရာမနှင်းသီရိကျက်သရေ၊ ဆရာအတ္တကျော်၊ ဆရာညိုသစ်ငယ်၊ ဆရာဦးသိန်းလွင်၊ ဆရာမ မေအောင်လင်း၊ ဆရာဦးမောင်မောင်အေး၊ ဒါရိုက်တာ ဘုန်းဝေ၊ ကာတွန်းရွှေမင်းသား၊ ဆရာ မြင်းမူမောင်နိုင်မိုး၊ ဆရာမစူးရှထက်ထက်၊ ဆရာဒေါက်တာ ထွန်းလွင်စသည်တို့က ပါဝင်သီဆိုဖျော်ဖြေခဲ့ကြသည်။

**ကိုလင်း**

# ချစ်သူ Fan များကြောင့် ရောခ်အင်န်ရိုးလ် ခရီးသွား ဖျော်ဖြေပွဲလာမည်

ရောခ့်ဂီတအဆိုတော် ဇော်ဝင်းထွဋ်နှင့် အင်ပါယာ ရော့ခ်အင်န်ရိုးလ် ခရီးသွားများ ဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အင်ပါယာ Fan ကလပ်ကနေပြီးတော့ ကိုဇော်ဝင်းထွဋ် ပွဲတွေရှိတိုင်း အကုန်လုံး ချိန်းပြီး လူစုံသွားလေ့ရှိပါတယ်၊ အခုဒီပွဲလေးကတော့ ကျွန်တော်တို့ အားလုံးက ကိုဇော်ဝင်းထွဋ်ရဲ့ တစ်ကိုယ်တော်ရှိုးပွဲကို ကြည့်ချင်ကြတယ်၊ အဲဒါနဲ့ပွဲလေးကို စီစဉ်ဖြစ်တာပါ၊ လက်မှတ်ကိုတော့ ပထမဆုံး အင်ပါယာ Fan ဖေ့စ်ဘုတ်ထဲမှာ ဝယ်ယူလို့ရအောင်စီစဉ်ထားပါတယ်၊ နယ်ကလူတွေ အဆင်ပြေအောင်လို့ပါ၊ အစ်ကို တစ်ယောက်တည်းဆိုတာကို နားထောင်ချင်ကြတာရယ်၊ ပြီးတော့ Fan တွေဆုံချင်တာလည်း ပါပါတယ်၊ အွန်လိုင်းပေါ်မှာရှိတဲ့ ကိုဇော်ဝင်းထွဋ်ရဲ့ ပရိသတ်တွေတွေ့ဆုံကြတဲ့ပွဲပါပဲ၊ သူတို့တွေကလည်း တောင်းဆိုထားတာတွေရှိပါတယ်၊ ဇော်ဝင်းထွဋ်ရဲ့ One Man Show ကြည့်ချင်တယ်၊ ရှေ့ကဆိုခဲ့တဲ့ သီချင်းတွေရော၊ နောက်ထပ်ထွက်ခဲ့တဲ့ သီချင်းတွေကိုပါ ပြန်နားထောင်ချင်ကြတယ်ဆိုလို့ လုပ်ဖြစ်တာပါ၊ အစ်ကိုကတော့ ထုံးစံအတိုင်း သီချင်းတွေဆိုတဲ့အခါမှာ အားရပါးရသီဆိုတတ်သူဖြစ်တာမို့ ပွဲချိန်က သတ်မှတ်ထားတဲ့ အချိန်ထက်ကျော်လည်း ကျော်သွားနိုင်မှာပေါ့၊ အပုဒ် ၃၀ ဆိုမယ်ပြောပေမယ့် တစ်ခါတလေ ဒီထက်ပိုသွားနိုင်ပါတယ်၊ အခုပွဲမှာလည်း အပုဒ် ၄၀ လောက်ဆိုမယ်လို့ပြောပေမယ့် ၆၀ လောက် ဖြစ်ရင် မနက် ၃၊ ၄ နာရီလောက်အထိ ပွဲကဖြစ်သွားနိုင်ပါတယ်၊ သီချင်းတွေဆိုတဲ့အခါမှာလည်း အစ်ကိုက နောက်ဆုံးထွက်ထားတဲ့ အခွေထဲက သီချင်းတွေလည်းဆိုမယ်လို့ပြောတယ်၊ ဒီပွဲကို "ရော့ခ်အင်န်ရိုးလ်ခရီးသွား" လို့ပေးဖြစ်တာကလည်း အခု ထွက်ခဲ့တဲ့ Journey1 အခွေထွက်ထားတာ ဆိုတော့ အဲ့ဒီအဓိပ္ပာယ်လေးကို သဘောကျလို့ပေးဖြစ်တာပါ" ဟု ပွဲစီစဉ်သူ တစ်ဦးက ပြောသည်။



**ကိုလင်း**

# စူပါမော်ဒယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေကြ

Mister & Miss ပြိုင်ပွဲများစွာကို ဦးစီးပြီး ပြည်ပနိုင်ငံများသို့ စေလွှတ်နေသောSuper Models မှ ပြည်ပနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲအတွေ့အကြုံရှိ အလှမောင်၊ အလှမယ်များကို City Miss အဖြစ် ရွေးချယ်ကာပြည်တွင်းရှိ မျိုးဆက်သစ် အလှမောင်၊ အလှမယ်များကို ဖော်ထုတ်ရွေးချယ်နိုင်ရန်အတွက် တရားဝင် Crow နှင့် စလွယ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့ ပြည်နယ်နဲ့တိုင်းက အလှမယ်တွေ ရွေးချယ်တဲ့အပြင် တချို့ပွဲမစီစဉ်ဘဲ ရွေးချယ်ခဲ့တဲ့ Super Model တွေ ၂၅ ယောက်ကို စာနယ်ဇင်းမိတ်ဆက်တာလည်း ဖြစ်ပါတယ်၊ ရွေးချယ်ထားတဲ့ ကလေးတွေကို သေချာ Traning Camp သွင်းပေးတာလည်း ဖြစ်ပါတယ်၊ ဒီအလှမယ်ထဲက Top 5 ရွေးချယ်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်း၏ လက်ထောက် Organizar ဇေနီလေးက ပြောသည်။

The Super Model International Myanmar 2018 နောက်ဆုံးဖိုင်နယ်ပြိုင်ပွဲကြီးကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး Super Model International ပွဲကို အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဟုသိရသည်။ ယင်းပွဲကြီးအတွက် ကြိုတင်ပြင်ဆင်နေသည့် အလှမယ်များထဲမှာ အယ်လီနာဝင်း ရန်ကုန်တိုင်း ကိုယ်စားပြုကလည်း "ကျွန်မ ပြိုင်ပွဲအတွေ့အကြုံတွေလည်း ရှိခဲ့ပါတယ်၊ ၂၀၁၇ ခုနှစ်မှာ Miss Myanmar World International ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်၊ အရင်မစ္စပြိုင်ပွဲ ယှဉ်ပြိုင်ဖူးတယ်၊ အခုက Super Model ခေါင်းစဉ်လေးကို သဘောကျတယ်။ နောက်မော်ဒယ်လ်ပိုင်းမှာလည်း Title ပိုင်းတွေ ရွေးချယ်စရာတွေလည်း အများကြီးရှိတယ်ဆိုတော့ သဘောကျပြီး ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ၊ ကျွန်မ ဒီပြိုင်ပွဲအတွက် ဘာသာစကားရော၊ ခန္ဓာကိုယ်ပိုင်းရော နောက် အိန္ဒိယအကနဲ့ ယှဉ်ပြိုင်ဖို့အတွက် ကြိုပြင်ဆင်နေပါတယ်" ဟု ပြောသည်။

**ကိုလင်း**

# City FM ရေဒီယို၏ ၁၆နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပမည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေနေခြည်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် City FM ရေဒီယို၏ ၁၆နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center ၌ ကျင်းပမည်ဖြစ်ပြီး 5 PLUS Digital Free To Air ရုပ်သံလိုင်းမှလည်း တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



ယင်းကိစ္စနှင့်ပတ်သက်ပြီး စာနယ်ဇင်းများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အိုလံပစ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။ "City FM Radio ၁၆ နှစ်ပြည့် အခမ်းအနားကို အရင်နှစ်တွေကနဲ့ မတူဘဲ ခမ်းနားစွာကျင်းပသွားမှာပါ၊ အစီအစဉ်ကောင်း များစွာနဲ့တင်ဆက်သွားမှာပါ၊ City FM Radio ရဲ့အစီအစဉ်ကောင်းများစွာကို ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ စတင် ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာ နှစ်ပတ်လည်နေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ပါတယ်၊ ယခုအခါ ၁၆နှစ် တိုင်ခဲ့ပါပြီ၊ ၁၆ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကိုလည်း ယခင်နှစ်များလိုပဲ ဖျော်ဖြေရေးအစီအစဉ်နဲ့ အနုပညာရှင်တွေကို ဆုချီးမြှင့်ခြင်းအစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်" ဟု ရွှေနေခြည်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် နာမည်ကျော်အဆိုတော်များဖြစ်သော ဝေလ၊ ထူးအယ်လ်လင်း၊ ဖြိုးပြည့်စုံ၊ နေမင်းအိမ်၊ အောင်ထက်၊ ဇွဲပြည့်၊ G Fatt၊ နီနီခင်ဇော်၊ ဖြူဖြူကျော်သိန်း၊ မိစန္ဒီ၊ ဆန်းသစ်လ၊ ရတနာမိုင်၊ Jewel တို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြမည် ဖြစ်သည်။ **ကိုလင်း**

# ပရိသတ်ကြီးအတွက် အွန်လိုင်းကနေ အနုပညာ လက်ဆောင်ပေးမည့် ဆိုဖီယာ

Myanmar Idol Season (1) ၏ Top 10 အဖြစ် ပါဝင်ခဲ့ပြီး ဂီတလောကထဲကို ဝင်ရောက်လာခဲ့သူ၊ အမျိုးမျိုးသော တိုက်ခိုက်ခြင်းများကို ကျော်ဖြတ်ရင်း ပထမဆုံးတစ်ကိုယ်တော်ခွေဖြစ်သည့် "NVM" ဟု အမည်ပေးထားသည့် တေးစီးရီးကို ထွက်ရှိခဲ့သူ ဆိုဖီယာသည် အဆိုပါစီးရီးအတွင်း ပရိသတ်အားပေးမှုကိုလည်း ဆက်လက်ရရှိထားသူ ဖြစ်သည်။

**မေး ။ နှစ်သစ်မှာ ပရိသတ်ကြီးကို ဘာတွေလက်ဆောင်ပေးဖို့ရှိသလဲ။**

ဖြေ ။ ဇန်နဝါရီ ၁၅ ရက်မှာ ပရိသတ်အတွက် အွန်လိုင်းကနေ မြူးဇစ်ဗီဒီယိုလေးတစ်ခု ပြသွားဖို့ စီစဉ်ထားပါတယ်၊ နာမည်လေးက "အိုက်စ်" လို့ပေးထား ပါတယ်၊ ပြီးတော့ ဒုတိယမြောက် စီးရီးလေးလည်း ဒီလထဲထွက်နိုင်အောင် ကြိုးစားနေပါတယ်။ ရက်ကတော့ အတိအကျ မပြောတတ်သေးပါဘူး။ သီချင်းအားလုံး ရှစ်ပုဒ်ထည့်ထားပါတယ်။ သီချင်းအမျိုးအစားတွေအနေနဲ့က R&P၊ Pop နဲ့ မြန်မာအကြိုက် သီချင်းလေးတွေ ရွေးထားပါတယ်။ တေးရေးတွေကတော့ မိုးထက်၊ ဘလောက်စ်၊ MHN တို့ရေးထားတဲ့ သီချင်းတွေပါတယ်။ အားလုံးသီချင်းသစ်တွေချည်းပါပဲ။ ညီမစိတ်ကြိုက်ဖန်တီးထားတဲ့ သီချင်းတွေ အများဆုံး ပါပါတယ်။ ဖန်တီးတဲ့အခါမှာလည်း ခေတ်အရမ်းလွန်ရင် လည်း အဆင်မပြေဘူးဆိုတော့ ခေတ်နဲ့ အကြိုက်တူတဲ့ သီချင်း လေးတွေပဲ ဖန်တီးထားပါတယ်။



**မေး ။ စန္ဒီမြင့်လွင်နဲ့အတူ သီဆိုထားတဲ့သီချင်းလေးက ပရိသတ် စိတ်ဝင်စားမှု အများဆုံးရှိခဲ့တယ်နော်။**

ဖြေ ။ အဲ့ဒါက မိန်းကလေးချင်းကြိုက်တဲ့ ပုံစံလေးဖန်တီးထားတာပါ။ အဲ့ဒီသီချင်းနာမည်လေးကလည်း (IDFC) အပြင်မှာ တွေ့နေရတဲ့ ပုံစံလေးကို ညီမကတေးရေးကိုပြောပြတယ်။ တေးရေးက သံစဉ်ရှာပြီး သီချင်းတွေ ရေးပေးခဲ့ပါတယ်။ ညီမအနေနဲ့ အဲ့ဒီသီချင်းလေးက Radio Festival 2017 မှာ ဆိုခဲ့တဲ့ သီချင်းလေးပါ။ အချစ်မှာ အသားအရောင် မခွဲဘူး။ တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြတယ်ဆိုတာ မဆန်းကြယ်ဘူး။ အားလုံး ချစ်ခင်ကြတာကို ဖော်ညွှန်းထားတဲ့ သီချင်းလေးပါ။ သီချင်းလေးနဲ့ ပတ်သက်ပြီး ညီမကို မေးကြတယ်။ အပြင်မှာရော ညီမက အဲလိုပဲလားတဲ့။ ညီမရဲ့စိတ်က မိန်းကလေးတစ်ယောက်ရဲ့ စိတ်ပါ။ အခြားမိန်းကလေးတွေလိုပါပဲ။ တကယ်လို့ မိန်းကလေး အချင်းချင်းဆိုလည်း ပါးရိုးကျကျနဲ့ ခပ်မိုက်မိုက် ပုံစံလေးတွေဆိုလည်း စိတ်ဝင်စားမိမှာပဲ။

**မေး ။ အချစ်ရေးကရော အချစ်ကိုဘယ်လိုပုံစံမျိုးမျှော်လင့်ထားသလဲ။**

ဖြေ ။ "စိတ်ကုန်မိတော့မယ်" ဆိုတဲ့ သီချင်းလေး တစ်ပုဒ်ကတော့ ညီမ နောက်ထွက်မယ့် အခွေထဲမှာပါပါတယ်။ အဲ့ဒီသီချင်းလေးကတော့ ညီမစိတ်ကို ပြောထားတာပါ။ ယောကျ်ားလေး တစ်ယောက် ကို ချစ်မိတယ်၊ ပြီးတော့ သူ့ကြောင့် စိတ်တိုမိတယ်။ စိတ်တိုလို့ ရိုက်မိတော့မယ်ပေါ့။ နောက်တစ်ပုဒ်က "I am Sorry" ဆိုတဲ့သီချင်းလေးကလဲ ညီမအကြောင်းလေးပါပဲ။ ချစ်သူကို ကိုယ့်ဘက်က လက်တုံ့ပြန်လိုက်တာ လွန်သွားတယ်ပေါ့နော်။ ညီမသီချင်းတွေဆိုတဲ့အခါမှာလည်း ညီမစိတ်နဲ့ ထပ်တူကျတဲ့အခါမှပဲ ဆိုတယ်။ တေးရေးကိုလည်း ပြောပြပြီးရေးဖြစ်တယ်။ ပြီးတော့ ညီမက အချစ်နဲ့ပတ်သက်ရင် အပြင်မှာ လက်တွေ့ကျကျ ခံစားတတ်တဲ့သူပါ။ ဒါကြောင့် စိတ်ထပ်တူကျတဲ့သူတော့ လိုချင်ပါတယ်။ လောလောဆယ်တော့ မရှိသေးဘူး။ ဒီအချိန်မှာ သီချင်းတွေကိုပဲ အာရုံစိုက်နေပါတယ်။ ညီမ တကယ်လို့ ရွေးချယ်ရမယ်ဆိုလည်း ရုပ်ရည်အသင့်အတင့်နဲ့ ကိုယ့်ဘဝကိုယ် ရပ်တည်နေတဲ့ယောကျ်ားလေးမျိုးကို ရွေးချယ်ဖြစ်ပါလိမ့်မယ်။ ။

**ကိုလင်း**

# နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ဆုတွေသိမ်းကျုံးယူသွားတဲ့ Three Billboards Outside Ebbing Missouri

(၇၅) ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲအခမ်းအနားကို တနင်္ဂနွေနေ့ကကျင်းပခဲ့ရာ "Three Billboards Outside Ebbing Missouri" ဇာတ်ကားက ဆုလေးဆုကိုသိမ်းကျုံးယူသွားနိုင်ခဲ့ပါတယ်။ အကောင်းဆုံးဟာသရုပ်ရှင်အဖြစ် Lady bird ဟာသကားက အမည်စာရင်းတင်သွင်းခံရပြီး Saoirse Ronan က အကောင်းဆုံး အမျိုးသမီးဟာသသရုပ်ဆောင်အဖြစ် ဆုရသွားပါတယ်။ ဂရေးအိုဒ်မန်က အကောင်းဆုံးဒရမ်မာသရုပ်ဆောင်အဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရပါတယ်။ အကောင်းဆုံးအမျိုးသား ဟာသသရုပ်ဆောင်အဖြစ် ဂျိမ်းစ်ဖရန်ကိုက ရရှိသွားပါတယ်။ ဆုပေးပွဲညက ဟောလိဝုဒ်မှာ လွှမ်းမိုးသွားတဲ့အကြောင်းအရာကတော့ ဆုတွေကို အိမ်အပြန်သယ်ဆောင်သွားနိုင်တဲ့လူတွေရဲ့အကြောင်းတင်မကဘဲ ဟောလိဝုဒ်မှာ လက်ရှိပေါ်ပေါက်နေတဲ့ လိင်ပိုင်းဆိုင်ရာ အကျူးလွန်ခံရမှုတွေအကြောင်းပါပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆုပေးပွဲည မိန့်ခွန်းတွေမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

အော်ပရာဝင်းဖရေးကလည်း နှစ်စဉ်ချီးမြှင့်နေကြဖြစ်တဲ့ တစ်သက်တာအောင်မြင်မှုဆုကို လက်ခံစဉ်မှာလည်း ဒီနှစ်ဟာ ရာဇဝင်တွင်မယ့် နှစ်ပါပဲလို့ ပြောကြားခဲ့ပါတယ်။ "Three Billboards Outside Ebbing Missouri" ဇာတ်ကားမှာအကောင်းဆုံး သရုပ်ဆောင်ဆုရရှိသူ မက်ဒေါမန်ဒ်က သူဟာ ရုပ်ရှင်လုပ်ငန်းမှာအမျိုးသမီးတစ်ဦးဖြစ်ရတာ ဂုဏ်ယူတယ်လို့ဖြေကြားခဲ့ပါတယ်။ HBO ကုမ္ပဏီရဲ့တီဗွီစီးရီးဟာလည်း အမျိုးသမီးဇာတ်ဆောင်တွေအများအပြားဆုရရှိစေခဲ့ပါတယ်။ ရွှေကမ္ဘာလုံးဆုပေးပွဲဟာလည်း အရေးပါတဲ့ဆုချီးမြှင့်ပွဲတစ်ခုဖြစ်ပြီး အော်စကာဆုပေးပွဲကို မတ်လအတွင်းမှာကျင်းပတော့မှာပဲဖြစ်တယ်။ ယခုနှစ် ရွှေကမ္ဘာလုံးဆုချီးမြှင့်ပေးပွဲအခမ်းအနားဟာတော့ သရုပ်ဆောင်တွေက အနက်ရောင်ဝတ်စုံတွေနဲ့ ဖုံးလွှမ်းလို့နေပါတယ်။

**ရိုက်တာ**



..................................

## ရွှေကမ္ဘာလုံးဆုချီးမြှင့်ပွဲ အခမ်းအနားကို သားဖြစ်သူနဲ့အတူ တက်ရောက်တဲ့ ဂျိုလီ

တနင်္ဂနွေနေ့က ကျင်းပခဲ့တဲ့ရွှေကမ္ဘာလုံးဆုပေးပွဲကို အိန်ဂျလီနာဂျိုလီဟာ သားဖြစ်သူ ပက်ဇ်နဲ့အတူ တက်ရောက်ခဲ့ပါတယ်။ ခင်ပွန်းသည်ဖြစ်သူ ဘရက်ပစ်နဲ့လမ်းခွဲပြီးနောက် သားဖြစ်သူနဲ့အတူ ပွဲတက်ခဲ့ခြင်းလည်းဖြစ်တယ်။ အဲဒီနေ့ကပွဲမှာ အသက် ၄၂နှစ်အရွယ် ဂျိုလီဟာ အနက်ရောင် ဂါဝန်နဲ့အတူ ကျော့ရှင်းလှပလို့နေပါတယ်။

သားဖြစ်သူပက်ဇ်ဟာ အသက်၁၄နှစ်အရွယ်ရှိလာပြီဖြစ်ပြီး သူ့ကိုအုပ်ထိန်းခွင့်ကိုတော့ ဂျိုလီနဲ့ဘရက်ပစ်တို့က ပူးတွဲရယူထားပါတယ်။ အမေနဲ့သားစုံတွဲဟာ အခြားသော ဟောလိဝုဒ်ကြယ်ပွင့်တွေနည်းတူ အနက်ရောင်ဆင်တူ ဝတ်ဆင်လာတာကတော့ ရုပ်ရှင်လုပ်ငန်းခွင်မှာ ခွဲခြားဆက်ဆံခြင်းမရှိဘဲ တန်းတူအခွင့်အရေးဖို့ ဆန္ဒပြတဲ့အနေနဲ့ ဝတ်ဆင်လာခဲ့တာပဲ ဖြစ်တယ်။

လွန်ခဲ့တဲ့နှစ်က ဂျိုလီဟာ သူလည်းပရိုဂျူဆာ ဟာဗေးဝင်စတိန်းရဲ့ကျူးလွန်မှုကိုခံခဲ့ရတယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါကြောင့် သူဟာနောက်ပိုင်းမှာ အဲ့ဒီပရိုဂျူဆာနဲ့လက်တွဲအလုပ်မလုပ်တော့တာဘဲ ဖြစ်တယ်လို့လည်း ဆိုပါတယ်။ သူနဲ့သိတဲ့လူတိုင်းကိုလည်း ဝင်စတိန်းနဲ့အလုပ်တွဲမလုပ်ဖို့ သတိပေးမှုတွေပြုလုပ်ခဲ့တယ်လို့ဆက်ပြောပါတယ်။ အမျိုးသမီးတွေအပေါ်မှာ ရည်ရွယ်ပြီး ကျူးလွန်တဲ့လုပ်ရပ်တွေကို ဘယ်နယ်ပယ်ဝန်းကျင်မှာမှ လက်မခံပါဘူးလို့လည်း ဂျိုလီကဖြေကြားခဲ့ပါတယ်။

**ဟယ်လို**



# လယ်ယာမြေတွင်လိုအပ်သော မြေသြဇာပမာဏကို စမ်းသပ်အဖြေထုတ်ပေးနိုင်တော့မည်

**မကွေး ဇန်နဝါရီ ၉**

မိရိုးဖလာအလေ့အထများမှ သိပ္ပံနည်းကျကောင်းမွန်သောစိုက်ပျိုးရေးကျင့်စဉ်များသို့ စတင်ပြောင်းလဲကျင့်သုံးနေပြီဖြစ်သော မကွေးတိုင်းဒေသကြီး၌ တောင်သူများ၏ လယ်ယာမြေတွင် လိုအပ်သောအာဟာရဓာတ်နှင့် သုံးစွဲသင့်သည့် မြေသြဇာပမာဏတို့ကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ထားသော မြေဆီလွှာဓာတ်ခွဲခန်းမှ စမ်းသပ်အဖြေထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



"ဓာတ်ခွဲခန်းကို စိုက်ပျိုးမယ့် မြေနမူနာတွေ ပို့ဆောင်ပေးတာနဲ့ ချက်ချင်းစမ်းသပ်ပြီး အဖြေထုတ်ပေးနိုင်တော့မှာပါ၊ အရင်ကတော့ ရန်ကုန်မှာရှိတဲ့ ဓာတ်ခွဲခန်းကို ပို့ပြီးစစ်ဆေးရလို့ ရလဒ်ကိုအချိန်ပေးစောင့်ဆိုင်းခဲ့ရတာတွေ ရှိခဲ့ပါတယ်၊ အခု ကိုယ့်တိုင်း၊ ကိုယ့်ဒေသမှာ စမ်းသပ်နိုင်ပြီဆိုတော့ လယ်ယာမြေမှာ ဘယ်လိုအာဟာရဓာတ်တွေ ချို့တဲ့နေတယ်၊ ဘယ်လို အာဟာရဓာတ်တွေရှိနေတယ်ဆိုတာ အချိန်ပိုင်းအတွင်းမှာ သိရှိနိုင်ပြီး ဘယ်လိုမြေသြဇာကို ဘယ်လောက်သုံးစွဲရမယ်ဆိုတာ တောင်သူတွေ သိရှိနိုင်မှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

မြေဆီလွှာစမ်းသပ်လိုသည့် တောင်သူများအနေဖြင့် လယ်ယာမြေတစ်ဧကတွင် အနည်းဆုံးနေရာသုံးခုမှ မြေနမူနာကို စိုက်ပျိုးရေးဝန်ထမ်းများ ပြသသည့်အတိုင်း ဗွီပုံသဏ္ဌာန်တူးယူပြီးပေးပို့ရမည်ဖြစ်ကြောင်း၊ လတ်တလောအခမဲ့စမ်းသပ်ပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပြန်လည်ဖြည့်တင်းနိုင်ရန်အတွက် သင့်တင့်လျောက်ပတ်သော နှုန်းထားဖြင့် ဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုက်ထရိုဂျင်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ် စသည့်ဓာတ်များ၊ မြေဆီလွှာ၏ အချဉ်၊ အငံ အတိုင်းအဆ၊ ရေ၏ PH နှင့် EC အင်တီဂိတ်တာများ၏ဓာတ်ခွဲစမ်းသပ်မှုများကို မကွေးတိုင်းမြေဆီလွှာဓာတ်ခွဲခန်းမှ စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကာ ဒေသတွင်းအကျိုးဆောင်တောင်သူများက ဆက်သွယ်မှုများ ရှိနေကြောင်း သိရသည်။

ဓာတ်ခွဲခန်း အဆောက်အအုံကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေကျပ်သိန်း ၂၅၀၊ ဓာတ်ခွဲခန်းသုံးပစ္စည်းအတွက် ငွေကျပ်သိန်း ၅၀၀ ခန့်ဖြင့် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်များ မြစ်ကူးတံတားကြီးတစ်စင်းသဖွယ် အားထားသွားလာနေရ

**ဖျာပုံ ဇန်နဝါရီ ၉**

ပန်းဆိုးတန်း-ဒလ (ရန်ကုန်) ခရီးသည်ပြေးဆွဲပေးနေသည့် ချယ်ရီ ၁/၂ နှင့် ၃ ကူးတို့ ရေယာဉ်များသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ခရီးသွား ပြည်သူများအတွက် မြစ်ကူးတံတားကြီးသဖွယ်နေ့စဉ်နှင့်အမျှ အားထားသွားလာနေရသည်။



ကူးတို့ရေယာဉ်များဖြင့် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ မအူပင်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ် စသည့်မြို့နယ်များမှ ခရီးသွားပြည်သူ သုံးသောင်းကျော် အားထားသွားလာနေသကဲ့သို့ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲအနေဖြင့်လည်း ဝင်ငွေအကောင်းဆုံးလုပ်ငန်းအဖြစ်သတ်မှတ်ထားရှိကြောင်း သိရသည်။

ဇန်နဝါရီ ၆ ရက်က ဒလမြို့နယ် ရေကြောင်းပို့ဆောင်ရေးမန်နေဂျာ ဦးမြင့် လွင်ကျော်က ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်စီးနင်းသွားလာသည့် ခရီးသည် အရေအတွက်မှာ ပျမ်းမျှအားဖြင့်နေ့စဉ်သုံးသောင်းကျော် သွားလာလျက်ရှိကြောင်း၊ လဆန်းရက်နှင့်ရုံးပိတ်၊ ဈေးပိတ်ရက်များ၊ ရန်ကုန်မြို့တွင်း နေ့ကြီးရက်ကြီးအခမ်းအနားများနှင့် ပွဲလမ်းသဘင်များရှိပါက ခရီးသည်ပိုများတတ်ကြောင်း၊ ကူးတို့ရေယာဉ်များအဖြစ် ခရီးသည်များ သက်သောင့်သက်သာသွားလာနိုင်ရေးအတွက် ဂျပန်နိုင်ငံက လက်ဆောင်ပေးထားသည့်ချယ်ရီ ၁/၂ နှင့် ၃ အဆင့်မြင့်ရေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိကြောင်းပြောသည်။

ကူးတို့ရေယာဉ်များ၏ ဝင်ငွေရရှိမှုနှင့် ပတ်သက်၍ မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန်ခံ အရာရှိတစ်ဦးက ဌာနခွဲတွင် လက်ရှိဝင်ငွေအကောင်းဆုံးလုပ်ငန်းမှာ ပန်းဆိုးတန်း-ဒလကူးတို့ လုပ်ငန်းဖြစ်ကြောင်း၊ ဌာနအနေဖြင့် အဓိကအားထားနေရကြောင်း၊ ဝင်ငွေရရှိမှုနှင့်ပတ်သက်ပြီး တစ်ရက်လျှင်ပျမ်းမျှ ငွေကျပ် ၃၂သိန်း၊ တစ်နှစ်လျှင်ဒီဇင်ဘာလချုပ်အရ ငွေကျပ် ၁၀၀၄ ဒသမ ၇၅ သိန်းရရှိကြောင်း ပြောသည်။

ချယ်ရီကူးတို့ရေယာဉ် ၁/၂နှင့် ၃ ရေယာဉ်များသည် မိုးတွင်းကာလတွင်လည်း လေဒဏ်မိုးဒဏ်ကာကွယ်ပေးနိုင်မှု ကျယ်ပြန့်မှုနှင့်သက်တောင့်သက်သာရှိခြင်းတို့ကြောင့် ခရီးသည်များအတွက်အဆင်ပြေပြီး ရေရှည်ကြံ့ခိုင်မှုရှိနေစေရေးတို့အတွက် ဌာနနှင့်ခရီးသွားပြည်သူများ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားရန် လိုအပ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ရေတင်ပန့်၊ မီးတိုင်နှင့်တန်းများ အသစ်လဲလှယ်မှုများဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရေဖြန့်ဝေပေးခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ရေပေးဝေ ရေးစက်ရုံ၌ အသုံးပြုလျက်ရှိသည့် ရေတင်ပန့်လေးလုံး၊ မီးတိုင်များနှင့်တန်းများကို ယခုလ ၆ ရက်နေ့က အစားထိုးပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှ သိရသည်။

"ကျေးလက်ရေပေးဝေရေးလုပ်ငန်းတွေ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ရေပေးဝေရေး စက်ရုံမှာယခင်ကအသုံးပြုနေတဲ့ ရေတင်ပန့်တွေက နှစ်ကာလကြာမြင့်ပြီ ဖြစ်လို့ သုံးရတာအဆင်မပြေတော့ပါဘူး၊ ဒါ့ကြောင့် ရေစက်ရုံမှာ အသုံးပြုနေတဲ့ရေတင်ပန့်တွေ ကောင်းမွန်ဖို့အတွက် ရေတင်ပန့် အသစ်လေးလုံး အစားထိုးလဲလှယ်ခြင်း၊ မီးတိုင်တွေနဲ့တန်းများကိုလည်း အသစ်လဲလှယ်မှုတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်၊ ယခုနှစ်မှာ မြို့နယ် အတွင်းရှိ ကျေးရွာတွေကို မြစ်ရေတင်စနစ်နဲ့ ကျေးလက်ရေပေးဝေရေးလုပ်ငန်းကို အဆင်ပြေစွာဖြန့်ဝေဆောင်ရွက် ပေးသွားနိုင်မှာပါ" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂) တောင်ငူ၊ ကာယ၊ ဉာဏဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဇန်နဝါရီ ၄ ရက်က ဓမ္မက္ခ တဓမ္မာရုံ၌ ကျင်းပခဲ့ရာ အားကစားနည်း ၅၅ မျိုးမှ သက်တမ်းအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများကဆုများချီးမြှင့်ခဲ့စဉ်။**

ကိုလွင်(ဆွာ)



**ဂျပန်ဦးနှောက်ရောင်ရောဂါကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်**

- ဂျပန်ဦးနှောက်ရောင်ရောဂါသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် အနောက်ပစိဖိတ်ဒေသနိုင်ငံ ၂၄ နိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိပါသည်။
- အသက်အရွယ်မရွေးဖြစ်ပွားတတ်ပြီးအသက် ၁၅ နှစ်အောက်ကလေးများတွင် အများဆုံးဖြစ်ပွားကြောင်း တွေ့ရပါသည်။
- နောက်ဆက်တွဲအနေဖြင့် ဦးနှောက်ရောင်ရမ်းခြင်း၊ ဦးနှောက်နှင့်ကျောရိုးနာ့ဗ်ကြောမအပါအဝင် ဗဟိုအာရုံကြောစနစ်အစိတ်အပိုင်းများကို ထိခိုက်စေပါသည်။
- ဂျပန်ဦးနှောက်ရောင်ဗိုင်းရပ်ပိုး သယ်ဆောင်သောခြင်မှတစ်ဆင့် ကူးစက်သည်။
- ရေစပ်တွင်နေထိုင်သော ငှက်များ၊ ဝက်နှင့် အိမ်မွေးတိရစ္ဆာန်များတွင် ရောဂါပိုးဝင်ရောက်နေနိုင်ပါသည်။ ထိုတိရစ္ဆာန်များကို ကိုက်ပြီးသောခြင်က လူကိုကိုက်ခြင်းဖြင့် ကူးစက်ပါသည်။
- ခြင်ကိုက်မခံရအောင်ခြင်ထောင်ဖြင့် အိပ်ခြင်း၊ ခြင်နိုင်လိမ်းဆေးလိမ်းခြင်း၊ အင်္ကျီရှည်၊ ဘောင်းဘီရှည်ဝတ်ဆင်ခြင်းတို့ဖြင့် ရောဂါကူးစက်မှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။
- ကာကွယ်ဆေးထိုးနှံခြင်းသည် အကောင်းဆုံးနှင့် အထိရောက်ဆုံးသောကာကွယ်တားဆီးခြင်းဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရွှေအင်းတောင်စေတီ ၁၈၈၈ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

**တောင်တွင်းကြီး ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၏ ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ ၁၈၈၈ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်မှ တန်ခူးလဆန်း ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော် အမှူးပြုသော ဩဝါဒစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို ဇန်နဝါရီ ၈ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပွဲတော်ကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။



ဗုဒ္ဓပူဇနီယပွဲတော်တွင် တပေါင်းလပြည့်ကျော် ၅ ရက်မှစ၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းသပိတ်လောင်းလှူပွဲ၊ ရိုးရာခြင်းခတ်ပညာ စွမ်းရည်ပြပွဲ၊ ဇာတ်ပွဲနှင့်ပျော်ပွဲရွှင်ပွဲများ စုံလင်စွာ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဈေးဆိုင်များလည်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ (၀၈၅)

# လမ်းကွန်ရက်များကြောင့် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ် တောင်ပိုင်း မြို့နယ်များ

**မိုးလွင်ဦး(လွိုင်လင်)**

ရှမ်းပြည်နယ် တောင်ပိုင်း ရှိ တောင်ကြီးမြို့သည် ပြည်နယ်၏မြို့တော်ဖြစ်သည်။ ရှမ်းပြည်နယ် တောင်ပိုင်း တွင် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်ဟူ၍ ခရိုင်သုံးခု ရှိသည်။ လွိုင်လင်ခရိုင် လွိုင်လင်မြို့သည် ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါ-လားရှိုးမှ တရုတ်နိုင်ငံကိုသွယ်ထားသော AH 111 အာဆီယံလမ်းမကြီးနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံ-တာချီလိတ် လမ်းမကြီးမှ ထိုင်းနိုင်ငံသို့ဆက်သွယ်ထားသော AH 2 အာဆီယံလမ်းမကြီးများဆုံရာ လမ်းဆုံမြို့ဖြစ်သည်။ ယခုအခါ နိုင်ငံတော်က လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်**

ထိုသို့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်လုပ်ငန်းများနှင့် ပတ်သက်၍ လမ်းဦးစီးဌာန၏ တာဝန်ပေးချက်အရ ကျွန်တော်သည် လွိုင်လင် ခရိုင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း နယ်စပ်အထိလည်းကောင်း၊ လင်းခေးခရိုင်နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်း နယ်စပ်အထိလည်းကောင်း၊ အလားတူ လွိုင်လင်ခရိုင်နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်း နယ်စပ်အထိလည်းကောင်း လမ်းကွန်ရက်များရှိရာသို့ မှတ်တမ်းဗီဒီယိုရိုက်ကူးရန် ၂၀၁၇ ဒီဇင်ဘာ ၂၈ မှ ၂၀၁၈ ဇန်နဝါရီ ၂ ရက်အထိ ခရီးနှင်ခဲ့သည်။ ခရီးစဉ်အတွင်း တွေ့မြင်ခဲ့ရသော လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်လာမှုများကို တင်ပြလိုပါသည်။

လွိုင်လင်ခရိုင်တွင် မြို့နယ်နှင့် မြို့ ၁၂ မြို့ရှိပြီး လင်းခေးခရိုင်တွင် မြို့နယ်နှင့်မြို့ ခြောက်မြို့ရှိသည်။ လွိုင်လင်မြို့သည် တောင်ကြီးမြို့မှ ၅၈ မိုင်အကွာတွင် တည်ရှိသည်။ လွိုင်လင်မြို့မှ ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်လန်-သီပေါလမ်း၊ မိုင်းရယ်-လားရှိုးသို့ သွားရောက်မည်ဆိုပါက လမ်းမပေါ်ရှိ ပင်လုံ၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းနောင်၊ မိုင်းရှူးမြို့များကို ဖြတ်သန်း၍ သွားလာနိုင်သလို လွိုင်လင်မြို့မှ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံ-တာချီလိတ်သို့ သွားရောက်မည်ဆိုပါက လမ်းမပေါ်ရှိ နမ့်စန်၊ ခိုလမ်၊ ကွန်ဟိန်း၊ ကာလိမြို့များမှ ဖြတ်သန်းပြီး သွားရောက်နိုင်ပါသည်။ လင်းခေးခရိုင်သည်လည်း လွိုင်လင်ခရိုင် နမ့်စန်မြို့မှ မိုးနဲ-လင်းခေး-မိုင်းပန်-တာဆန်းမှ ရှမ်းပြည်နယ် အရှေ့ပိုင်းသို့လည်းကောင်း၊ မိုးနဲ-မောက်မယ်-ဆိုက်ခေါင်-ဆီဆိုင်မှ တောင်ကြီးမြို့သို့လည်းကောင်း သွားရောက်နိုင်ပါသည်။

**မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများ**

အဆိုပါ လမ်းကွန်ရက်များ ချိတ်ဆက်မှု ကောင်းမွန်လာသည်နှင့် အမျှ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေသော လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များသည် နယ်မြေတည်ငြိမ်အေးချမ်းလာကာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရလာပြီဖြစ်သည်။ “လမ်းတံတားများ ပန်းများအလားပွင့်ဝေလာသည့် မောတို့ဌာနေ”ခေါင်းစဉ်ဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလက မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးတစ်ပုဒ် ဖော်ပြပြီးဖြစ်၍ လမ်းတံတားများနှင့်ပတ်သက်၍ တင်ပြခြင်းမပြုတော့ဘဲ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်တင်ပြသွားပါမည်။

ဟိုယခင်က လွိုင်လင်မြို့၏မြောက်ဘက်ရှိ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းနောင်မြို့များသည် လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းသဖြင့် ယာဉ်အသွားအလာ နည်းပါးခြင်း၊ ကုန်စည်စီးဆင်းမှု နှေးကွေးခြင်းနှင့် နယ်မြေဒေသ မတည်ငြိမ်ခြင်းများကြောင့် မြို့နယ်များသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည်။ ယခုအခြေအနေတွင် ယခင်လို မဟုတ်တော့ပါ။ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ နယ်မြေဒေသ တည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်မှန်ကန်လာပြီဖြစ်၍ မြို့နယ်၊ မြို့များသာမက ကျေးရွာများပါ ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီး လွန်ခဲ့သော လေးငါးဆယ်နှစ်ကနှင့်မတူ များစွာပြောင်းလဲလာနေပြီဖြစ်သည်။

**အလုပ်အကိုင်အခွင့်အလမ်း**

အဆိုပါမြို့နယ်များသည် စပါး၊ ပြောင်းနှင့် ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိသဖြင့် ထွက်ကုန်များကို လာရောက်သယ်ယူသည့် ကုန်တင်ကားကြီးများဖြင့် စည်ကားနေပေသည်။ ယင်းကုန်တင်ကားကြီးများသည် ယခုလို အချိန်တွင် ပြောင်းသီးနှံကို ဝယ်ယူပြီး ရှမ်းပြည်နယ် တောင်ပိုင်းမှ ရှမ်းပြည်နယ် မြောက်ပိုင်း ဝင်ပေါက်ဖြစ်သည့် ကျေးသီး-နမ့်လန်-သီပေါလမ်းမှလည်းကောင်း၊ ကျေးသီး-မိုင်းရယ်-လားရှိုးလမ်းမှ တစ်ဖက် တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုလို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်လာခြင်းကြောင့် ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာကာ ဝင်ငွေလည်း ပိုမိုရရှိလာနေပြီဖြစ်သည်။ အလားတူ ကျေးရွာများသည်လည်း မြို့နှင့်မခြား ခေတ်မီတိုက်တာအဆောက်အအုံများ တည်ဆောက်လာကြပြီး တည်းခိုခန်း၊ စားသောက်ဆိုင်များ တိုးတက်များပြားလာခြင်း၊ ကျေးရွာအတွင်း ယာဉ်ကြီး ယာဉ်ငယ် အသွယ်သွယ်တို့ဖြင့် စည်ကားနေခြင်းတို့မှာလည်း ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အရိပ်လက္ခဏာများပင်ဖြစ်သည်။

ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာမှ ဒေသခံတစ်ဦးက ယခင်က ထိုဒေသတွင် ဒေသခံများပိုင်သည့် ကားစီးရေ အလွန်နည်းပါးကြောင်း၊ တစ်နေ့နေလို့မှ ကားတစ်စီးကို မတွေ့ရကြောင်း၊ ယခု လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် နေ့စဉ် ကားအဝင်အထွက်များပြားလာကြောင်း၊ ဘုရားဖူးကားများ၊ ကုန်တင်ကားကြီးများဖြင့် စည်ကားလျက်ရှိကြောင်း၊ ဒေသထွက်ကုန်များဖြစ်သည့် စပါးနှင့် ပြောင်းများကို ခြံအရောက် လာဝယ်ကြကြောင်း၊ ဝပ်စိမ်းကျေးရွာသည် လမ်းဆုံတွင်ရှိခြင်းကြောင့် ခေတ္တခဏရပ်နားရန် ကောင်းမွန်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းပြီး ဒေသတိုးတက်လာသည်နှင့်အမျှ ဒေသခံများသည်လည်း အသိပညာဗဟုသုတများ တိုးပွားလာပြီဖြစ်ကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များ၊ မြို့နယ်တွင်းရှိ ကျေးရွာများနှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ၊ ကျေးရွာများတွင် လမ်းကွန်ရက်များ တိုးချဲ့ဖောက်လုပ်ပေးခြင်းအားဖြင့် လက်ရှိအချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားရရှိနေပြီဖြစ်ပါသည်။ ။



ကျေးသီးမြို့မှ လမ်းညွှန်ဆိုင်းဘုတ်

# တားမြစ်စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရန် လိုက်လံစစ်ဆေး

**ကျောင်းကုန်း ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအတွင်း၌ တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ ရောင်းချခြင်းမရှိစေရန် တာဝန်ရှိသူများအဖွဲ့က ဇန်နဝါရီ ၈ ရက်က လိုက်လံစစ်ဆေးခဲ့ကြသည်။ အဆိုပါအဖွဲ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မြို့နယ်တိုင်းရင်းဆေးကုဌာန၊ မြို့နယ်စားသုံးသူရေးရာအဖွဲ့များ ပူးပေါင်းပါဝင်ပြီး တားမြစ်ထားသည့် ပစ္စည်းများ ရောင်းချခြင်း မရှိစေရန် စစ်ဆေးခဲ့သလို တားမြစ်စာရင်းတွင် မပါဝင်သော်လည်း အမှတ်တံဆိပ်မပါသည့် ဆိုးဆေးပါ စားသောက်ကုန်များကို နမူနာယူ၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ဖန်းမောက်မြို့နယ်၌ မုန်ညင်းစိုက်ပျိုးမှုများသော်လည်း စီးပွားဖြစ်စိုက်ပျိုးသူ နည်းပါးလျက်ရှိ

**ဖန်းမောက် ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်အတွင်း၌ မုန်ညင်းပင်များကို နေအိမ်တိုင်းနီးပါးတွင် မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်တစ်မျိုးအဖြစ် စိုက်ပျိုးထားကြသော်လည်း စီးပွားဖြစ်စိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးခြင်း မရှိသေးကြောင်း သိရသည်။

“မုန်ညင်းစိုက်ကြတာကတော့ကျွန်တော်တို့ဒေသမှာက အိမ်တိုင်းလိုလိုပဲ စိုက်ကြပါတယ်၊ ဒါပေမယ့် စီးပွားဖြစ်အနေနဲ့အခင်းတွေကို တိုးချဲ့စိုက်တာတွေတော့ မရှိသေးပါဘူး”ဟု ဖန်းမောက်မြို့နယ် စီးမော်ရွာမှ ဦးမိုးကျော်က ပြောသည်။ ဖန်းမောက်မြို့နယ်မှ ပြည်သူများအနေဖြင့် မုန်ညင်းကို အချဉ်ရေဟင်း၊ ဟင်းချို၊ မုန်ညင်းကြော်၊ မုန်ညင်းပေါင်း၊ မုန်ညင်းဆီပြန်ချက်၊ မုန်ညင်းချဉ်၊ မုန်ညင်းပြုတ် စသည်ဖြင့် အမျိုးမျိုးချက်ပြုတ်စားသောက်လေ့ရှိရာ မီးဖိုချောင်အတွက် တန်ဖိုးရှိသောဟင်းတစ်မျိုးဖြစ်သလို ဆီညှစ်ပါကလည်း မုန်ညင်းဆီစစ်စစ်ကို ရရှိပြီး တန်ဖိုးရှိကြောင်းသိရသည်။

ဖန်းမောက်မြို့နယ်၏ ရေမြေ သဘာဝအခြေအနေအရ မုန်ညင်းကို စီးပွားဖြစ်စိုက်ခင်းများအဖြစ် စိုက်ပျိုးလျှင် အောင်မြင်ဖြစ်ထွန်းဖွယ်ရှိသော်လည်း လက်ရှိအချိန်အထိ စီးပွားဖြစ်စိုက်ပျိုးကြခြင်း မရှိသေးကြောင်း သိရသည်။ **သန်းမောင်လေး**

# ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများ၌ တိရစ္ဆာန်ကောင်ရေစာရင်းများ စတင်ကောက်ယူ

**ငပုတော ဇန်နဝါရီ ၉**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငပုတောမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငပုတောမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးမြင့်အောင်နှင့် ဝန်ထမ်းများက တာဝန်ကျရာကျေးရွာများသို့ ကွင်းဆင်း၍ စာရင်းများ ကောက်ယူလျက်ရှိပြီး အဆိုပါ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ငပုတောမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခုနှင့်ကျေးရွာအုပ်စု ၅၂ အုပ်စုရှိ ကျေးရွာပေါင်း ၈၃ ရွာ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ စာရင်းကောက်ယူရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် စာရင်းကောက်သူဦးရေ ၁၃၀ ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၃၁ ရက်တွင် ပြီးစီးအောင် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ စာရင်းများကို မှန်ကန်မြန်ဆန်စွာ ကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်ယဉ်သန်းကလည်း မြို့နယ်များသို့ ကွင်းဆင်းကြီးကြပ်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။ **လှမင်းထွဋ်(ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ Exim Bank ချေးငွေများပေးအပ်

**ပုသိမ် ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းမှ သမဝါယမအသင်းများအား နဝမအကြိမ်မြောက် Exim Bank ချေးငွေ ပေးအပ်ပွဲကို ညောင်တုန်းမြို့တော်ခန်းမ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

ချေးငွေပေးအပ်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၉၂ အသင်းမှ အမှုဆောင်များ တက်ရောက်ကြပြီး မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌတို့က အသင်းအနေဖြင့် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများအကြောင်းကို ရှင်းလင်း အမှာစကားပြောကြားသည်။ နဝမအကြိမ်မြောက် Exim Bank ချေးငွေအဖြစ် ကျပ် ၅၄၀၆ ဒသမ ၁၉၃ သန်းကို မြို့နယ်အတွင်းမှ သမဝါယမအသင်း ၁၉၂ သင်းသို့ ထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေပေးအပ်ရာတွင် ပြီးခဲ့သည့်အကြိမ်က ချေးငွေများကို သတ်မှတ်ရက်ထက်စော၍ ပြေကြေစွာပေးဆပ်နိုင်ခဲ့သော သမဝါယမအသင်း ရှစ်သင်းအား ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါကျေးရွာများသို့ ကွင်းဆင်း၍ အသင်းသားများလက်ဝယ်အရောက် ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# အလုံမြို့နယ်၌ မူခင်းအသိပညာပေး ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်မြို့ အလုံမြို့နယ် ဂဠုန်ရပ်ကွက် ဆင်ဖြူလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အပါအဝင် မှုခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်ရာ ရပ်ကွက်နေ ပြည်သူအမျိုးသား ၂၀၊ အမျိုးသမီး ၃၀ ပေါင်း ၅၀ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နိုင်အောင်မိုးက သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး ဟောပြောခြင်း၊ ဒုစရိုက်မှု ပပျောက်ရေး ဟောပြောခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း စသည်တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# SHWE CROP NUTRIENTS CO.,LTD ၏ "THREE CIRCLES" အမှတ်တံဆိပ် GTSP မြေသြဇာထုပ်ပိုးမှုပုံစံအသစ် အသိပေးကြေညာခြင်းနှင့် "THREE CIRCLES" အမှတ်တံဆိပ်၏ တရားဝင်ကိုယ်စားလှယ်ကုမ္ပဏီများ၏ အမည်များအား အသိပေးကြေညာခြင်း

(၁) SHWE CROP NUTRIENTS CO.,LTD ၏ "THREE CIRCLES" ကုန်အမှတ်တံဆိပ်သည် မြန်မာနိုင်ငံစာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်အမှတ်(၂၁၉၄-၉၆)ဖြင့် တရားဝင် မှတ်ပုံတင်ပြီးဖြစ်ပြီး "ရွှေဇာမဏီဂျာနယ်" နှင့် "THE VOICE" ဂျာနယ်များတွင် ကုန်အမှတ်တံဆိပ်ကို ဥပဒေနှင့်အညီ မူပိုင်ခွင့်ရရှိထားကြောင်း ထည့်သွင်းကြေညာထားပြီးဖြစ်သည်။ "THREE CIRCLES" ကုန်အမှတ်တံဆိပ်၏ မူပိုင်ရှင် SHWE CROP NUTRIENTS CO.,LTD ၏ ခွင့်ပြုချက်မရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုံစံခြင်းတူညီစွာ အတုအပပြုလုပ်ရောင်းချခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်သူမည်သူကိုမဆို ကုန်အမှတ်တံဆိပ်ဆိုင်ရာ ကျူးလွန်ဖောက်ဖျက်ခြင်းပြစ်မှုဖြင့် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

(၂) မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများအား ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုပေးဆောင်နိုင်ရန်ရည်ရွယ်၍ ကျွန်တော်တို့ကုမ္ပဏီမှ "THREE CIRCLES" အမှတ်တံဆိပ်ပါ GTSP မြေသြဇာကို မြန်မာစာနှင့် YTH GREEN အမှတ်အသားပါဝင်ပြီး အရည်အသွေး ပိုမိုကောင်းမွန်သည့် အိတ်ဖြင့် ထုပ်ပိုးဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

(၃) "THREE CIRCLES" ကုန်အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်သည့် SHWE CROP NUTRIENTS CO., LTD မှ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ထားသည့် ကုမ္ပဏီ (၃)ခုမှာ

(1) Golden Bee International Trading Co.,Ltd
(2) Soe Moe Mie Trading & Hlyan Lone Co.,Ltd
(3) Good Brothers' Co., Ltd များဖြစ်သည်။

စစ်မှန်သည့် "THREE CIRCLES" ကုန်အမှတ်တံဆိပ်ပါ GTSP မြေသြဇာအား ရရှိနိုင်ရန် အထက်ပါကုမ္ပဏီများမှ(သို့)၄င်းကုမ္ပဏီများမှ ကိုယ်စားလှယ်ရရှိထားသည့်ဆိုင်များတွင် ဝယ်ယူအားပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**SHWE CROP NUTRIENTS CO.,LTD**








## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့်တိုက်နယ်ဆေးရုံများအတွက် လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါး၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၁-၂၀၁၈ ရက် ညနေ (၄) နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း တိုင်းဒေသကြီးကုသရေးဦးစီး ဌာနမှူးရုံး၊ ၆၂ လမ်း၊ စံပယ်လမ်းနှင့် သရဖီလမ်းကြား(သူနာပြုတက္ကသိုလ်နှင့်မျက်နှာချင်းဆိုင်)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၈၀၁၈၃၊ ၀၉-၇၇၄၈၁၁၁၇၅**

**အ.ထ.က(၃) တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ**

(၁၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၄-၁-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် မြတ်မွန်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

**ပျောက်ဆုံးခြင်း**

မောင်သိန်းလှ (အဘ) ဦးမောင်စောဗု (၁၁/ကထန(နိုင်)၀၇၈၃၀၃) ၏ Passport No. 895681 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

မောင်သိန်းလှ
ဖုန်း-၀၉ ၄၅၃၁၀၀၈၂၃

**တူ/သားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၅၆) နေ ဒေါ်ဝင်းမြင့် ၁၄/ပသန(နိုင်)၀၂၀၁၇၃ ၏ တူ ကောင်းမြတ်မင်း(ခ)တွတ်ပီ ၁၄/ပသန(နိုင်)၂၂၃၁၇၆ သည် မိသားစုနှင့်အဒေါ်တို့ ပြောဆိုဆုံးမမှုများကို နာခံခြင်းမရှိပါသဖြင့် ယနေ့မှစ၍ မိသားစုနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းမြင့်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

၁။ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနပိုင် အောက်ဖော်ပြပါဈေးများမှ ဆိုင်ခန်းရှင်များသည် ယင်းတို့နှင့်ပူးတွဲဖော်ပြပါ အချက်အလက်များအတိုင်း ပြောင်းလဲမှတ်ပုံတင်လိုကြောင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ဤရုံးသို့ တင်ပြလျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိပြီးသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအမည်အတိုင်း မှတ်ပုံတင်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်ခန်းအမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | နေရပ်လိပ်စာ | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | | အမည် | မှတ်ပုံတင်အမှတ် | |
| ၁၅ | မြို့မဈေး | ၃/၁၉၆ | ဒေါ်သန်းသန်းစိုး | ၁၃/လရန(နိုင်)၀၁၄၁၈၀ | ရ·က(၇)၊ န·မ(၈)လားရှိုး | ဒေါ်မိုးမိုးအောင် | ၁၃/လရန(နိုင်)၁၆၇၉၅၆ | ရ·က(၇)၊ န·မ(၈)လားရှိုး |
| ၁၆ | ။ | ၄/၉၇ | ဦးစိုင်းထွန်းရွှေ | ၁၃/တမန(နိုင်)၀၁၁၈၆၆ | ရ·က(၆)၊ န·မ(၅)လားရှိုး | ဒေါ်နန်းထွမ်းအောင် | ၁၃/လရန(နိုင်)၀၂၇၇၄၈ | ရ·က(၆)၊ န·မ(၉)လားရှိုး |
| ၁၇ | ။ | ၄/၁၀၈ | ဦးခေါင်ထောင်း | ၁၃/လရန(နိုင်)၀၂၄၃၉၅ | ရ·က(၇)၊ န·မ(၅)လားရှိုး | ဦးထောင်းဒေါင် | ၁၃/လရန(နိုင်)၁၀၉၈၁၂ | ရ·က(၇)၊ န·မ(၅)လားရှိုး |
| ၁၈ | ။ | က-၄/၃ | ဦးခွမ်းကြူကွဲ | ၁၃/လရန(နိုင်)၀၅၅၅၂၇ | ရ·က(၅)၊ န·မ(၁၅)လားရှိုး | ဦးအိုက်စီ(ခ)ကျော်သန်းထွေး | ၁၃/လရန(နိုင်)၁၆၇၁၆၈ | ရ·က(၅)၊ န·မ(၁၅)လားရှိုး |
| ၁၉ | ။ | က-၉/၁၁၂ | ဒေါ်နန်းဆိုင်ပေါင်း | ၁၃/လရန(နိုင်)၀၀၂၄၆၇ | ရ·က(၅)၊ န·မ(၄)လားရှိုး | ဦးရာမ်းပါရ်ဆပ်(ခ)မျိုးလွင်ဦး | ၁၃/လရန(နိုင်)၁၂၃၉၈၀ | ရ·က(၅)၊ န·မ(၉)လားရှိုး |
| ၂၀။ | ။ | က-၉/၂ | ဦးရန်ကျားအင်း | ၁၃/လရန(နိုင်)၀၅၀၇၆၀ | ရ·က(၈)၊ န·မ(၈)လားရှိုး | ဦးရာမ်းပါရ်ဆပ်(ခ)မျိုးလွင်ဦး | ၁၃/လရန(နိုင်)၁၂၃၉၈၀ | ရ·က(၅)၊ န·မ(၉)လားရှိုး |
| ၂၁။ | ။ | ဂ-၁/၁၄ | ကာယ | | ပြည်တွင်းကုန်တင်ကုန်ချ | ဒေါ်ဟန်နီလင်း | ၁၃/လရန(နိုင်)၁၆၆၄၆၃ | ရ·က(၅)၊ န·မ(၁၈)လားရှိုး |
| ၂၂။ | ။ | ဃ-၇/၇၈ | ဦးကျော်ကျော်ထွန်း | ၉/အမရ(နိုင်)၀၈၇၃၈၃ | ရ·က(၁၀)၊ န·မ(၆)လားရှိုး | ဦးအောင်အောင် | ၁၃/လရန(နိုင်)၁၂၇၅၀၇ | ရ·က(၂)၊ န·မ(၆)လားရှိုး |
| ၂၃။ | ။ | ဆ-၁/၂၉ | ဒေါ်အေးမန် | ၁၃/လရန(နိုင်)၀၅၈၉၂၄ | ရ·က(၈)၊ န·မ(၄)လားရှိုး | ဒေါ်အီဆိုင် | ၁၃/လရန(နိုင်)၀၂၂၅၉၀ | ရ·က(၆)၊ န·မ(၄)လားရှိုး |
| ၂၄။ | ။ | ဆ-၅/၁ | ဦးကျော်ထွေး | ၁၃/လရန(နိုင်)၀၈၈၇၇၁ | ရ·က(၂)၊ န·မ(၇)လားရှိုး | ဒေါ်ဝင်းဝင်းစိုး | ၁၃/လရန(နိုင်)၁၃၂၁၀၄ | ရ·က(၂)၊ န·မ(၆)လားရှိုး |
| ၂၅။ | ။ | ဈ-၁/၄ | ဦးခွမ်တာဖ၊ဦးအန်ပန်း | ၁၃/လရန(နိုင်)၀၅၄၅၂၈ | ရ·က(၅)၊ န·မ(၁၇)လားရှိုး | ဦးဆယ်(န်)ဒီး(ခ)စန္ဒီဆင်း | ၁၃/လရန(နိုင်)၂၁၁၁၁၈ | ရ·က(၃)၊ န·မ(၁၀)လားရှိုး |
| | | | | ၁၃/လရန(နိုင်)၀၅၇၂၆၉ | | | | |
| ၂၆။ | ။ | ဈ-၁/၈ | ကာယ | | ပြည်တွင်းကုန်တင်ကုန်ချ | ဦးဝါရီရန်ဆင်း | ၁၃/လရန(နိုင်)၀၈၅၀၉၄ | ရ·က(၃)၊ န·မ(၁၀)လားရှိုး |
| ၂၇။ | ။ | ထ-၁/၂၈ | ဦးကြည်ဟန် | ၁၃/လရန(နိုင်)၀၅၇၀၂၉ | ရ·က(၅)၊ န·မ(၁)လားရှိုး | ဒေါ်လှဲ့လှဲ့ဝင်း | ၁၃/လရန(နိုင်)၀၁၉၉၉၅ | ရ·က(၇)၊ န·မ(၁၈)လားရှိုး |
| ၂၈။ | ။ | ထ-၂/၁၃ | ဦးဝင်းနိုင်တိုး | ၈/ရနခ(နိုင်)၀၉၅၇၀၅ | ရ·က(၁)၊ န·မ(၇)လားရှိုး | ဦးစိုင်းညွှန့်နိုင် | ၁၃/လရန(နိုင်)၁၄၂၉၈၂ | ရ·က(၅)၊ န·မ(၁)လားရှိုး |
| ၂၉။ | ။ | ထ-၂/၁၇ | ဦးစိုင်းထွန်းအောင် | ၁၃/လရန(နိုင်)၀၃၂၉၅၈ | ရ·က(၅)၊ န·မ(၁၂)လားရှိုး | ဒေါ်ခင်ဝင်းမြင့် | ၉/မနမ(နိုင်)၀၀၂၇၁၄ | ရ·က(၂)၊ န·မ(၁)လားရှိုး |

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန မြစ်ကြီးနားမြို့ လုပ်ငန်းများကြိုတင်ဆောင်ရွက်ရန်အတွက် အဆိုပြုလွှာခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနမှ အောက်ဖော်ပြပါလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ကြိုတင်ဆောင်ရွက်ရန်ရှိသဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့်ပြည်တွင်းကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာ ဦးစီးဌာနများတွင် အဆိုပြုလွှာများ လာရောက်တင်သွင်းလျှောက်ထားနိုင်ပါသည်-

(က) လမ်းဦးစီးဌာန၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း — လမ်း(၂)လမ်း တံတား(၂)စင်း

(ခ) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း — လမ်း(၁၈)လမ်း

(ဂ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း — (၇)ခု

၂။ အထက်ဖော်ပြပါဌာနများမှ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အောက်ပါအတိုင်း အဆိုပြုလွှာခေါ်ယူအပ်ပါသည်-

(က) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
**နေရာ** — လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာနရုံးများ(ရုံးချိန်အတွင်း)

(ခ) **လျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်** - (၂၃-၁-၂၀၁၈)ရက် (အင်္ဂါနေ့)
**အချိန်/နာရီ** — မွန်းတည့် ၁၂နာရီ
**နေရာ** — လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာနရုံးများ(ရုံးချိန်အတွင်း)

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အဆိုပြုလွှာတင်သွင်းလိုသူကိုယ်တိုင် မိမိတင်သွင်းလိုသည့်လုပ်ငန်းအလိုက် လမ်းဦးစီးဌာနညွှန်ကြားရေးမှူးရုံး ၀၇၄-၂၂၃၃၂၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၀၇၄-၂၂၂၈၄နှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၀၇၄-၂၀၉၈၉ရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အဆိုပြုလွှာလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အမှတ်(၅၂)၊ယောမင်းကြီးလမ်းနှင့် အမှတ်(၁၅/၁၇) ဗိုလ်ရာညွန့်လမ်းထောင့်၊ (Royal Yawmingyi Condo) အခန်းအမှတ်(၄၀၅)ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်တို့အား တရားဝင် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားသူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြလှဲ့ဝင်း (အထက်တန်းရှေ့နေ)**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ မဟာဇေတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍဝံသအား အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် မဟာဇေတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် သံဃာတော်များနှင့်ထပ်တူ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုးကို နေရောင်လရောင်ထွန်းတောက်သကဲ့သို့ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း**
**မန်နေးဂျင်းဒါရိုက်တာ မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**ဥက္ကဋ္ဌ၊ သန်းကုဋေအောင်ကုမ္ပဏီမိသားစု၊ မုံရွာမြို့**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ လူပုဂ္ဂိုလ်ဆိုင်ရာအမြင့်ဆုံး **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော တက်လမ်းကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဒါယကာကြီး ဦးရှိန့်ဝင်းအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်ဆက်လက်၍ ချင်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းဒေသများရှိ ဘ/က ကျောင်းများ တည်ဆောက်လှူဒါန်းပေးခြင်း၊ ကျောင်းဆရာ ဆရာမများအား ကူညီပံ့ပိုးပေးခြင်း၊ လစဉ်လိုအပ်သည့် ရိက္ခာဆန်နှင့် ပဲနို့အာဟာရတိုက်ကျွေးခြင်း၊ နှစ်စဉ် နွေရာသီကာလတစ်လျှောက် ဆရာ ဆရာမများကို ရန်ကုန်သို့ ဘာသာရေး၊ အင်္ဂလိပ်စာ၊ အသက်မွေးဝမ်းကျောင်းပညာများအတွက် မွမ်းမံသင်တန်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လုပ်ကိုင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၁။ ဘဒ္ဒန္တဝါသေဋ္ဌ (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ တီးတိန်မြို့၊ ချင်းပြည်နယ်မြောက်ပိုင်း။
၂။ ဘဒ္ဒန္တဥတ္တမ (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်တောင်ပိုင်း။
၃။ ဘဒ္ဒန္တသောဘန (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ မင်းတပ်မြို့၊ ချင်းပြည်နယ်တောင်ပိုင်း။
၄။ ဘဒ္ဒန္တဉာဏဝရ (သဒ္ဓမ္မဇောတိကဓဇ) မရှိုန်းလော့်ကျေးရွာ မင်းတပ်မြို့နယ် ချင်းပြည်နယ်တောင်ပိုင်း။
၅။ ဘဒ္ဒန္တနန္ဒာသီရိ (သဒ္ဓမ္မဇောတိကဓဇ)၊ ပန်အော့ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်း။
၆။ ဘဒ္ဒန္တအဂ္ဂါစာရ၊ ကျော့တော်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်း
၇။ ဘဒ္ဒန္တဝိစိတ္တ၊ ထီးလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တနန္ဒမာလာ၊ တောင်ကုန်းကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်း။
၉။ ဘဒ္ဒန္တဉာဏိသရ၊ ကျင်ဒွေးကျေးရွာ၊ မုန်းချောင်းအနောက်ဘက်ခြမ်း၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်း။

" မြန်အောင်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ "

မြန်အောင်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက် (တနင်္ဂနွေနေ့) နံနက် (၈) နာရီတွင် ပဟန်းမြို့နယ်၊ အာဇာနည်လမ်း(M-3) ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

ရန်ကုန်မြို့နေ အသက်(၈၀) နှင့်အထက် မြန်အောင်မြို့နယ်အသင်းဝင် ကန်တော့ခံဘိုးဘွားများ၊ မြန်အောင်မြို့နယ်အသင်းဝင်များနှင့် မြန်အောင်မြို့နယ်သူ၊ မြို့နယ်သားများ (အသင်းဝင်သူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ)အားလုံးကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(ဖိတ်စာသီးခြားပေးပို့ခြင်း မရှိပါ)

အမှုဆောင်အဖွဲ့

# နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးစံမောင်၏သား မောင်ညီညီစံ ၁၂/ရကန(နိုင်)၀၀၄၉၁၀ နှင့် ဦးမင်းဆွေ၏သမီး မစန်းစန်းဆွေ ၁၂/တမန(နိုင်)၀၀၄၄၉၃ တို့သည် ၂၀၀၇ ခုနှစ်မှစ၍ (၁၀)နှစ်တာ ကွဲကွာနေထိုင်ခဲ့ပြီး ၁၂-၁၂-၂၀၁၇ ရက်တွင် နှစ်ဦးသဘောတူ တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် ကွာရှင်းပြတ်စဲ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

**မောင်ညီညီစံ**

# (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော် ကို

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ ပြည်ထောင်စုခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကယားပြည်နယ်သူ ပြည်နယ်သားများ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများအားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၄-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀း၀၀ နာရီ

ကယားရိုးရာအစားအသောက်များဖြင့် တည်ခင်းဧည့်ခံပါမည်။
(၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ကျင်းပရေးကော်မတီ (ရန်ကုန်)

**ဖုန်း-၀၉-၅၀၀၆၃၆၇၊ ၅၁၄၇၉၀၄၊ ၅၁၁၅၂၄၁၊ ၅၆၀၀၁၁၂၊ ၅၀၁၉၀၅၁၊ ၅၁၀၀၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာအိမ်ရာ၊ တိုက်အမှတ် (၆၄)၊ အခန်း (E1)(မြေညီထပ်)သည် ဖိုလ်မှူးအောင်ထွန်းလင်း(ငြိမ်း) ၁၃/တကန(နိုင်)၀၁၀၁၂၆ အမည်ဖြင့်တည်ရှိသော အခန်းဖြစ်ပါသည်။ အဆိုပါအခန်း၏အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်အကြောင်းကြားစာမူရင်းပျောက်ဆုံးသွားပါသဖြင့် (မိတ္တူမှန်)ထုတ်ယူခွင့်ပြုပါရန်နှင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ထုတ်ပေးနိုင်ပါရန် ဖိုလ်မှူးအောင်ထွန်းလင်း(ငြိမ်း)မှ လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## လုပ်သားများကောလိပ် ၁၉၇၂-၇၇ ပညာသင်နှစ် ရူပဗေဒအဓိက ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်ဆုံစည်းပွဲ

လုပ်သားများကောလိပ် (၁၉၇၂-၇၇) ပညာသင်နှစ် ရူပဗေဒအဓိက ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်ဆုံစည်းပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် အာသောကသီတဂူကျောင်းတိုက် (၁၆/၂) သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာဈေးနောက်၊ ဇေတိကလမ်း၊ (ရတနာဈေး၊ ရတနာလမ်း)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နံနက် ၉း၀၀နာရီတိတိတွင် ကွယ်လွန်သွားသော ဆရာ/ဆရာမကြီးများနှင့် ကျောင်းသား/သူများအားရည်စူး၍ ရေစက်ချအမျှပေး တရားနာယူမည်ဖြစ်ပါသဖြင့် တက်ရောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက---**

| | |
|---|---|
| **ဦးကျော်သူ** | **ဦးစိန်သန်း** |
| **ဖုန်း-၃၉၂၆၁၇၊ ၀၉-၅၁၂၆၅၇၆** | **ဖုန်း-၅၇၉၉၂၆၊ ၀၉-၂၅၀၁၃၆၇၇၅** |
| **ဦးတင်အေး** | **ဦးကြည်ညွန့်** |
| **ဖုန်း-၂၅၄၃၁၁၃၂၅** | **ဖုန်း-၀၉-၅၁၁၆၄၂၅** |
| **ဦးခင်မောင်တင့်** | **ဦးခင်မောင်မြ** |
| **ဖုန်း-၀၉-၇၉၉၅၇၄၆၉၃** | **ဖုန်း-၀၁-၅၄၀၀၇၈** |
| **ဒေါ်ခင်နွဲ့** | **ဒေါ်သိန်းရွှေ** |
| **ဖုန်း-၅၅၁၄၆၅၊ ၀၉-၅၀၀၈၈၈၃** | **ဖုန်း-၀၉-၄၄၈၀၂၂၁၆၉** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇေယျာသိဒ္ဓိရပ်ကွက်ရှိ မြေကွက်အမှတ် ၃-၆၂၇၉၊ ဦးညီညီလင်းလတ် ၁/မကန(နိုင်)၀၁၂၄၃၅ (ဘ)ဦးအောင်နိုင်အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်တိုးတိုး ၈/အလန(နိုင်)၁၀၈၄၄၀ (ဘ)ဦးခင်မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေကွက်ယာယီချထားပေးသည့် စလစ်မိတ္တူ၊ အဆောက်အအုံဆောက်လုပ်ခွင့်မိတ္တူ၊ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၃၇

ဦးဂျော်နီ **တရားလို** နှင့် ဒေါ်ဇာဇာမင်း **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာအိမ်ရာ၊ အမှတ် (၄၄/B/၃) ဒေါ်ဇာဇာမင်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက် (၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
### အင်းစိန်မြို့နယ်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၅

ဒေါ်ချို **တရားလို** နှင့် ဦးအောင်ကိုလင်း **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၄၂၆/ခ နေ ဦးအောင်ကိုလင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချိုက ၁၂-၈-၂၀၁၆ ရက်တွင် တရားပြိုင်ထံသို့ ငှားရမ်းမှုပြုထားသည့် မော်တော်ယာဉ်အား တရားလိုထံ လက်ရောက်ပေးအပ်၍ ကြားကာလငှားရမ်းခ ကျပ်သိန်း ၅၀နှင့် နစ်နာကြေး ၁၀သိန်းကျပ်၊ စုစုပေါင်းသိန်း ၆၀ကျပ် ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်လင်းခိုင်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး (၂)**
**အင်းစိန်မြို့နယ်တရားရုံး**

## ဦးခင်မောင်ကျော် ၁၂/ရကန(နိုင်)၀၅၇၀၉၆
## သိစေရန်ကြေညာခြင်း

သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၇၂၅၊ အခန်း A-6 တွင် ငှားရမ်းနေထိုင်သော ဦးခင်မောင်ကျော်သည် ၁၄-၁၁-၂၀၁၇ရက်တွင် စာချုပ်သက်တမ်းပြည့်ပြီးဖြစ်သော်လည်း ယနေ့အချိန်ထိ အခန်းအား ပိုင်ရှင်ထံ ပြန်လည်အပ်နှံခြင်းမရှိပါသဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အမြန်ဆုံးဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။

ခုနစ်ရက်အတွင်း ဆက်သွယ်ခြင်းမရှိပါက သက်ဆိုင်ရာ လူကြီးများဖြင့် အခန်းဖွင့်မည် ဖြစ်ပါကြောင်းအကြောင်းကြားပါသည်။

**ဒေါ်ခင်မျိုးကြည်**
**၁၂/ ရကန(နိုင်)၀၁၇၆၅၃**
**ဖုန်း-၀၉-၉၇၅၈၄၂၁၃၆**

## အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ တိုက်အမှတ် ၅၄/၅၆၊ ပထမထပ်၊ အခန်းအမှတ် ၅၊ အကျယ်အဝန်း အလျားပေ၅၀×အနံ ၁၆ပေရှိအခန်းသည် ၂၄-၁-၂၀၀၂ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်အရ ဦးနိုးအာလီနှင့် ဒေါ်အမီနာတို့က တရားဝင်လက်ဝယ်ရယူ၍ နေထိုင်လာခဲ့ကြပါသည်။ ယခုအခါတွင် ဦးနိုးအာလီနှင့် ဒေါ်အမီနာတို့မှာ ကွယ်လွန်ပြီးနောက် ၎င်းတို့၏ အမွေစားအမွေခံသားသမီး ၈ ဦး ကျန်ရစ်ခဲ့ကြပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား ဦးနိုးအာလီနှင့် ဒေါ်အမီနာတို့၏ သားသမီး ၈ ဦးစလုံး လက်မှတ်ရေးထိုးခွင့်ပြုချက်မရရှိဘဲနှင့် မည်သူ့ကိုမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် အများပြည်သူသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကေသီအုံး** | **ဒေါ်စမ်းမီကို** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၂၇)** | **အထက်တန်းရှေ့နေ (စဉ်-၃၂၁၂၉)** |
| **H.G.P, LL.B, LL.M, I.D.C.S (NCC U.K)** | **LL.B, LL.M** |

**အမှတ် ၃၃/၄၉၊ အခန်း ၁၆၊ ပထမထပ်၊ Strand Condo**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၀၇၂၆၄၊ ၀၉-၃၁၉၄၅၆၆၉**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးသူရိန် (B.C.Sc)**
**MD ရွှေနဂါးမင်းကုမ္ပဏီ**
**အသက်(၄၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၁၃၅ L/L-1)နေ (ဦးကျော်မင်း-ဒေါ်ပျို)၊ (ဦးကျော်အုန်း-ဒေါ်တင်ရီ)တို့၏မြေး၊ ဦးဝင်းမြင့်(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ချစ်လှစွာသောသား၊ ဦးစည်သူ-ဒေါ်ပိုးအိမင်းအေး၊ ဦးယဉ်ထွေးဆွေ-ဒေါ်ဟေမာဝင်းမြင့်တို့၏အစ်ကို၊ မောင်နေဦးဝေယံ(ခ)Leo၊ မဘောဘီလေး၊ မောင်ဘုန်းသိခ်ဆွေ(ခ)Georgeတို့၏ဘကြီးသည် ၈-၁-၂၀၁၈ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးသူရိန် (B.C.Sc)**
**MD ရွှေနဂါးမင်းကုမ္ပဏီ**
**အသက်(၄၀)**

ရန်ကုန်မြို့နေ (ဦးကျော်မင်း-ဒေါ်ပျို)တို့၏မြေး၊ (ဦးစိန်မြင့်)-ဒေါ်ခင်မြင့်၊ ဦးထွန်းမြင့်-ဒေါ်ကြင်ဆွေ၊ (ဦးတင်မြင့်)-ဒေါ်ခင်စိန်၊ ဦးတင်မြင့်-ဒေါ်ခင်မာရီ၊ (ဦးပြည်စိုး)-ဒေါ်ထိုက်ထိုက်ဖြိုး၊ ဦးမောင်မောင်လွင်-ဒေါ်သိမ့်သိမ့်စိုး၊ ဦးဝင်းဦး၊ ပါမောက္ခဒေါက်တာချိုချို၊ ဦးမျိုးဝင်းနိုင်-ဒေါ်နုနုယဉ်တို့၏တူသည် ၈-၁-၂၀၁၈ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁-၂၀၁၈ရက် နံနက်တွင် အမှတ် ၁၃၅-အယ်လ်၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနေရှင်နယ်လိုင်စတင်ကတည်းက ငွေကုန်ကြေးကျများစွာခံကာ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေအသင်းကို တည်ထောင်ပြီး မြန်မာ့ဘောလုံးဖွံ့ဖြိုးရေးအတွက် ပံ့ပိုးစွမ်းဆောင်ပေးခဲ့တဲ့ ဦးသူရိန်သည် ၈-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌဦးဇော်ဇော်နှင့် ကလပ်အသင်းပိုင်ရှင်များ**
**CEO နှင့် ဝန်ထမ်းများ၊ မြန်မာနေရှင်နယ်လိဂ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးသူရိန် (B.C.Sc)**
**Managing Director ရွှေနဂါးမင်းကုမ္ပဏီလီမိတက်**
**အသက်(၄၀)**

ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်သန်းတို့၏ သားကြီး ဦးသူရိန် (B.C.Sc) အသက်(၄၀) Managing Director ရွှေနဂါးမင်းကုမ္ပဏီလီမိတက်သည် ၈-၁-၂၀၁၈ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
**ဦးသက်လွင်(ခ)ဦးသက်ဦး**
**အသက်(၆၃)နှစ်**

ပဲခူးမြို့၊ ဇိုင်း/မြောက် ၅လမ်း၊ အမှတ် ၁၆၄နေ [ဦးချစ်စွမ်(ခ)ဦးတင့်လွင်-ဒေါ်စောကြည်]တို့၏သား၊ (ဦးမောင်တင်)-ဒေါ်သန်းရီတို့၏သားသမက်၊ ဦးကျော်ဝင်းမြင့်-ဒေါ်ကျော်ကျော်တို့၏မောင်၊ မဆုသက်မွန်၊ မောင်သက်ပိုင်ဟိန်း၊ မောင်ပိုင်စွမ်းသူ၊ မယဉ်မြတ်နိုးသက်တို့၏ဖခင်၊ ဒေါ်ရှုသီ၏ချစ်လှစွာသောခင်ပွန်းသည် ၉-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်ကျင်သန်း**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ(ဦးမောင်မောင်)၏ဇနီး၊ ဒေါ်ခင်အေးမြင့်-(ဦးကျော်ဝင်း)၊ ဦးအောင်မင်း-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်မြင့်မြင့်ခင်-ဦးစိန်တင်၊ ဦးမြင့်သန်း၊ ဒေါ်ရီရီအေး-ဦးမောင်မောင်၊ ဒေါ်စန်းစန်းနွယ်-ဦးတင်ဝင်း၊ ဒေါ်ခင်နှင်းဖြူ-(ဦးမျိုးဝင်း)၊ ဒေါ်ခင်နှင်းဝါ-ဦးထွန်းလှိုင်၊ ဦးမျိုးသန့်-ဒေါ်အေမီတို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၈ယောက်၊ မြစ် ၂၄ယောက်၊ တီ တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းလမ်း၊ အမှတ် ၄၁ နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်တင်အေး (ကျောင်းကုန်း)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၂လမ်း၊ အမှတ်၈နေ (ဦးမောင်ခင်-ဒေါ်သိန်းရှင်)တို့၏သမီး၊ (ဦးတင်ရှောင်)၏ဇနီး၊ (ဦးမျိုးမြင့်-ဒေါ်ကြည်အေး)၊ ပါမောက္ခ ဒေါက်တာဦးမင်းဆွေ-ဒေါ်ချိုချို၊ ဦးအောင်ခိုင်-ဒေါ်ဆွေဆွေဝင်း၊ ဦးတင်အောင်-ဒေါ်ဆွေဆွေသန်း၊ (ဦးအောင်ကျော်စိုး)-ဒေါ်ရင်ရင်အောင်၊ ဦးကျော်ကျော်ထွန်း-ဒေါ်စမ်းစမ်းထွေးတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၈-၁-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၀း၂၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
**ဒေါ်နော်ခူဖော (Mrs. Yankee) (ပြင်ဦးလွင်)**
**အသက်(၈၈)နှစ်**

ပြင်ဦးလွင်မြို့၊ ညံတောရပ်ကွက်နေ (Mr.S.S.Roy) (ဒေါ်မြသွယ်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက်၊သာယာအေး ၂လမ်းနေ U Saw Yankee မြင့်ဦး၏ချစ်လှစွာသောဇနီး၊ Dr. Naw Angelene (USA), Saw Brindley ခင်မောင်ဝင်း-Naw Pansy Min (USA)၊ ဦးစောသိန်းထွန်း-Naw Helen Pe ၊ ဒေါ်နော်သန်းသန်းမြင့်(U Saw Hansen Yah)၊ ဒေါ်နော်ဂါးလူ-ဦးမင်းမင်းဦး၊ ဒေါ်နော်ဖြူမေဝင်း(ISM)-Saw Relet တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၂ယောက်တို့၏ဖီးဖီးကြီးသည် ၈-၁-၂၀၁၈ရက် ည ၁၀း၂၅နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၀-၁-၂၀၁၈ရက် နံနက် ၁၀နာရီတွင် နံ့သာကုန်း ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးသူရိန် (B.C.Sc) အသက်(၄၀)**
**MD ရွှေနဂါးမင်းကုမ္ပဏီ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၁၃၅ L/L-1)နေ (ဦးကျော်မင်း-ဒေါ်ပျို)၊ (ဦးကျော်အုန်း-ဒေါ်တင်ရီ)တို့၏မြေး၊ ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ ဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ စက်မှုဖွံ့ဖြိုးရေးနှင့်အခွန်ကောက်ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)-ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသောသားကြီး၊ဦးစည်သူ-ဒေါ်ပိုးအိမင်းအေး၊ဦးယဉ်ထွေးဆွေ-ဒေါ်ဟေမာဝင်းမြင့်တို့၏အစ်ကိုကြီး၊ မောင်နေဦးဝေယံ(ခ) Leo၊ မဘောဘီလေး၊ မောင်ဘုန်းသိခ်ဆွေ(ခ)Georgeတို့၏ဘကြီး ဦးသူရိန်သည် ၈-၁-၂၀၁၈ရက် ညနေ ၃း၁၅နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတင်ဒွန်း (Ko Ahraw) အသက်(၈၅)နှစ်**
**ပညာရေးမှူး(ငြိမ်း)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး-ဒေါ်တိုးတိုးသူတို့၏ ချစ်လှစွာသောဖခင် ဦးတင်ဒွန်း(Ko Ahraw)သည် ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉း၂၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦး-ဒေါ်ခင်မာဝင်း**
**အကျဉ်းဦးစီးဌာန**

**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**
**ဦးတင်စိုး အသက်(၇၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ (အနောက်)ဇီးကုန်းမြို့၊ ရန်ကင်းလမ်း၊ အမှတ်(၃၇)နေ ဒေါ်သန်းအိ၏ခင်ပွန်း၊ ပေါင်းတည်မြို့၊ ၁၇လမ်း၊ ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်) ၏ရာသက်ပန်အသင်းဝင် ဒေါ်စိုးစိုးမိုး(ရာ-၁၇၉၆)၏ ဖခင်သည် ၆-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

**ဒေါ်မြရင် (ညောင်ခါးရှည်)**
**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာနေ (ဦးသိန်းမောင်-ဒေါ်ကြည်)တို့၏သမီး၊ (ဦးထွန်း-ဒေါ်အေးရင်)တို့၏သမီးချွေးမ၊ ဦးတင်သိန်း၏ဇနီး၊ ဦးသက်နိုင်ဦး-ဒေါ်ခင်သန်းဝင်း၊ ဦးကျော်မင်းသိန်း-ဒေါ်စိုးစိုးနွယ်၊ဦးဇော်မြင့်နိုင်-ဒေါ်ရင်နု၊ဦးကျော်မိုးခိုင်-ဒေါ်မူမူသက်၊ ဦးသန်းထွဋ်၊ ဦးခင်မောင်ထွေး - ဒေါ်အိမြတ်စန္ဒီတို့၏မိခင်၊မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ညောင်ခါးရှည်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပခုက္ကူခရိုင်အသင်း
**ဦးတင်မောင်အေး(ခ)**
**ဦးပါကြီး (ပခုက္ကူ)**
**A.G.T.I (E-C) (70-71)**
**I.D.E, N.G.O (ငြိမ်း)**
**အသက်(၆၈)နှစ်**

ပခုက္ကူမြို့နေ (ဦးမြအေး-ဒေါ်တင်တင်)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်သန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊တိုက် ၄၆၅/၄၆၇၊အခန်း ၁၀၆၊ ပထမထပ်နေ ဦးစည်သူမောင်မောင်၊ ဦးစိုးသီဟ(ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)တို့၏ ဖခင်၊ ဒေါ်မေနွဲ့ရီ (သူနာပြု၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဒေါ်ဦးသိန်းမေ (မြောက်ဦး)**
**အလယ်တန်းပြ(ငြိမ်း)**
**အထက(၁)လှိုင်**
**အထက(၅)ကမာရွတ်**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ပဒေသာလမ်း၊ အမှတ် ၂၁နေ (ဦးမောင်မောင်-ဒေါ်သိန်းကြိုင်)တို့၏သမီး၊ (ဦးဘသိန်း)ဂျာမန်ဇည့်လမ်းညွှန်(ငြိမ်း)၏ဇနီး၊ ဦးစိုးမိုးသိန်း၊ ဦးစိုးဝင်း၊ ဦးငွေစိုးလင်းတို့၏မိခင်၊ (ဒေါ်ခင်မေ)၊ ဒေါ်ခင်သန်းရွှေ၊ ဦးစောထွန်း၊ (ဒေါ်အေးမြသန်း)၊ဒေါ်ထွေးကြည်တို့၏အစ်မသည် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၀၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**မသက်သက်**
**B.C.Sc**
**မြဝတီဘဏ်လီမိတက်**
**(အင်းစိန်ဘဏ်ခွဲ)**
**အသက်(၂၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အထက်မင်္ဂလာလမ်း၊ အမှတ် ၁၁၁နေ ဦးဇော်ဇော်-ဒေါ်ခင်အေးမွန် (အလက-၂၊ အင်းစိန်)တို့၏ ချစ်လှစွာသောသမီး၊ ဒေါက်တာဖြိုးပိုင်-ဒေါ်ခိုင်ငြိမ်းအေး(ချောင်းကလေးတိုက်နယ်ဆေးရုံ)တို့၏ညီမ၊ မယဉ်မင်း(ကမ္ဘောဇဘဏ်၊ ဒညင်းကုန်းဘဏ်ခွဲ)၏အစ်မ၊ မောင်ဘုန်းခန့်ဟိန်း၏အဒေါ်သည် ၉-၁-၂၀၁၈ရက် နံနက် ၃း၁၁နာရီတွင် (ခုတင်-၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်ကြည် (မြစ်သား)**
**အသက်(၉၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့၊ မင်းကုန်းရပ်နေ (ဦးအောင်ဘ-ဒေါ်အေးရင်)တို့၏သမီး၊ (အငြိမ်းစားတိုင်းမင်းကြီး ဦးကို)၏ဇနီး၊ ဗိုလ်ချုပ်စောထွန်း (ဆောက်လုပ်ရေးဝန်ကြီး၊ ငြိမ်း)-ဒေါ်မြင့်မြင့်ကို၊ ဦးကျော်နီ-ဒေါ်မူမူကို၊ ဦးခင်မောင်ဆွေ-ဒေါ်ခင်လှဦး၊ ပါမောက္ခ ဦးမင်းလွင်-ဒေါ်ဝင်းဝင်းကို၊ ဦးအေးကို-ဒေါ်ဝင်းဝင်းမြင့်၊ (ဦးလှမြင့်ကို)-ဒေါ်နှင်းနှင်းဦးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၉ယောက်၊ မြစ် ၂၅ယောက်တို့၏ဘွားဘွားကြီးသည် ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၃၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၃၇၊ ယုဇနလမ်းသွယ်၊ ကမာကြည်လမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြင်မေ**
**အသက်(၉၀)**

ရန်ကုန်မြို့နေ (ဦးဝမ်ရှိန်-ဒေါ်သက်ရင်)တို့၏သမီး၊ (ဦးတင်လေး)၏ဇနီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအေးမြင့်-ဒေါ်မေသန်းဦး၊ ဒေါ်နုနုရီ(ဒုရဲမှူးကြီး၊ ငြိမ်း)တို့၏မိခင်၊ မောင်ထက်အောင်ဗိုလ်၊ မမေမြင့်သွယ်၊ ဒေါက်တာထက်လှိုင်မြင့် (ခုတင်-၁၀၀၀ နေပြည်တော်)တို့၏ အဘွားသည် ၉-၁-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့)တွင် ၁၀မိုင်၊ ဓမ္မာရုံလမ်း၊ အမှတ် ၈၆၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဆရာကြီးပုလဲဦးစိုးမြင့်(ခ)စောလေဝှက်**
**(ကန်တော်ကြီး ကျန်းမာရေးအဖွဲ့)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကြီး-ပုလဲကျန်းမာရေးအားကစားအဖွဲ့၊ ရွှေမဥ္ဇူကျန်းမာရေးအဖွဲ့၊ ထိုင်ယောဂအဖွဲ့၊ အာရုဏ်ဦးအဖွဲ့၊ စိန်တောင်ကုန်းအေရိုးဗစ်အဖွဲ့၊ Happy Friday Group/Dancing Lady/Morning Lady/Ever Green Group နှင့် ကန်တော်ကြီးလမ်းလျှောက်အဖွဲ့သားများ၏ ဦးဆောင်နည်းပြဆရာကြီး ဦးစိုးမြင့်သည် ၈-၁-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ ရေပေါ်အားကစားစင်ရှေ့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကန်တော်ကြီးကျန်းမာရေးအားကစားမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီးပုလဲဦးစိုးမြင့်(ခ)စောလေဝှက်**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ ကန်တော်ကြီး-ပုလဲကျန်းမာရေးအားကစားအဖွဲ့ ဦးဆောင်နည်းပြဆရာကြီး ဦးစိုးမြင့်သည် ၈-၁-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

- **ကန်တော်ကြီး ပုလဲကျန်းမာရေးအားကစားအဖွဲ့**
- **ရွှေမဥ္ဇူကျန်းမာရေးအဖွဲ့၊**
- **အာရုဏ်ဦးကျန်းမာရေးအဖွဲ့၊ စိန်တောင်ကုန်းအေရိုးဗစ်အဖွဲ့၊**
- **ထိုင်ယောဂအဖွဲ့**
- **Happy Friday Group/Dancing Lady/Morning Lady/Ever Green Group နှင့် ကန်တော်ကြီးလမ်းလျှောက်အဖွဲ့သားများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးကျော်ညွှန့်(ခ)ဦးကျော်ဦး**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ရပ်ကွက်၊ ထူပါရုံ ၂လမ်းအနောက်၊ အမှတ် ၁၁၀၆/ကနေ (ဦးသင်-ဒေါ်စောကြည်)တို့၏သား၊ (ဦးထွန်းညွှန့်-ဒေါ်သန်းတင်)တို့၏သားသမက်၊ (ဒေါ်ထွေးတင်)၏ခင်ပွန်း၊ ဦးမျိုးဦး-ဒေါ်ကျင်ရွှေ၊ ဦးမျိုးအောင်-ဒေါ်ခင်မျိုးဝင်း၊ ဦးမျိုးအောင်-ဒေါ်သန်းသန်းဦး၊ ဦးထွန်းထွန်း-ဒေါ်လွင်လွင်မာ၊ ဦးတင်ထွေး၊ ဦးညီညီဝင်း-ဒေါ်ဌေးဌေးဦး၊ ဦးလေးခန့်-ဒေါ်လဲ့လဲ့ထွန်းတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဦးထွန်းထွန်းဇော်**
**2nd Mate (FG)**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၁၀၃/၁နေ ဦးသိန်းခင် (ရေကြောင်းဦးစီးဌာန၊ ငြိမ်း)-(ဒေါ်တင်ကြည်)တို့၏သား၊ ဒေါ်သီဂီဦး (ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်)၊ ဦးကျော်ကျော်ဦး - ဒေါ်နီလာအေး (ငွေလဝန်း ဆန်စက်၊ ဘီးလင်း)တို့၏ ညီမောင်၊ ဒေါ်ကလျာမင်းမင်းထွန်း (ရေကြောင်းဦးစီးဌာန)၏ အစ်ကိုသည် ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၁-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးအောင်အောင်စိုး(ခ)ဖိုးလုံး**
**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၅၇နေ ဒေါက်တာဦးတင်စိုး (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)-ဒေါ်ကြည်လှတို့၏သား၊ ပျော်ဘွယ်မြို့နေ ဦးကြည်အောင်-ဒေါ်ပြုံးတို့၏သားသမက်၊ ဦးအောင်မိုးမျိုးတင့် (စိုက်ပျိုးရေး၊ရေဆင်း)-ဒေါ်ညွှန့်ညွှန့်ဖူး၊ ဦးမော်ဆန်လင်း(ရေအရင်းအမြစ်၊ စစ်ကိုင်း)-ဒေါ်သီတာချော၊ ဦးကျော်ကျော်စိုးတို့၏ ညီ/မောင်၊ ဒေါ်နွယ်အေးငြိမ်း(စိုက်ပျိုးရေး၊ ရမည်းသင်းရုံးခွဲ)၏ချစ်လှစွာသောခင်ပွန်း၊ မဖူးပွင့်ရတီ၊ မခင်ရတီလင်းတို့၏ဖခင်၊ တူ၊ တူမ သုံးယောက်တို့၏ဦးလေးသည် ၉-၁-၂၀၁၈ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး
**ဒေါ်ခင်မာကြည်**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် ၄နေ (ဦးမောင်မောင်စိန်-ဒေါ်နှင်းလှိုင်)တို့၏သမီး၊(ဦးဘုန်းမြင့်)၏ဇနီး၊ [ကိုနေထွန်းဦး(ခ)နေထွန်းလင်း]၊ ကိုလွင်ကိုလတ်-မမီမီစန်းတို့၏မိခင်သည် ၉-၁-၂၀၁၈ရက် နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးကျော်သောင်း (မြင်းခြံ)**
**အသက်(၇၀)**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ (၁၂)ရပ်ကွက်၊ အမှတ် ၅၂၊ အထက်ဆန်တန်းလမ်းနေ ဒေါ်ရင်ရင်၏ ခင်ပွန်း၊ မအိအိခင်(ရွှေဖလားဆေးလိပ်ခုံ)၊ မငုဝါခင်(နိုင်တီဝမ်း ကွမ်းစားဆေး)-ကိုမျိုးသန်းထိုက် (ကြယ်တံခွန် ကုန်စုံဆိုင်)၊ မထက်ထက်ဝေ(ဒု-ဦးစီးမှူး၊ စိုက်ပျိုးရေး)-ကိုအောင်ဟိန်းကို(လ/ထဦးစီးမှူး၊ စိုက်ပျိုးရေး)တို့၏ဖခင်သည် ၉-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ဆူးဖြူကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဦးကြည်စိုး**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့နေ (ဦးအုန်းကြည်-ဒေါ်သန်းမြ)တို့၏သား၊ ပေါင်မြို့နယ်၊ လမ်းဦးစီးဌာနဝင်းနေ ဒေါ်သန်းသန်းအေး(ဦးစီးအရာရှိ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဥက္ကာကြည်စိုး-မမြတ်နိုးပွင့်၊ မောင်သူရိန်ကြည်စိုးတို့၏ဖခင်၊ မပန်းမကိုဋ္ဌဥက္ကာ၏အဘိုး၊ ဒေါ်ခင်ထားရီ-ဦးခင်ဇော်ရှိန်၊ (ဦးသန်းစိုး)၊ (ဒေါ်ခင်ထားကြည်)၊ ဒေါ်ခင်ထားနီ-ဦးစန်းမောင်တို့၏မောင်၊ ဒေါ်ခင်ထားဖြူ-ဒေါက်တာအေးသွယ်(ဦးကျော်ကျော်စိုး)၊ ဦးနိုင်နိုင်စိုးတို့၏အစ်ကိုသည် ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၈ နာရီတွင် ပေါင်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ပေါင်မြို့နယ် ကျွဲခြံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးကျော်မြတ်ထွန်း(စစ်တွေ)**
**အသက်(၄၇)နှစ်**

စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၂၆၀နေ ဒေါ်အနှင်းမေ၏မြေး၊ ဦးသာထွန်းစိန်-ဒေါ်ဦးခင်တို့၏သား၊ ဌမြို့၊ ရဟိုင်ကွင်းနေ ဦးရဲမြင့် - ဒေါ်သောင်းရွှေတို့၏ သားသမက်၊ ဒေါ်အေးမြတ်မွန်၏ခင်ပွန်း၊ မောင်သော်ဇင်ထွန်း၏ဖခင်၊ ဦးထွန်းခင်၏ညီ၊ ဒေါ်မမိုးအေး၏မောင်၊ ဒေါ်ခင်မိုးအေး(ပြည်နယ်ထွေ/အုပ်)၊ ဒေါ်မတင်အေး (အလပြ၊ မူလွန် ညေဝတီ)၊ ဒေါ်စောပြည်အေး(ဟိုတယ်/ခရီး)တို့၏ အစ်ကို၊ မခင်သန္တာဇံ(Q.C)၊ ခင်ဆုမြတ်နှင်း၊ မသင်းယုယုဇံတို့၏ဦးလေးသည် ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ သတ္တမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

စာမျက်နှာ - ၇

## မိသားစုသုံးဦး မောင်းနှင် စီးလာသော ယာဉ်အား သေနတ်သမားများ ပစ်ခတ်မှုကြောင့် တစ်ဦး သေဆုံး

စာမျက်နှာ - ၁၂

## ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လတ်ကို လန်ဒန်၌ တွေ့ပြီ

စာမျက်နှာ - ၁၄

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မဲခေါင်-လန်ချန်း အစည်းအဝေးတက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိ

**ဖနောင်ပင် ဇန်နဝါရီ ၉**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကျော်မျိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳



ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘောဒီးယားနိုင်ငံ တာ့ပရွန်းဘုရားကျောင်းတော်အတွင်း ကြည့်ရှုလေ့လာစဉ်။

# အမေရိကန်၌ ကျင်းပသော World Junior Golf Series ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သော ဟိန်းစည်သူ အာရှတိုက်တွင် ပထမဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့



ချန်ပီယံဖြစ်ခဲ့သော ဟိန်းစည်သူအား ပြည်သူများတစ်ခဲနက် ကြိုဆိုကြစဉ်။ ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဇန်နဝါရီ ၉**

အမေရိကန်နိုင်ငံ World Golf Village ဂေါက်ကွင်း၌ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော 2017 American Junior ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် ဂေါက်သီးကစားသမား ဟိန်းစည်သူနှင့်အဖွဲ့သည် ယနေ့ ည ၇ နာရီတွင် ထိုင်းနိုင်ငံ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ ၎င်းသည် အာရှတိုက်တွင် ပထမဆုံး ချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❋

# KBZ Bank Women' League ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ် (၃) ပထမနေ့အဖြစ် ဇွဲကပင်အသင်းနှင့် သစ္စာအားမာန်အသင်းသည် ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ သစ္စာအားမာန်အသင်းက ၁၀ ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

နှစ်ပွဲဆက်အနိုင်ရထားသည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ပထမဆုံးရှုံးပွဲတွင် ဂိုးပြတ်ရလဒ်နှင့် ကြုံတွေ့ခဲ့ရသည်။ သစ္စာ အားမာန်အသင်းသည် အဖွင့်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် သရေကျ ခဲ့သော်လည်း နှစ်ပွဲဆက် နိုင်ပွဲပြန်ရခဲ့ပြီး ထိပ်ဆုံးနေရာအတွက် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ဇွဲကပင်အသင်းသည် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း လက်ရွေးစင် ကစားသမားအများစုပါဝင်သည့် သစ္စာအားမာန် အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိ၍ ၁၀ ဂိုးအထိပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁ / ၂၀၁၈)**

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကြိမ်ချောင်းကျေးရွာ အနောက်မြောက်ဘက် တောင်ကုန်းပေါ်မှ ARSA အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ၅-၁-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်ပါလာသည့် ယာဉ်မောင်းတစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

၂။ အဆိုပါတိုက်ခိုက်မှုသည် ရခိုင်ပြည်နယ်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထိခိုက်စေသည့်အပြင် ယမန်နှစ် ဩဂုတ်လအတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာ၍ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်နေကြသူများ ၎င်းတို့၏ နေထိုင်ခဲ့ရာ မူရင်းနေရာများသို့ လုံခြုံစွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုများကိုလည်း များစွာအဟန့်အတားဖြစ်စေနိုင်ပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်း ဖော်ဆောင်နေသော ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် UEHRD လုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ARSA အကြမ်းဖက်သမားများက ယခုကဲ့သို့ တိုက်ခိုက်ခြင်းကို ပြင်းထန်စွာပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရွှေလမင်း ဆေးရုံ
Shwe La Min
ရွှေလမင်းဆေးရုံများတွင် နှစ်သစ်ကူးကာလ (၁၈.၁၂.၁၇ မှ ၁၅.၁.၁၈) ရက်နေ့အတွင်း အခန်းခများကို 50% Discount နှင့်(Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကို အထူးလျှော့ဈေး ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ရွှေလမင်းဆေးရုံ(၁) - အမှတ်(၁၂၅၄)၊ သုဝဏ္ဏလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။Hot Line : 01-655612
ရွှေလမင်းဆေးရုံ(၂) - အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949
ရွှေလမင်းဆေးရုံ(၃) - အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ်ာတမြို့။ Ph:044-2021375,2022799
SPECIAL PROMOTION

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန်မြို့ရဲ့ စက်မှုဇုန်အသစ်တွေ

**သတင်း - ဝေယံဦး၊ ဓာတ်ပုံ - ကေဇင်**

စီးပွားရေးမြို့တော်အသွင်ကို ပီပီပြင်ပြင်ပြောင်းလဲနေတဲ့ ရန်ကုန်မြို့ဟာ အခုဆိုရင် စက်မှုဇုန်အသစ်တွေ ထပ်မံဖော်ထုတ်ဖို့ အစီအစဉ်ရှိနေတာမို့ ရင်းနှီးမြှုပ်နှံသူတွေရော အလုပ်အကိုင်အခွင့်အလမ်းရှာဖွေနေတဲ့ လူငယ်တွေအတွက်ပါ အဆင်ပြေဖို့ ရှိလာနိုင်မှာ ဖြစ်ပါတယ်။

လူဦးရေတဖြည်းဖြည်းတိုးပွားနေတဲ့ ရန်ကုန်မြို့ဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ရွှေ့ပြောင်းအခြေချနေထိုင်လာတဲ့လူတွေ များပြားလာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်ကလည်း တိုးပွားလာပါတယ်။ ဒါ့အပြင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူတွေအတွက်လည်း နိုင်ငံတကာနဲ့ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ဖို့ အခွင့်အလမ်းရရှိနိုင်မှာဖြစ်လို့ အခုလို စက်မှုဇုန်အသစ်တွေ ထွက်ပေါ်လာဖို့ စီစဉ်တာကို ကြိုဆိုရမှာဖြစ်ပါတယ်။

“ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ် ၁၁ မြို့နယ်မှာ စက်မှုဇုန်အသစ်တွေ အကောင်အထည်ဖော်သွားမယ်”လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောခဲ့ပါတယ်။ မြို့ပြနေသူတွေနဲ့ ကျေးလက်နေပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေမျှတမှုဖြစ်ပေါ်စေဖို့လည်း အခုလို အလုပ်အကိုင်အခွင့်အလမ်းတွေ ထွက်ပေါ်လာနိုင်တဲ့စက်မှုဇုန်အသစ်တွေကို ဖော်ထုတ်ဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လောလောဆယ် စက်မှုဇုန် ၂၉ ခု ရှိနေပြီး စက်မှုဇုန်အသီးသီးမှာတော့ စက်ရုံအလုပ်ရုံတွေ အတော်များများ လည်ပတ်နေကြပါတယ်။ အဲဒီစက်မှုဇုန်တွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေအများကြီး ပေးထားနိုင်နေပါတယ်။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ လည်ပတ်နေကြတဲ့ အဲဒီစက်မှုဇုန်တွေဟာ အခုဆိုရင် အရှိန်အဟုန်နဲ့ လည်ပတ်နိုင်နေပြီဖြစ်ပါတယ်။ ဒါပေမယ့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာမသုံးစွဲနိုင်သေးတာမို့ ဒါတွေကိုလည်း လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားနေတယ်လို့ ဆိုပါတယ်။

အခု ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ် ၁၁ မြို့နယ်မှာ အကောင်အထည်ဖော်တော့မယ့် စက်မှုဇုန်အသစ်တွေဟာ စက်မှုဇုန်တစ်ခုကို မြေဧက ၁၀၀၀ ခန့် အကျယ် သတ်မှတ်ဖော်ထုတ်မှာဖြစ်ပါတယ်။ ဒီစက်မှုဇုန်အသစ်တွေမှာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီး ဆောင်ရွက်မယ်လို့လည်း အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ လာရောက်ရင်းနှီးမြှုပ်နှံလာအောင် ဆွဲဆောင်မယ်လို့လည်း ဆိုနေပါတယ်။

**အချပ်ပို(ဃ)သို့**

**ရန်ကုန်မြို့ ပျော်ပွဲရွှင်ပွဲများနှင့် ယနေ့ခေတ် လူငယ်များလားရာ---**



အ ချ ပ် ပို ( ခ )

**ရန်ကုန်မြို့ပြအလှနှင့် လိုက်ဖက်ညီစေချင်**



အ ချ ပ် ပို ( ဂ )

**စလစ်ဈေး ၁၁၀ နဲ့ အရောင်းအဝယ် မရှိသလောက် အေးနေတဲ့ ရန်ကုန် ကားဈေးကွက်**



အ ချ ပ် ပို ( ဃ )

# ရန်ကုန်မြို့ ပျော်ပွဲရွှင်ပွဲများနှင့် ယနေ့ခေတ် လူငယ်များလားရာ - - -

ဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

“မောင်လေးရယ် နေရာချင်းခဏလဲပါ၊ ဒီနားလေး လာရပ်ပေးပါ”ဟူသော အကူအညီတောင်းခံသည့်စကားသံက ဝုန်းဒိုင်းကြဲဆူညံနေသော တေးသီချင်းသံများကြား ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသည်။ အသံလာရာဘက်သို့ လှည့်အကြည့်တွင် အိပ်ငိုက်နေသောကလေးငယ်ကို ကျောပေးကာရပ်နေသော အသက် ၄၀ ဝန်းကျင် အမျိုးသမီးတစ်ဦးက ကျွန်တော့်အား အကူအညီတောင်းခံနေခြင်းဖြစ်သည်ကို သိလိုက်ရသည်။ နှစ်သစ်ကူးသတင်းဓာတ်ပုံကောင်းတစ်ပုံ လိုချင်တာကြောင့် လေးငါးနာရီကြာသည်းခံကာ နေရာကောင်းရွေး အချိန်ပေးစောင့်ဆိုင်းနေရသော ကျွန်တော့်အနေဖြင့် အခက်ကြုံတွေ့ရပြန်သည်။ တစ်ဖက်ကအလုပ်၊ တစ်ဖက်က လူမှုရေး၊ ဤနေရာကို နာရီဝက်ခန့် အချိန်ပေးတိုးဝှေ့လာခဲ့ရသော ကျွန်တော့်အနေဖြင့် မလဲပေးလျှင်လည်း လူမှုရေး ရှုထောင့်အရမသင့်လျော်။ ဒီလိုနဲ့ “ဟုတ်ကဲ့ပါ အစ်မ” ပြောကာ နေရာချင်း လဲပေးလိုက်ရသည်။

**နှစ်သစ်ကို ကြိုဆိုနေ**

၂၀၁၇ ခုနှစ်၏ နောက်ဆုံးညတစ်ညပင်ဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံး၍ မင်္ဂလာအပေါင်းနှင့် ခညောင်းစေမည့် ၂၀၁၈ ခုနှစ် နှစ်သစ်အကူးအပြောင်း ရန်ကုန်မြို့၏ ကျယ်ဝန်းသော ကွင်းပြင်တစ်ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း၌ New Year Count-down Yangon ကျင်းပခဲ့သောညတစ်ညပင်။ ကွင်းတစ်ခုလုံး ပြည့်လျှံနေသောပြည်သူများ၏ မျက်လုံးအစုံက ပြည်တွင်းတေးသံရှင်များ၏ ဖျော်ဖြေမှုနှင့်အတူ နှစ်သစ်ကို ကြိုဆိုနေသောစတိတ်စင်မြင့်ဆီသို့ ဆုံမှတ်သဖွယ်ဦးတည်နေရင်း ပျော်ရွှင်မြူးတူးကခုန်နေကြသည်။ အရပ်စကားအရပြောရလျှင် ရေရှိန်မြင့်နေကြပြီဖြစ်သည်။ စိတ်ဝင်စားမှုမရှိဘဲ အလုပ်သဘောအရသာ ကွင်းလယ်တည့်တည့်တွင် လာရပ်နေရသော ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားမိပြီး ရယ်ချင်နေမိသည်။ သူများတွေ ဒီလောက်ပျော်မြူးကခုန်နေကြတာ ကျွန်တော့်စိတ်ထဲ ဘယ်လိုမှ မခံစား၊ မကူးစက်၊ ကွင်းတစ်ခုလုံး ပြည့်လျှံနေသော်လည်း အများစုမှာ အသက် ၂၀ ဝန်းကျင်နှင့် ဆယ်ကျော်သက် အမျိုးသမီး၊ အမျိုးသားလူငယ်များသာဖြစ်သည်။ တချို့တစ်ဝက်သာ အသက် ၃၀ ဝန်းကျင်နှင့် ၃၀ ကျော် အရွယ်များဖြစ်ကြပြီး သူတို့သည်လည်း လူငယ်များနည်းတူ ပျော်ရွှင်မြူးတူးကခုန်ရင်းဖျော်ဖြေရေးအစီအစဉ်နှင့်အတူ နှစ်သစ်ကို ကြိုဆိုနေကြသည်။

သိပ်မကြာလိုက်။ “မောင်လေး ငြိမ်လှချည်လား၊ မကဘူးလား၊ က လေ၊ နေရာလဲကူညီပေးတဲ့အတွက် ကျေးဇူးတင်တယ်နော်၊ ဟိုဘက်ကကောင်မလေးတွေတစ်စု မူးနေတယ်နဲ့တူတယ်၊ ရောက်ကတည်းက ခုန်ပေါက်နေကြတာ၊ ကလေးထိမှာစိုးတာနဲ့ မောင်လေးကို အကူအညီတောင်းလိုက်ရတာ” ဟု ကလေးထိခိုက်မိမှာစိုးရိမ်၍ အကူအညီတောင်းခံသော အမျိုးသမီးက ဖော်ဖော်ရွေရွေနှင့် လှမ်းပြောသည်။ အဲဒါနဲ့ “အစ်မက ကလေးတွေနဲ့ လာကြည့်တာလား၊ အမျိုးသားမပါဘူးလား။ ဘယ်ကလာကြည့်တာလဲ” မေးလိုက်မိသည်နှင့် “ဒီတာမွေကပဲ။ အမျိုးသားက ဝါသနာမပါဘူးလေ။ အစ်မက အိမ်နီးနားချင်းတွေနဲ့ လိုက်လာတာ။ အပျိုကတည်းက စိုင်းစိုင်းခမ်းလှိုင်အားပေးနေကျဆိုတော့ စိုင်းစိုင်းပါရင် ပွဲတိုင်းနီးပါး လာကြည့်ဖြစ်တယ်။ စိုင်းစိုင်းဆိုအရင်ကတည်းက အသည်းစွဲပဲ”ဟု ရယ်လျက် ပြောသည်။

**ပျော်ပွဲရွှင်ပွဲနှင့် အပျော်အပါးများက စဉ်ဆက်မပြတ်**

တကယ်တော့ မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးမှအစ ကဏ္ဍမျိုးစုံ အချက်အချာကျသော ရန်ကုန်မြို့တော်ကြီးတွင် လူနေထိုင်မှုထူထပ်များပြားသကဲ့သို့ ပျော်ပွဲရွှင်ပွဲနှင့် အပျော်အပါးများကလည်း စဉ်ဆက်မပြတ်ပင်။ အခါအားလျော်စွာ ယခုနှစ်သစ်ကူးပွဲတော်များရှိသကဲ့သို့ နေ့စဉ်နှင့်အမျှ ညပိုင်းစိတ်အပန်းဖြေစရာ၊ စိတ်ပျော်ရွှင်စရာများသည်လည်း နေရာအနှံ့လိုပင် ရှိနေသည်။ တိုးတက်လာသည်လား၊ ခေတ်မီပြောင်းလဲလာခြင်းဟု ပြောရမည်လား။ ငယ်ရွယ်သောအမျိုးသမီး၊ အမျိုးသားများ ကိုယ်စီယစ်မူးနေကြသည်ကိုတော့ တစ်နေ့တခြား ပိုမိုမြင်တွေ့နေရသည်။

**ထိန်းထိန်းသိမ်းသိမ်းနေထိုင်ရန်**

မျိုးဆက်သစ်လူငယ်များ၊ တိုင်းပြည်အတွက် အားထားရမည့် တက်သစ်စလူငယ်၊ လူရွယ်များအတွက်တော့ ထိုနေရာမျိုးသည် အတွေ့အကြုံကောင်းမရနိုင်သကဲ့သို့ အကျိုးမရှိနိုင်သည်မှာလည်း အမှန်ပင်ဖြစ်သည်ဟု ယူဆမိသည်။ ခဏတဖြုတ် အပျော်အပါးဟုဆိုကြသည်။ စိတ်ထွက်ပေါက်ဟုပြောကြသည်။ သို့သော်လူငယ်အများစုမှာအပျော် နောက်ကွယ်မှ ကပ်ပါလာသောအပျက်သဘောကို သတိမမူခဲ့၍ နစ်နာဆုံးရှုံးခဲ့ရသည်များက ဒုနဲ့ဒေးရှိသကဲ့သို့ ကာလအားဖြင့်ဆိုလျှင်လည်း အချိန်နှင့်အမျှပင်ဖြစ်နေသည်။ ဘယ်ကလပ်မှာ ရန်ဖြစ်တာ၊ ဓားထိုးခံလိုက်ရတာစသော သတင်းများက အွန်လိုင်းစာမျက်နှာများပေါ်တွင် နေရာအနှံ့ကြားသိနေရသည်။ လွတ်လပ်သော ဒီမိုကရေစီခေတ်ဆီသို့ လှမ်းချီရှေးရှုနေချိန်တွင် ခေတ်လူငယ်များအနေဖြင့် မိမိကိုယ်ကိုယ် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ရန်မှာ အရေးကြီးပေသည်။ ယနေ့လူငယ်နောင်ဝယ်လူကြီးဖြစ်လာမည့် တိုင်းပြည်၏ သားကောင်းရတနာများအနေဖြင့် ခေတ်နှင့်အမီ လိုက်သင့်သည်များရှိသလို၊ မလိုက်သင့်သည်များလည်း ရှိနေသည်ကို သုံးသပ်ဝေဖန်တတ်ရန်မှာ အလွန်အရေးကြီးပေသည်။

**တွေးခေါ်ချင့်ချိန်တတ်ရန်လို**

ယနေ့ခေတ်လူငယ်များအနေဖြင့် သစ်တုံးကို ရွှေတုံး မထင်မိရန်နှင့် တဲစုတ်ကို နန်းတော် ထင်မှတ်မမှားမိစေရန်မှာ အဓိကအချက်ပင်ဖြစ်သည်။ ဆရာသမား၊ ဘိုးဘွား၊ မိဘများက ဆိုဆုံးမသကဲ့သို့ မိမိအသိဉာဏ်ပညာဖြင့်လည်း တွေးခေါ်ချင့်ချိန်တတ်ရန် လိုပေသည်။ ဒီအချိန်တွင် နှစ်အနည်းငယ်အတွင်းက ပျော်ပွဲရွှင်ပွဲတစ်ခု၌ အမှတ်မထင်ဘဲ ဆုံတွေ့ခဲ့သည့် ဆရာတစ်ဦးပြောခဲ့သောစကားတစ်ခွန်းကို ပြန်ပြောင်းသတိရမိပြန်သည်။ “ယနေ့ခေတ်လူငယ်တွေ ပျော်ပွဲရွှင်ပွဲတွေမှာလောက် ဇွဲနပဲနဲ့ အချိန်ပေးဝီရိယရှိရှိ အလုပ်ကြိုးစားလုပ်ရင် ငါတို့နိုင်ငံ တော်တော်လေး ကြီးပွားချမ်းသာနေပြီကွ ငါ့တပည့်ရ” ဟူသော ယနေ့ခေတ်လူငယ်တွေရဲ့အပျော်အပါးမက်မောမှုကို ထောက်ရှုဝေဖန်ပြောဆိုခဲ့သော စကားလေးကို ပြန်ကြားယောင်မိရင်း ကျွန်တော့်စိတ်ထဲရယ်ချင်လာမိသည်။

**အချိန်သည် အစားထိုးမရနိုင်**

ပြောချင်သည်က ယနေ့ရန်ကုန်မြို့ ပျော်ပွဲရွှင်ပွဲများနှင့် ခေတ်လူငယ်များကြား အတုမြင် အတတ်သင်မှုနှင့်အတူ ထိကပ်နီးစပ်ရာ အရောင်တူသွားတတ်သော လောကနိယာမသဘောသဘာဝကို မိဘများအနေဖြင့် မျက်ကွယ်မပြုသင့်တော့ပေ။ အဖြူထည်ကို အရောင်ဆိုးသည်က လွယ်ကူသော်လည်း စွန်းထင်းသွားသောအရောင်တစ်ခုကို ပယ်ဖျက်ရန်မှာ အနည်းဆုံး အချိန်တစ်ခုတော့ ပေးဆပ်ရမည်ဖြစ်သည်။ အချိန်သည် လူ၏တန်ဖိုးဆိုသည့်တိုင် ဘဝတစ်ခုကို ဖြတ်သန်းရာတွင် အချိန်သည် မည်သည့်အရာနှင့်မျှ အစားထိုးမရနိုင်သည်ကို ယနေ့ခေတ်လူငယ်အချို့အနေဖြင့် သတိမမူမိသကဲ့သို့ တန်ဖိုးနားမလည်သည်များလည်းရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ မိုးရွာတုန်းရေခံဆိုသည့်အတိုင်းနောင်ကိုသိမှ သတိရလည်း ရှေ့ရင်ဆိုင်လိမ့်မဖြစ်စေရန် ရန်ကုန်မြို့ပျော်ပွဲရွှင်ပွဲနှင့် ယနေ့ခေတ်လူငယ်များလားရာကို သုံးသပ်ဝေဖန်ရေးသားရင်း အမှားပြင်၍ အမှန်မြင်နိုင်ကြပါစေ ဆန္ဒပြုလျက် ----။



ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ၂၀၁၇ ခုနှစ်၏ နှစ်သစ်ကူးမြင်ကွင်းကို တွေ့ရစဉ်။



ရန်ကုန်မြို့ လူငယ်များစံပျော်ရာ နိုက်ကလပ်တစ်ခုမှ မြင်ကွင်း။

**လွတ်လပ်သော ဒီမိုကရေစီခေတ်ဆီသို့လှမ်းချီရှေးရှုနေချိန်တွင် ခေတ်လူငယ်များအနေဖြင့် မိမိကိုယ်ကိုယ် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ရန်မှာ အရေးကြီးပေသည်။ ယနေ့လူငယ်နောင်ဝယ်လူကြီး ဖြစ်လာမည့် တိုင်းပြည်၏ သားကောင်းရတနာများအနေဖြင့် ခေတ်နှင့်အမီလိုက်သင့်သည်များ ရှိသလို၊ မလိုက်သင့်သည်များလည်း ရှိနေသည်ကို သုံးသပ်ဝေဖန်တတ်ရန်မှာ အလွန်အရေးကြီး**

# ရန်ကုန်မြို့ပြအလှနှင့် လိုက်ဖက်ညီစေချင်

သန်ထိုက်(လှိုင်သာယာ)
ဓာတ်ပုံ - သန်းစိုး

**ရန်ကုန်မြို့ပြ၏ အလှသည် ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲလာလျက်ရှိသည်။ ထိုသို့ပြောင်းလဲတိုးတက်စေရန် နိုင်ငံတော်ကလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယနေ့ကာလတွင် ရန်ကုန်မြို့ကြီးသို့ ခရီးသွားဝင်ရောက်မှု တိုးလာသည်နှင့်အမျှ မြို့ပြလူဦးရေသိပ်သည်းလာသောကြောင့် မြို့ပြအလှကို ထိခိုက်လာနေသည်ကို သတိပြုမိကြမည်ဖြစ်သည်။ ရန်ကုန်မြို့ရှိ မြို့နယ်တို့တွင် လူနေထိုင်မှုသိပ်သည်းလာခြင်းသည် ထိုမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေးကိုလည်း တိုက်ရိုက်ထိခိုက်စေလျက်ရှိသည်။ ရန်ကုန်မြို့ပေါ်နှင့်ကပ်လျက် မြို့နယ်တို့တွင်လည်း ထိုသို့ ယာယီရွှေ့ပြောင်းနေထိုင်သူတို့ ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့နေထိုင်လာမှုသည် မြန်မာပြည်၏ အဓိကမြို့တော်ကြီးဖြစ်သည့် မဟာရန်ကုန်မြို့ကြီး၏အလှနှင့် တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လာလျက်ရှိသည်။**

**ရန်ကုန်မြို့ပြ၏အလှကို အားဖြည့်ပါဝင်**

ယနေ့ ရန်ကုန်မြို့ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အားပြုကြိုးပမ်းလျက်ရှိရာ မြို့ပြပုံရိပ်ကို လှစ်ဟပြနေသော ခေတ်မီအဆောက်အအုံများဖြင့် တင့်တယ်လှပလာလျက်ရှိသည်။ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းဆုံ မီးပွိုင့်အနီးရှိ အဆောက်အအုံများသည် မြို့ပြ၏အလှနှင့် တင့်တယ်လျက်ရှိသည်။ နိုင်ငံခြားခရီးသွားများ တည်းခိုရာ၊ ခေတ်မီဘဏ်ကြီးများတည်ရှိရာ၊ စူပါမားကတ်ကြီးဖြင့် ထိုစက်မှု(၁)မီးပွိုင့်လမ်းဆုံသည် နေ့၊ ည စည်ကားလှပလျက်ရှိသည်။ ထိုအလှပေါ်လွင်လာခြင်းသည် ထိုခေတ်မီအဆောက်အအုံများကြောင့်ပင် ဖြစ်သည်။ ထိုခေတ်မီအဆောက်အအုံများ၏ အလှသည် ရန်ကုန်မြို့ပြ၏ အလှကို အားဖြည့်ပါဝင်လျက်ရှိသည်။

ထိုစက်မှု(၁)လမ်းဆုံမီးပွိုင့်သည် နေ့စဉ်လူစည်ကားသည့်နေရာဖြစ်သည့်အပြင် ယာဉ်ဖြတ်သန်းမှုများသောနေရာလည်းဖြစ်သည်။ ထိုမီးပွိုင့်လမ်းဆုံ ဝဲဘက်အခြမ်း အများပြည်သူသွားလာသော ပလက်ဖောင်းသည် ခုနစ်ပေကျော်အကျယ်ရှိပြီး ထို လူသွားလမ်း ပလက်ဖောင်းပေါ်တွင် ထိုင်ခုံများခင်း၍ ဈေးရောင်းချသည်မှာ နှစ်နှစ်ကျော်လာပြီဖြစ်သည်။

ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ကွမ်းယာဆိုင်တို့ဖြင့် အများပြည်သူသွားလာရေးခက်ခဲသည်မှာ နှစ်များကြာမြင့်ခဲ့ပြီဖြစ်သည်။ နှစ်များပြောင်းလဲလာသော်လည်း မပြောင်းလဲသောအရာမှာ ထိုလမ်းပေါ်တွင် ဈေးသည်များ ထပ်တိုးလာခြင်းပင်ဖြစ်သည်။ ဈေးသည်များမှာ ထိုလမ်းပေါ်သာမက အခြားတစ်ဖက်ရှိ စူပါမားကတ်နှင့် ဘဏ်အဆောက်အအုံများရှိရာ ပလက်ဖောင်းပေါ်သို့တိုင် တိုးချဲ့ဖွင့်လှစ်လာသောကြောင့် ဖြစ်သည်။



ကမ္ဘာအေးဘုရားလမ်း စက်မှု(၁) လမ်းဆုံ မီးပွိုင့်အနီးရောင်းချနေသည့် ပလက်ဖောင်းဈေးသည်များကို တွေ့ရစဉ်။

**အများပြည်သူသွားလာရေးခက်ခဲစေ**

နေ့ပိုင်းတွင် ပလက်ဖောင်းပေါ်ဈေးသည်များ စည်ကားနေမှုနှင့်အတူ ညနေပိုင်းမှ ည ၁၂ နာရီကျော်အထိ ပလက်ဖောင်းနှစ်ဖက်တွင် ထမင်းဆိုင်၊ အသုပ်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်တို့ ဖြင့် ညပိုင်းတွင်လည်း ရှုပ်ထွေးလျက်ရှိသည်။ မီးပွိုင့်အနီး ယာဉ်ကွေ့ကြောနေရာဖြစ်၍ လူနှင့်ယာဉ် ရှင်းလင်းနေရမည့်နေရာဖြစ်ခြင်း၊ ဟိုတယ်နှင့်စူပါမားကတ်မှ ယာဉ်ဝင်ထွက်သွားလာမှုများခြင်းနှင့် အများပြည်သူသွားလာမှုများခြင်းတို့ကြောင့် ထိုပလက်ဖောင်းနေရာသည် ရှင်းလင်းလှပသောနေရာတစ်ခုအဖြစ် မြင်တွေ့ရသောနေရာတစ်ခု ရှိနေရမည်ဖြစ်သော်လည်း ပလက်ဖောင်းနှစ်ဖက်တွင် ဈေးဆိုင်စားပွဲခုံများ၊ ထမင်းဆိုင်တို့ကြောင့် အများပြည်သူသွားလာရေးခက်ခဲစေလျက်ရှိသည်။ အထူးသဖြင့် မြို့ပြအလှနှင့် ဟန်ချက်ညီလျက်ရှိသည့် အဆောက်အအုံများနှင့် ကမ္ဘာအေးဘုရားလမ်းတစ်ဖက်ရှိ အင်းလျားကန်၏အလှကို ထိခိုက်စေလျက်ရှိသည်။ လေညင်းခံရန်နှင့် ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ရာတွင်လည်း စက်မှု(၁)လမ်းဆုံကိုဖြတ်သန်းရန် ထိုပလက်ဖောင်းပေါ်မှ သွားလာရသောကြောင့် အဆိုပါ ပလက်ဖောင်းပေါ်မှ ဈေးသည်တို့ကြောင့် သွားလာရေး ခက်ခဲစေလျက်ရှိသည်။



ညပိုင်းတွင်လည်း ပလက်ဖောင်းပေါ်တွင် စားပွဲခုံများခင်းကျင်းရောင်းချခြင်း၊ ဈေးဆိုင်နှင့် လက်တွန်းလှည်းများ စီစီရီရီရောင်းချလျက်ရှိခြင်း၊ စွန့်ပစ်ရေများကို ကားလမ်းပေါ်သို့ စွန့်ပစ်မှုနှင့်အတူ အမှိုက်အချို့လည်း ပလက်ဖောင်းနှင့် ကားလမ်းပေါ်နှင့် ဂမုန်းပန်းပင်များကြားတွင် စက္ကူ၊ ပလတ်စတစ်တို့ ကျန်ရစ်ခဲ့၍ သေသပ်စွာ ခင်းထားသော ရန်ကုန်စီးတီး၏ ကတ္တရာလမ်းမှာ အကျည်းတန်လျက်ရှိသည်။ ထိုနေရာ ပလက်ဖောင်းပေါ်တွင်လည်း တက္ကစီယာဉ်များ ရပ်တန့်ထားသောကြောင့် မီးပွိုင့်မှကွေ့ဝင်လာသောယာဉ်များ အခက်အခဲဖြစ်စေလျက်ရှိသည့်နည်းတူ လူသွားလမ်း ပလက်ဖောင်းပေါ်မှ ဈေးသည်တို့ကြောင့်လည်း အများပြည်သူသွားလာရေး ခက်ခဲစေလျက်ရှိသည်။ အထူးသဖြင့် မြို့ပြအဆောက်အအုံအလှနှင့် လိုက်ဖက်ညီမှု မရှိခြင်းပင်ဖြစ်သည်။

**ရန်ကုန် မြို့၏အလှကို အသိအမှတ်ပြုကြမည်**

ရန်ကုန်မြို့ပြ၏အလှနှင့် လိုက်ဖက်ညီမှုမရှိသော လမ်းပေါ်ဈေးသည်များ၊ ယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေသောလမ်းပေါ်မှ တွန်းလှည်းဈေးသည်များကို အသိပညာပေးဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့တွင်းသာမက မြို့ပြနှင့်ထိစပ်နေသော မြို့နယ်အသီးသီးတို့ရှိ ခေတ်မီအဆောက်အအုံများ၊ အများ ပြည်သူသွားလာကြသည့် ပြည်သူလျှောက်ရန်ဖောက်လုပ်ထားသော လမ်းများ သန့်ရှင်းသာယာလှပစေလျက် ပြည်သူသာမက ဧည့်နိုင်ငံခြားသားများ မြင်တွေ့လျှင်ပင် ရန်ကုန်မြို့၏အလှကို အသိအမှတ်ပြုကြမည်ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်မြို့ပြအလှကို ထိခိုက်စေမည့်လမ်းပေါ် ပလက်ဖောင်းဈေးသည်များ၊ ဈေးသည် တွန်းလှည်းများကို တားဆီးရှင်းလင်းနိုင်ပါက ရန်ကုန်မြို့ပြအလှကို ပိုမိုပေါ်လွင်လာစေမည် ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

**ရန်ကုန်မြို့ပြ၏အလှနှင့် လိုက်ဖက်ညီမှုမရှိသော လမ်းပေါ် ဈေးသည်များ၊ ယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေသော လမ်းပေါ်မှ တွန်းလှည်းဈေးသည်များကို အသိပညာပေးဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့တွင်းသာမက မြို့ပြနှင့်ထိစပ်နေသော မြို့နယ်အသီးသီးတို့ရှိ ခေတ်မီအဆောက်အအုံများ၊ အများပြည်သူသွားလာကြသည့် ပြည်သူလျှောက်ရန်ဖောက်လုပ်ထားသောလမ်းများ သန့်ရှင်းသာယာ လှပစေလျက် ပြည်သူသာမက ဧည့်နိုင်ငံခြားသားများ မြင်တွေ့လျှင်ပင် ရန်ကုန်မြို့၏အလှကို အသိအမှတ်ပြုကြမည်ဖြစ်**



တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်





# စလစ်ဈေး ၁၁၀ နဲ့ အရောင်းအဝယ် မရှိသလောက် အေးနေတဲ့ ရန်ကုန်ကားဈေးကွက်

မင်းသော်

အရောင်း အဝယ်များ ဆက်တိုက်အေးစက်နေသည့် ရန်ကုန်ကားဈေးကွက်သည် ယခုတစ်ပတ် တွင်လည်း ဝယ်လက်ထက် ဈေးကွက်အတွင်း အချင်းချင်း မေးမြန်းအားပေးမှုပင် မရှိသလောက် ဖြစ်နေပြီဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ဆိုသည်။

"အရောင်းအဝယ် မဖြစ်ဘူးလို့လည်း ယတိပြတ်တော့ ပြောလို့မရပါဘူး၊ ဖြစ်နေတာတွေက ဈေးနည်းတဲ့ အောက်ကားလေးတွေရှိတယ်၊ ဒါပေမယ့် ပြောရရင် ဈေးကွက်မဝင်ဘူးပေါ့ဗျာ၊ ကျွန်တော်တောင် ကားအရောင်း အဝယ်မလုပ်သေးဘဲ ကိုင်ထားတာ တစ်လကျော်နေပြီ၊ ကိုယ့်လက်ထဲကဟာကို အမြတ်မရှိဘဲ မထုတ်ရဲဘူး၊ မြတ်လည်း မမြတ်ဘူး၊ ကိုယ်ပြန်ဝယ်ရင်လည်း တက်ဈေးအတိုင်း မဝယ်နိုင်ဘူး၊ ဈေးကွက်လည်း မကောင်းတော့ ဝယ်ရောင်းအတော်များများက ကားကိုင်ပြီး ထိုင်နေကြတယ်"ဟု ကားအရောင်းအဝယ် လုပ်ကိုင်သူ ကိုအေးသိန်းကလည်း ပြောသည်။

၂၀၁၇ ခုနှစ် နှစ်လပိုင်းကျော်မှစတင်ကာ ရန်ကုန်ကားဈေးကွက်သည် အလွန်ပင် ငြိမ်သက်လာခဲ့သည်။ အရောင်းအဝယ်မှာလည်း ကြိုက်ရောင်းကြိုက်ဝယ်နှင့် အရေးပေါ် ငွေလိုသူများ အရှုံးခံရောင်းချခြင်းများသာ ရှိခဲ့သည်။ လက်ရှိတွင် ကားအရောင်းစင်တာများ၌ ဝယ်လိုအား အတန်အသင့်ရှိနေသည်ကို မြင်တွေ့ရပြီး အများစုမှာ ငွေပေါ်များစွာ သုံးစွဲနိုင်သူများဟု သိရသည်။ ကားဝယ်ရောင်းအသိုင်းအဝိုင်းတွင်မူ ရှိရင်းစွဲကားများသာ ပိုင်ဆိုင်သူ ပြောင်းလဲသွားပြီး ဈေးကွက်အတွင်း တစ်ဝဲလည်နေဆဲဟု ကားရောင်းဝယ်သူများထံက သိရသည်။

လာမည့်နှစ် မော်တော်ယာဉ်တင်သွင်းခွင့်ကို ဇန်နဝါရီ ၂ ရက်က စတင်ခွင့်ပြုပေးခဲ့သော်လည်း ဘယ်မောင်းနှင့်အသားမကျသူများအတွက် တင်သွင်းရန် အားယူနေကြရမည့် ကာလဖြစ်ခြင်းကြောင့် ညာမောင်းများအတွက် အခွင့်သာနေချိန်ဖြစ်သည်။ သို့သော် လက်ရှိတွင် ဈေးမှာ အတက်ဈေးဖြင့် ငြိမ်သက်နေပြီး ပွင့်လင်းရာသီ အရောင်းအဝယ်ကောင်းချိန်တွင် တက်ဈေးကားများသည် အရောင်းအဝယ် အလွန်အားနည်းနေသည်။ ယခု အချိန်တွင် စတိကားများ၊ နံပါတ်ထွက်ပြီးသား ရန်ကုန် လိုင်စင်ကားများလည်း ယခင်လို အရောင်းအဝယ် အားမကောင်းဘဲ ငြိမ်သက်နေသည်ဟု သိရသည်။

လက်ရှိစလစ်ဈေးနှုန်းသည် ငွေကျပ် သိန်း ၁၁၀ ဝန်းကျင်သာရှိတော့ပြီး အရောင်းအဝယ် မဖြစ်သည်ကိုလည်း မြင်တွေ့ရသည်။ သတ်မှတ်ချက်အသစ်အရ ယခုနှစ်တွင် ၂၀၁၄ ခုနှစ် မော်ဒယ်လ်နှင့်အထက် ဘယ်မောင်း မော်တော်ကားများသာ တင်သွင်းခွင့်ရရှိမည်ဖြစ်သဖြင့် စလစ်လိုအပ်ချက်မှာ Consignment မော်တော်ကားများအတွက်သာ အဓိကလိုအပ်တော့မည်ဖြစ်သည်။ ထို့ပြင် သက်ဆိုင်ရာမှ လအလိုက် ခွင့်ပြုပေးမည့် မော်တော်ယာဉ် အစီးရေကိုလည်း ယခုရက်ပိုင်းအတွင်း ထုတ်ပြန်ပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် စက်သုံးဆီဈေးနှုန်းများ အဆမတန်မြင့်တက်နေခြင်းသည်လည်း မော်တော်ကားဈေးကွက်ကို များစွာရိုက်ခတ်လျက်ရှိကြောင်း သိရသည်။ "စက်သုံးဆီဈေးက သုံးလအတွင်းမှာ အတော်ကိုမြင့်တက်သွားတာ အားလုံးအသိပါပဲ၊ ဒီလိုအခြေအနေမှာ ကားဝယ်စီးဖို့ ဈေးတွေမြင့်တယ်၊ စက်သုံးဆီတွေလည်း ဈေးမြင့်နေတယ်ဆိုတော့ ဘယ်သူမှ ကားစီးဖို့ အာရုံကျနေတော့မှာမဟုတ်ဘူး"ဟု ကိုကျော်ဇေယျာဝင်းက ပြောသည်။ ။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Lexus Ls 460 | 2007 | ရန်ကုန် | 4700cc | အပြင်ဈေး | ၇၀၀ |
| Nissan Latio | 2007 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၃၂ |
| Fit Gp 1 | 2012 | နယ် | 1300cc | အပြင်ဈေး | ၂၂၀ |
| Celsior | 1999 | ရန်ကုန် | 3500cc | အပြင်ဈေး | ၁၈၀ |
| Gloria | 2000 | ရန်ကုန် | 2500cc | အပြင်ဈေး | ၁၄၀ |
| Honda Accord | 2000 | ရန်ကုန် | 2000cc | အပြင်ဈေး | ၁၄၀ |
| Legenda | 2000 | ရန်ကုန် | 3500cc | အပြင်ဈေး | ၁၅၀ |
| Ipsum | 2008 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၃၀ |
| Will | 2002 | ရန်ကုန် | 1800cc | အပြင်ဈေး | ၁၄၅ |
| Belta | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။




## ရန်ကုန်မြို့ရဲ့စက်မှုဇုန်အသစ်တွေ

ဒီလို စက်မှုဇုန်အသစ်တွေ ဖော်ထုတ်ရင် အဓိကအနေနဲ့ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝဖြည့်ဆည်းပေးနိုင်ရေး လိုအပ်မှာဖြစ်တယ်လို့ စီးပွားရေးသုံးသပ်သူတွေက ဆိုနေကြပါတယ်။ အခြေခံအဆောက်အအုံတွေ ဖြည့်ဆည်းနိုင်မှာ ဖြစ်လို့ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရင်တော့ နိုင်ငံတော်အတွက် အခွန်အခနဲ့ လူငယ်တွေအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ထွက်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

စက်မှုဇုန်အသစ်တွေကို ရန်ကုန်တိုင်းဒေသကြီးရဲ့ ခရမ်း၊ သုံးခွ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ သန်လျင်၊ ကျောက်တန်း၊ တိုက်ကြီး၊ မှော်ဘီ၊ ထန်းတပင်၊ လှည်းကူးစတဲ့ ၁၁ မြို့နယ်မှာ ဖော်ထုတ်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့လူနေထိုင်မှု သိပ်သည်းမှု၊ ယာဉ်ကြောကျပ်တည်းမှု၊ လမ်းပိတ်ဆို့မှုတွေကိုလည်း လျော့ကျသွားစေနိုင်မှာ ဖြစ်ပါတယ်။ တကယ်လို့ အဲဒီမြို့နယ်တွေမှာ စက်မှုဇုန်တွေထွက်ပေါ်ခဲ့ရင် ဒေသခံကျေးလက်နေပြည်သူတွေဟာ မိမိတို့နေထိုင်ရာ အနီးဝန်းကျင် မှာပဲ သွားလာနေထိုင်အလုပ်လုပ်နိုင်ကြတော့မှာမို့ အစစအရာရာအဆင်ပြေမှုတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။

ဒါ့အပြင် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေကြောင့် အဲဒီကျေးလက်ဒေသတွေက လူငယ်တွေ ပြည်ပကို ထွက်ခွာပြီး အလုပ်လုပ်နေမှုတွေလည်း လျှော့ချနိုင်မှာဖြစ်သလို ကိုယ့်ရပ်ရွာအနီးဝန်းကျင်မှာပဲ နေထိုင်လုပ်ကိုင်ကြရမယ့် အခွင့်အရေးကောင်းလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ တကယ်တော့ စက်မှုဇုန်အသစ်တွေဖော်ထုတ်တဲ့နေရာမှာ အခြေခံအဆောက်အအုံတွေ ဖြည့်ဆည်းပေးဖို့အပြင် အချို့ စည်းမျဉ်းစည်းကမ်းတွေကိုလည်း လျှော့ချပေးနိုင်ဖို့ လိုအပ်တယ်လို့ သုံးသပ်နေကြပါတယ်။

ဒါကြောင့်မို့လို့ စက်မှုဇုန်အသစ်တွေ ရွေးချယ်ဖော်ထုတ်တဲ့အခါ ရေနဲ့လျှပ်စစ်မီးရရှိပြီး ဆက်သွယ်ရေးကောင်းတဲ့နေရာတွေ၊ စိုက်ပျိုးရေးဖြစ်ထွန်းမှုအားနည်းတဲ့ မြေနေရာတွေဖြစ်ဖို့အတွက် တာဝန်ရှိသူတွေက စနစ်တကျ စီစဉ်ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။ မြေပိုင်ခွင့်ရှင်တွေကိုလည်း အစိုးရက သတ်မှတ်ထားတဲ့ တန်ကြေး ပြန်လည်ပေးအပ်မယ်လို့လည်း သိရပါတယ်။

ဒီလိုစက်မှုဇုန်တွေမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ့်လူတွေကို မြေယာဈေးနှုန်းသက်သာစွာနဲ့ လုပ်ကိုင်နိုင်အောင်ဆောင်ရွက်ပေးဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်နေတယ်လို့ ဆိုပါတယ်။ ရန်ကုန်မြို့ဝန်းကျင်မှာ စက်မှုဇုန်သစ်တွေ ထပ်မံထွက်ပေါ်ဖို့ ရှိနေတာဟာ အခက်အခဲတွေ ရှိနေပေမယ့် ကြိုးစားပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ရင်တော့ နိုင်ငံတော်အတွက်ရော ပြည်သူတွေအတွက်ပါ ကောင်းမွန်တဲ့အစီအစဉ်ဖြစ်ပါတယ်။

အလုပ်လက်မဲ့ ဦးရေ အတိုင်းအတာတစ်ရပ်အထိ လျှော့ချနိုင်ပြီး လူငယ်တွေအတွက် ပုံမှန်ဝင်ငွေရရှိကာ စီးပွားရေး အခွင့်အလမ်းသစ်တွေပါ ထွက်ပေါ်လာနိုင်တဲ့ ရန်ကုန်မြို့ရဲ့ စက်မှုဇုန် သစ်တွေရဲ့အခြေအနေကို စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။